ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 21 January 2020 ၉၉၀၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့က ကော်မရှင်၏အပြီးသတ်အစီရင်ခံစာပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလိုအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလို ဦးဆောင်သော လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့(ICOE)သည် ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လာရောက်ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ လာရောက်တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလိုအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလို ဦးဆောင်သော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ (ICOE) သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမားနှင့် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

# ယခုဘဏ္ဍာနှစ် လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် ရရှိထား

**ရန်ကုန် ဇန်နဝါရီ ၂၀**

ယခုဘဏ္ဍာနှစ် လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော်ရရှိထားပြီး ယခင်နှစ်ကာလတူ နှိုင်းယှဉ်ပါက သန်း ၂၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✪

ကြေးမုံ ယနေ့ ဖတ်စရာ




## ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကျင်းပ

စာမျက်နှာ » ၁၀

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အချိန်ရှိခိုက် အစွမ်းကုန်ကြိုးပမ်းအားထုတ်

လူ့ဘဝသည် ရခဲ၏။ တန်ဖိုးရှိ၏။ လူ့ဘဝသည်သာ အရာရာကိုဆောင်ရွက်နိုင်၏။ အရာရာကို ဖန်တီးနိုင်၏။ အမှုကိစ္စဟူသမျှတို့ကို ပြုလုပ်နိုင်၏။ အများအကျိုး၊ တိုင်းပြည်အကျိုးဆောင်ရွက်နိုင်၏။ ဘဝကို မြင့်သထက်မြင့်အောင် ကြိုးပမ်းအားထုတ်နိုင်၏။ အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝဖြစ်၏။

တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင် လုံ့လစိုက်မှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်၏။ အဓိကမှာလုပ်ချင်ကိုင်ချင်သော ပြင်းပြသည့်စိတ်ဆန္ဒရှိဖို့သာ လိုရင်းဖြစ်သည်။ စစ်ကြိုခေတ်ကာလက မြန်မာပညာရှိများ၊ စာဆိုအကျော်များက မြန်မာများ နိုးကြားဖို့၊ လုံ့လဝီရိယထကြွမှုရှိဖို့ စာပေများဖြင့် နှိုးဆော်တိုက်တွန်းအသိပေးခဲ့၏။

ထိုခေတ်က နှိုးဆော်စာများအနက် ဆရာကြီးပီမိုးနင်းရေးသောကိုယ့်ဒူးကိုယ်ချွန်စာအုပ်မှ အချိန်၏တန်ဖိုးရှိပုံအရေးအသားသည် လူငယ်လူရွယ်များသာမက လူကြီးများပါ ခွန်အားဖြစ်စေခဲ့သည်။ မိမိတို့အတွက် တိုင်းပြည်အတွက် အထောက်အပံ့ဖြစ်စေခဲ့သည်။ စစ်ကြိုခေတ်က ရေးသားခဲ့သော ဆရာကြီးပီမိုးနင်း၏ အရေးအသားများသည် ယနေ့ထက်တိုင်အသုံးဝင်နေဆဲ ဖြစ်သည်။

ကိုယ့်ဒူးကိုယ်ချွန်စာအုပ်၌ ကျွန်ုပ်တို့မှာ တစ်သက်တာအတွင်းရှိသောအချိန်သည် မများလှပေ။ ဥပမာ အသက် ခြောက်ဆယ်ထိနေသူမှာ နှစ်ပေါင်း ၂၀ က အိပ်ရာ၌ ကုန်လွန်၏။ တိုတောင်းသောသက်တမ်း၌ နှစ်ပေါင်း ၂၀ ကို အိပ်၍ပစ်ကြ၏။ စားသောက်ခြင်းအတွက် သုံးနှစ်ကျော်ကုန်၏။ စားပွဲ၌ စားသောက်ရာတွင် ပွဲရန်အပြောင်းအလဲများ စောင့်ဆိုင်းရသောအချိန်က ကိုးလခန့်ကုန်၏။

အလုပ်အတွက် ၁၇ နှစ်ခွဲမျှ အချိန်ကုန်ရ၏။ အပျော်အပါးအတွက် ခုနစ်နှစ်ခွဲခန့်ကုန်၏။ လမ်းလျှောက်ခြင်း၊ ကစားခြင်းအတွက် ခြောက်နှစ်ခုနစ်လခန့်ကုန်၏။ ဝတ်စားဆင်ယင်ရေးအတွက် နှစ်နှစ်ခွဲ ခန့်ကုန်၏။ တစ်စုံတစ်ရာမျှ မလုပ်ဘဲနေသောအချိန်က နှစ်နှစ်ခွဲခန့်ရှိ၏။ သို့ဖြစ်လေရာ ထိုမျှလောက် နည်းသောအချိန်ကို သေချာစွာစဉ်းစားလျှင် လွန်စွာနှမြောဖို့ကောင်းလေသည်။ မည်သူမဆို နာရီကို ဆောင်သင့်၏။ နာရီစက်သံကြားတိုင်း သွားပြီ၊ သွားပြီ၊ လွန်ပြီ၊ လွန်ပြီဟူသောအကြောင်းကို သတိရကာ နှမြောရမည်။

သွားသောအချိန်တို့သည် ပြန်၍မလာတော့ပေ။ တစ်နေ့ပြီးတစ်နေ့ မိမိကိုယ်တိုင် စစ်ဆေးရမည်။ ငါ မနေ့က အချိန်အဘယ်မျှ ဖြုန်းခဲ့ပါသလဲ။ မနေ့က ဖြုန်းခဲ့သောအချိန်များကို ယနေ့ ငါပြန်ဖြည့်မည်။ တစ်ခုခုရအောင် လုပ်မည်။ ပညာလား၊ ဥစ္စာလား အဘယ်အရာကို ငါရအောင်လုပ်မလဲဟူ၍လည်း သို့လော သို့လောတွေးတောခြင်းပြုရမည်ဟု ဖော်ပြထားသည်။

စစ်ကြိုခေတ်က မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်အောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်နိုင်ရန် နှိုးဆော်ခဲ့သည်။ လွတ်လပ်ရေးအတွက် မြန်မာပြည်သူပြည်သားအားလုံး တက်ညီလက်ညီ စည်းလုံးညီညွတ်စွာဖြင့် အပြင်းအထန်ကြိုးပမ်းကြသည်။ ထိုကာလ၌ အချိန်သည် တန်ဖိုးရှိပုံ၊ အရေးကြီးပုံကို ဆရာကြီးပီမိုးနင်းက ရေးသားခဲ့သည်။ မြန်မာများနိုးကြားကြဖို့ အထူးသဖြင့် လူငယ်များအချိန်နှင့် အမျှကြိုးစားကြဖို့ တိုက်တွန်းခဲ့သည်။

သို့ဖြစ်ရာ ယနေ့အချိန်အခါသည် တိုင်းပြည် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးရေးတို့အတွက် အရေးအကြီးဆုံးကာလဖြစ်၏။ တိုင်းပြည်တိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားရမည့် အချိန်ကာလဖြစ်၏။ မြန်မာပြည်သူပြည်သားများ နိုးနိုးကြားကြား ထထကြွကြွ လုံ့လဝီရိယရှိစွာဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် မလုပ်ကြပါက သူတစ်ပါးအနှိမ်ခံဘဝ၊ သူတစ်ပါးနောက် အောက်ကျရမည့်ဘဝ ရောက်နိုင်၏။ ပီမိုးနင်းနှိုးဆော်စာမှ အချိန်၏တန်ဖိုးရှိပုံကို အလေး အနက်ထား၍ မြန်မာပြည်သူ ပြည်သားများ အချိန်ရှိခိုက်လုံ့လစိုက်ကာ အစွမ်းကုန်ကြိုးပမ်းအားထုတ်ရမည့်အချိန်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၀**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၃/၂၀၂၀) ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြင်ဆင်ရေးပူးပေါင်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲများအပေါ် အခြေပြုရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေမူကြမ်းနှစ်ခုအပေါ်တွင် အတည်ပြုခဲ့ကြသည်။ အဆိုပါ ဥပဒေကြမ်းနှစ်ခုကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမကျင်းပမီ လွှတ်တော်သို့ အချိန်မီတင်သွင်းသွားနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၂,၈၄၂ | ၃၂,၆၈၃,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၈၅၀ | ၁,၇၉၆ | ၆,၉၂၀,၁၅၀ |
| MCB | ၈,၀၀၀ | ၈,၁၀၀ | ၂,၅၃၁ | ၂၀,၄၉၁,၁၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁,၁၀၇ | ၂၅,၄၆၁,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁,၄၆၉ | ၄,၁၈၆,၆၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရန်ကုန်(ရွှေဈေး) ၁၂၁၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၀ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၅၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၆၀ ကျပ် | ၈၉၅/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၅၅ ကျပ် | ၉၆၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၈၄၀/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၇/၇၆၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၆.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၃.၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၃၂၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၁၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၆၂၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၁.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၅၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၇.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၇.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

ပေးအပ်ပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမားနှင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့ တက်ရောက်ကြသည်။

**ခြောက်လတိုးမြှင့်**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၅ ရက် ရက်စွဲပါ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကော်မရှင်၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်အထိ ခြောက်လတိုးမြှင့်ခဲ့သည်။

**အကြံပြုချက်များပေး**

ကော်မရှင်ကို ARSA အဖွဲ့က ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက်ပိုင်း ဖြစ်ပွားလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များနှင့် ယင်းနှင့်ဆက်စပ်သော ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ ကော်မရှင်အနေဖြင့် တာဝန်ရှိမှုကို စုံစမ်းဖော်ထုတ်ရန်နှင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စပ်လျဉ်း၍ အကြံပြုချက်များပေးရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သံအမတ်ကြီး မစ္စရိုဆာရီယို မယ်နာလိုက လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ (ICOE)၏ အပြီးသတ်အစီရင်ခံစာကို ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ၁၅၁ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၁၅၁ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုံဓာတ်အားပေးစက်ရုံအစည်းအဝေးခန်းမ၌ အလုံဓာတ်အားပေးစက်ရုံ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ တင်ဒါခေါ်ယူထားသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကုမ္ပဏီများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အလုံဓာတ်အားပေးစက်ရုံမှူးက ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှုအခြေအနေနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်၍ ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေ၊ Consortium of MCM & Posco ကုမ္ပဏီမှ တာဝန်ရှိသူများက ဧပြီလတွင် စတင်ဓာတ်အားထုတ်နိုင်မည့် ရွှေတောင် ၂၈ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ Consortium of CEEC, CIC and NSRD ကုမ္ပဏီမှ တာဝန်ရှိသူများက မတ်လကုန်တွင် စတင်ဓာတ်အားထုတ်နိုင်မည့် အလုံ ၁၅၁ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ Consortium of CNTIC & VPower ကုမ္ပဏီမှ တာဝန်ရှိသူများက မတ်လ၊ ဧပြီလနှင့် မေလတို့တွင် စတင်ဓာတ်အားထုတ်နိုင်မည့် ကျွန်းချောင်း မဂ္ဂါဝပ် ၂၀၊ ကျောက်ဖြူ မဂ္ဂါဝပ် ၁၅၀၊ သန်လျင် မဂ္ဂါဝပ် ၃၅၀ နှင့် သာကေတ မဂ္ဂါဝပ် ၄၀၀ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်များ စက်စွမ်းအားပြည့် မောင်းနှင်ထုတ်လုပ်နိုင်ရေးအတွက် စက်များကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် အချိန်မီ စစ်ဆေးဆောင်ရွက်သွားကြရန်၊ မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများသည် တိုင်းပြည်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နေသည်ဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းကျွမ်းကျင်မှုကိုအခြေခံ၍ စေတနာထားပြီး မိမိတို့ တာဝန်ယူရသည့် ကျရာတာဝန်ကို ဝိုင်းဝန်းဆောင်ရွက်သွားကြရန်၊ ဓာတ်အားပေးစက်ရုံများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံကြီးများဖြစ်သည့်အတွက် စက်ရုံ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်ပစ္စည်းများ၊ မြို့ပြပိုင်းဆိုင်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်တပ်ဆင်မှုလုပ်ငန်းများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာဖြင့် လာမည့်နွေရာသီအမီပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၁၅၁ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ တင်ဒါခေါ်ယူဆောင်ရွက်ထားသည့် မကွေး၊ ရွှေတောင်၊ ကျွန်းချောင်း၊ အလုံ၊ ကျောက်ဖြူ၊ သန်လျင်နှင့် သာကေတတို့တွင် ဓာတ်အားပေးစက်ရုံစီမံကိန်းအသစ် ခုနစ်ခုမှ စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ မကွေးမြို့ ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင်ဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

သတင်းစဉ်

❂ ယခုဘဏ္ဍာနှစ်မှ

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၇ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၄၇၀ ဒသမ ၈၀၀ ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကာလတူတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၆ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၅၄ ဒသမ ၀၀၂ သန်းသာ ရရှိခဲ့သည်။

ထိုသို့ ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့သည့် လုပ်ငန်းမှာ ပြီးခဲ့သည့်နှစ် ကာလတူထက် လျော့နည်းသော်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏများလာခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် လုပ်ငန်းများ ဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"ယခင်နှစ်ကာလတူထက် များပါတယ်။ အခု ကျွန်တော်တို့ သုံးလအပြီးမှာ ၁ ဒသမ ၅ ဘီလီယံ ရနေပြီ။ ကျွန်တော်တို့ တစ်လကို သန်း ၅၀၀ နှုန်း လောက်ရတယ်လို့ တွက်လို့ရပါတယ်။ ဒီတော့ သန်း ၅၀၀ နှုန်းနဲ့သွားရင် တစ်နှစ်ကို ခြောက်ဘီလီယံလောက်ရှိသွားမှာပါ၊ ကျွန်တော်တို့ ရည်မှန်းချက်က ၅ ဒသမ ၈ ဘီလီယံပါ။ နည်းနည်းကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတာကိုတော့ ဦးစားပေးပါတယ်၊ ကျွန်တော်တို့ MIC ကို တင်ပြလာတိုင်း မပေးပါဘူး"ဟု ဦးသန့်စင်လွင်က ပြောသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ တာထွက်ကောင်းပြီး ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် လုပ်ငန်းများ ဆက်လက်ဝင်ရောက်ရန် အလားအလာရှိကြောင်း ဦးသန့်စင်လွင်က ပြောကြားထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅ ဒသမ ၈ ဘီလီယံ မျှော်မှန်းထားကြောင်း သိရသည်။

ငြိမ်းငြိမ်း

တန်းတူညီမျှ ... အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ... ပြည်ထောင်စုမှာ၊
တန်းတူညီမျှ ... တာဝန်ယူကြ
လုံခြုံခိုင်မာ ... ပြည်ထောင်စုမှာ။

## လက်ခံတွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံအမတ်ကြီး မစ္စ ရိုဆာရီယိုမယ်နာလိုနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

*(သတင်း - ရွှေဖုံး)*





● ကျောဖုံးမှ

ဖက်ဒရေးရှင်းတို့ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

### တွေ့ဆုံဆွေးနွေး

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း ဥက္ကဋ္ဌ Dr.Thomas G. Walsh တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Community and Family Service International (CFSI)နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့တို့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

Community and Family Service International (CFSI) နှင့် တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် CFSI အဖွဲ့အစည်းတို့ ပူးပေါင်း၍ လူမှုဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်းများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို/ကာလရှည် သင်တန်းများကို CFSI အခြေစိုက် ဖိလစ်ပိုင်နိုင်ငံရှိ ဖိလစ်ပိုင်တက္ကသိုလ်အပါအဝင် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ လူမှုဝန်ထမ်းလုပ်ငန်းများကို ကျေးရွာအဆင့်အထိ ရောက်ရှိနိုင်ရေး၊ လူမှုဝန်ထမ်းလုပ်အားပေး စေတနာ့ဝန်ထမ်းများ ပေါ်ထွက်ရေး၊ အဆိုပါ စေတနာ့ဝန်ထမ်းများကို လိုအပ်သောသင်တန်းများနှင့် နည်းပညာအကူအညီများ ပေးအပ်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (Help Age International – HAI)နှင့် တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အို အခွင့်အရေးများနှင့် ကောင်းမွန်သော သက်ကြီးရွယ်အိုဘဝ ရရှိစေရေးအတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို အကောင်အထည်ဖော်ရန် မဟာဗျူဟာရေးဆွဲ၍ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင် HAI အဖွဲ့မှ လိုအပ်သည့် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ပေးအပ်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ လူမှုအားမာန်အဖွဲ့ Inclusive Self–Help Group (ISHG) အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မိသားစုမှ စောင့်ရှောက်မပေးနိုင်သည့် လမ်းပေါ်နေ သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီ၍ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းမှုဆိုင်ရာကိစ္စရပ်များကို ပူးတွဲဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Help Age International – HAI မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

❒ **နေပြည်တော်မှ**

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသော သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ကိုယ်ကာယကြံ့ခိုင်မှုအက သင်တန်းအမှတ်စဉ်(၁/၂၀၂၀) သင်တန်းနည်းပြများက သရုပ်ပြသကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သော သင်တန်းအမှတ်စဉ် (၁/၂၀၂၀)သင်တန်းကို ဇန်နဝါရီ ၂၀ ရက်မှ ၃၁ ရက်အထိ အခြေခံပညာဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၈၈ ဦး၊ အဆင့်မြင့်ပညာဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၅၄ ဦး စုစုပေါင်း ၂၄၂ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အား/ကာ**

★ **AFC Cup မှ**

ယခုနှစ် အာဆီယံဇုန် နောက်ဆုံးအဆင့်ခြေစစ်ပွဲတွင် အသင်းခြောက်သင်း ပါဝင်မည်ဖြစ်ပြီး အနိုင်ရသည့်သုံးသင်းမှာ အုပ်စုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ရန်ကုန်အသင်းနှင့် အင်ဒရာအသင်းသည် ပထမအကျော့အဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ကို ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် မြန်မာကလပ်အသင်းများတွင် AFC Cup ပြိုင်ပွဲ၌ အကြိမ်အများဆုံး ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်းဖြစ်ပြီး ယခုနှစ်တွင် ခြေစစ်ပွဲအောင်မြင်ပါက ခုနစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**ကစားသမား ၁၈ ဦး**

ရန်ကုန်အသင်းသည် အဝေးကွင်းပွဲယှဉ်ပြိုင်ကစားရန် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ထွက်ခွာသွားပြီး ကစားသမား ၁၈ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ခြေစစ်ပွဲပထမအကျော့ ယှဉ်ပြိုင်ကစားမည့် ရန်ကုန်ယူနိုက်တက်အသင်းတွင် ကစားသမားများအဖြစ် **ဂိုး–** ကျော်ဇင်ထက်၊ ဝေလင်းအောင်၊ **နောက်တန်း–** ထိုက်ထိုက်အောင်၊ သိန်းသန်းဝင်း၊ ဇာနည်ထက်၊ ထူးခန့်လွင်၊ မင်းကျော်ခန့်၊ သူရိန်စိုး၊ အဘူဘာကာ၊ **အလယ်တန်း–** ရန်ပိုင်စိုး၊ မောင်မောင်ဝင်း၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်၊ ကောင်းထက်စိုး၊ အောင်ကျော်နိုင်၊ ရှိုရီ၊ **ရှေ့တန်း–** ဘာဖိုနှင့် သန်းပိုင်တို့ ပါဝင်သည်။ AFC Cup ပြိုင်ပွဲအုပ်စုပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် စာမျက်နှာ (၄၅၀) ကျော်ပါရှိ

## လိုအပ်သည့်ရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် အကြံပြုချက်ပါဝင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်**
**၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၁ ရက်)**

၁။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry–ICOE) ၏ အပြီးသတ်အစီရင်ခံစာကို လက်ခံရရှိပြီးဖြစ်သည်။ နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၆–၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်နှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ရခိုင်ပြည်နယ်၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် ယင်းကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။

၂။ နိုင်ငံတော်သမ္မတက ယင်းကော်မရှင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့နှင့် ကူညီပံ့ပိုးပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိသည်။ အဆိုပါကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို (ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်)၊ အဖွဲ့ဝင်များအဖြစ် သံအမတ်ကြီး ကင်ဇိုအိုရှီးမား (ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူးဟောင်းနှင့် ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း)၊ ဦးမြသိန်း (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဥက္ကဋ္ဌဟောင်း) နှင့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

၃။ အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာသည် ကျယ်ပြန့်ပြည့်စုံမှုရှိပြီး နောက်ဆက်တွဲ (၃၁)ခု အပါအဝင် စုစုပေါင်းစာမျက်နှာ (၄၅၀) ကျော်ပါရှိသည်။ ကော်မရှင်သည် ထိုဖြစ်စဉ်ကာလများအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ သက်သေများ၏ထွက်ဆိုချက် စုစုပေါင်း (၁၅၀၀)ခန့်တို့အား သေချာစွာစုဆောင်းခဲ့ပြီး ယင်းထွက်ဆိုချက်များအပေါ် အခြေခံ၍ အစီရင်ခံစာတွင် လေ့လာသုံးသပ်ချက်များဖြင့် ပြုစုတင်ပြထားသည်။ နိုင်ငံတော်သမ္မတက ကော်မရှင်သို့ လာရောက်ထွက်ဆိုပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသူများကို ကျေးဇူးတင်ရှိသည်။

၄။ တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ARSA အဖွဲ့ဝင်များနှင့် ၎င်းတို့၏ အလိုတူပူးပေါင်းပါဝင်ခဲ့သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများက စစ်ရာဇဝတ်မှုများ ကျူးလွန်မှုများရှိခဲ့သည်ဟု ကော်မရှင်မှတွေ့ရှိခဲ့သည်။ အရပ်သားများအား သတ်ဖြတ်ခြင်း၊ အင်အားမမျှမတသုံးစွဲခြင်း၊ လုယက်မှုကျူးလွန်ခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် မူဆလင်များ၏ စွန့်ခွာသွားသော နေအိမ်များကို ဖျက်ဆီးခြင်းစသည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ကော်မရှင်သည် ကျေးရွာများ၊ အထူးသဖြင့် မင်းကြီးရွာ (တူလာတိုလီ)၊ ချွတ်ပြင်ရွာနှင့် မောင်နုရွာတို့တွင် အသက်ဆုံးရှုံးမှုများပြားခဲ့ကြောင်း စုံစမ်းတွေ့ရှိခဲ့သည်။ လူမျိုးပြုန်းတီးစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ကျူးလွန်ခဲ့သည်ဟု ကောက်ချက်ချနိုင်သော လုပ်ဆောင်ချက်မျိုးဖြစ်ပွားခဲ့ခြင်း အလျဉ်းမရှိခဲ့ကြောင်း ကော်မရှင်၏တွေ့ရှိချက်များက ဖော်ပြခဲ့သည်။

၅။ ကော်မရှင်၏အကြံပြုချက် (၂၂) ချက်အနက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့အနေဖြင့် လိုအပ်သည့် ရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် အကြံပြုချက်ပါဝင်သည်။

၆။ နိုင်ငံတော်သမ္မတက ကော်မရှင်၏ အကြံပြုချက်အတိုင်း ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားစေရန်နှင့် အထောက်အထားများခိုင်လုံပါက တရားစွဲဆိုမှုများ ပြုလုပ်သွားစေရန် သဘောတူသည်။ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများအတွင်း ပေါ်ပေါက်ခဲ့သောပစ္စည်းဥစ္စာ ဖျက်ဆီးခံရမှုများ (သို့မဟုတ်) လုယက်မှုများ (သို့မဟုတ်) အရပ်သားများက ကျူးလွန်ခဲ့သည့်အခြားရာဇဝတ်မှုကြီးများအား ဆက်လက်စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ ပြုလုပ်သွားစေရန်အတွက် နိုင်ငံတော်သမ္မတက ကော်မရှင်၏ အစီရင်ခံစာအပြည့်အစုံကို နောက်ဆက်တွဲများနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်သမ္မတက ARSA အဖွဲ့ဝင်များ (သို့မဟုတ်) အလိုတူပူးပေါင်းပါဝင်ခဲ့သူများက ကျူးလွန်ခဲ့သည့်ကြီးလေးသောရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ မည်သို့ပြုလုပ်သွားသင့်သည်ကို စစ်ဥပဒေချုပ်နှင့်လိုအပ်သကဲ့သို့ တိုင်ပင်ဆောင်ရွက်သွားရန်လည်း ပြည်ထောင်စုရှေ့နေချုပ်အား အကြောင်းကြားထားသည်။

၇။ တပ်မတော်သားများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် ရာဇဝတ်မှုများ၊ အထူးသဖြင့် မင်းကြီးနှင့်ချွတ်ပြင်ကျေးရွာများတွင် သတ်ဖြတ်မှုများနှင့် စွန့်ခွာခဲ့သည့် မူဆလင်ကျေးရွာများရှိ နေအိမ်မီးလောင်မှုများကို တားဆီးရန် ပျက်ကွက်ခဲ့ခြင်းတို့အပေါ် တပ်မတော်စစ်ဥပဒေချုပ်ရုံးအနေဖြင့် လက်ရှိဆောင်ရွက်ဆဲဖြစ်သော စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲမှုများကို တိုးချဲ့ဆောင်ရွက်နိုင်စေရန်အလို့ငှာ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကော်မရှင်၏အစီရင်ခံစာ အပြည့်အစုံနှင့် နောက်ဆက်တွဲများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်း ပေးပို့ခဲ့ပြီး ဖြစ်သည်။

၈။ နိုင်ငံတော်သမ္မတအနေဖြင့် ထိခိုက်ခံစားခဲ့ရသူများအားလုံးအတွက် စာနာဝမ်းနည်းကြောင်း ဖော်ပြခဲ့ပြီး တာဝန်ခံမှုနှင့် တရားမျှတမှုရှိစေရေးအတွက်လည်းကောင်း၊ အဆင့်မီလုံခြုံရေးတပ်ဖွဲ့များဖြစ်လာစေရေးအတွက်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားအပ်သည်။

၉။ နိုင်ငံတော်သမ္မတက ကော်မရှင်၏ အစီရင်ခံစာအနှစ်ချုပ်ဖော်ပြချက်ကို ထုတ်ပြန်သွားရန်လည်း ညွှန်ကြားခဲ့သည်။

***

## ရွှေသောင်ယံမြို့နယ် မီးလင်းချိုင်ဒေသလျှပ်စစ်ဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော်ရေး လက်မှတ်ရေးထိုးပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ်ရှိ မီးလင်းချိုင်ဒေသတွင် တည်ဆောက်မည့် LNG သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး အရှိန်အဟုန်မြှင့်တင်ရန် Letter of Intent for the Acceleration of Mee Lin Gyaing Integrated LNG to Power Project နားလည်မှုစာချွန်လွှာအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများကြား လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပခဲ့သည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် စီမံကိန်းဝင် နိုင်ငံတကာကုမ္ပဏီများဖြစ်ကြသည့် Yunnan Provincial Energy Investment Group Co., Ltd မှ ဥက္ကဋ္ဌ Mr. Xie Yihua၊ Union Resources and Engineering Co., Ltd မှ အမှုဆောင်အရာရှိချုပ် Mr. Feng Ke ၊ Zhefu Holding Group Co., Ltd မှ Chief Risk Control Officer Mr. Li Jie နှင့် မြန်မာတိုင်းရင်းသားပိုင် Supreme Trading Co., Ltd မှ အမှုဆောင်အရာရှိချုပ် ဦးဇော်နိုင်သိန်းတို့က မီးလင်းချိုင်ဒေသတွင် တည်ဆောက်မည့် LNG သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး အရှိန်အဟုန်မြှင့်တင်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

မီးလင်းချိုင် LNG သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အမေရိကန်ဒေါ်လာ၂ ဒသမ ၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည့် အကြီးဆုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်၍ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၃၉၀ ကို ၂၀၂၃ ခုနှစ်မှ စတင်ကာ ထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို ရာနှုန်းပြည့်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးကို အမျိုးသားဓာတ်အားစနစ်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

အဆိုပါစီမံကိန်းတွင် LNG သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ LNG သဘာဝဓာတ်ငွေ့ရည်တင်ချဆိပ်ကမ်း၊ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း အရှည်မိုင် ၈၀ ကျော်နှင့် ၅၀၀ ကေဗွီမဟာဓာတ်အားလိုင်း အရှည်မိုင် ၁၃၀ ကျော်ကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးအောင်**

## မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် Open Mind အစီအစဉ် မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် ရည်ရွယ်ပြုလုပ်မည့် တယ်လီနော၏ Open Mind အစီအစဉ်အကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ တယ်လီနောမြန်မာရုံးချုပ်၌ ပြုလုပ်သည်။

**Open Mind အစီအစဉ်**

မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်လေ့ကျင့်ရေးအစီအစဉ်တစ်ခုဖြစ်သော တယ်လီနော၏ Open Mind အစီအစဉ်သည် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၊ အကြားအာရုံ သို့မဟုတ် အမြင်အာရုံချို့ယွင်းသူများအပြင် စိတ်ကျန်းမာရေးဆိုင်ရာ ရင်ဆိုင်နေရသူများ ပါဝင်နိုင်ရန် လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

တယ်လီနော၏ မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် မသန်စွမ်းသူများ လုပ်ငန်းခွင်လေ့ကျင့်ရေးအစီအစဉ်အတွက် ကိုမျိုးမင်းထက်၊ မနုထွေးဝင်း၊ မဝေဝေအောင်တို့ သုံးဦးအား ရွေးချယ်ထားပြီး ဘဏ္ဍာရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနနှင့် ကော်ပရိတ်ရေးရာဌာနတို့တွင် တစ်နှစ်တာအတွင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ တစ်နှစ်တာအစီအစဉ်အတွင်း နှစ်လတာကာလမှာ လေ့ကျင့်ရေးအစီအစဉ်များဖြစ်ပြီး ဆယ်လတာကာလမှာ လုပ်ငန်းခွင်လေ့လာရေးအစီအစဉ်ဖြစ်သည်။

**ထုတ်ပြခွင့်ရရှိတော့မှာဖြစ်**

"အခု အစီအစဉ်ကနေ ကျွန်တော်တို့ မသန်စွမ်းသုံးယောက်ကို ခန့်အပ်ပေးတဲ့အတွက်ကြောင့် လုပ်ငန်းခွင်မှာ ကျွန်တော်တို့ရဲ့အတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ အရည်အချင်းတွေကို ထုတ်ပြခွင့်ရရှိတော့မှာပဲ ဖြစ်ပါတယ်" ဟု Open Mind အစီအစဉ်အတွက် ရွေးချယ်ခြင်းခံထားရသူ ကိုမျိုးမင်းထက်က ပြောသည်။

မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် စီစဉ်ရေးဆွဲထားသော တယ်လီနော၏ Open Mind အစီအစဉ်သည် ၁၉၉၆ ခုနှစ်တွင် နော်ဝေမှ စတင်ခဲ့ကာ ဆွီဒင်နှင့် ပါကစ္စတန်နိုင်ငံများတွင် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်(ယခုနှစ်)တွင် မြန်မာနိုင်ငံ၌ စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ တယ်လီနောမြန်မာသည် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့နှင့်ပူးပေါင်းကာ Open Mind အစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုထက်**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး**
**ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ**

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးခင်မောင်ကြည်တို့ပါဝင်သည့် အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက်၉ နာရီခွဲက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း (Universal Peace Federation-UPF) ဥက္ကဋ္ဌ Dr. Thomas G.Walsh နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဖက်ဒရေးရှင်း (Universal Peace Federation-UPF) တို့ ပူးတွဲ၍ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် တတိယအကြိမ် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး-မန်းရွှေစက်တော် ယာဉ်လိုင်းအား ဇန်နဝါရီ ၂၉ ရက်တွင် စတင်ပြေးဆွဲမည်

**မင်းဘူး ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ၂၀၂၀ ပြည့်နှစ် မန်းရွှေစက်တော် ဘုရားပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ရာ မန်းရွှေစက်တော် ဘုရားပွဲကာလ မင်းဘူး-မန်းရွှေစက်တော် မော်တော်ယာဉ်လိုင်းကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းပေါင်းစုံများ ကြီးကြပ်ရေးကော်မတီ(မင်းဘူး)တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ယာဉ်အစီး ၅၀ အသုံးပြု**

"မင်းဘူး-မန်းရွှေစက်တော်ခရီးစဉ်နဲ့ မန်းရွှေစက်တော် တောင်ပေါ်၊ တောင်အောက် ယာဉ်လိုင်းများကို မော်တော်ယာဉ်အစီး ၅၀ အသုံးပြုပြီး နေ့စဉ်အလှည့်ကျ ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ ပွဲတော်ကာလအတွင်း ယာဉ်စီးခ အနေနဲ့ မင်းဘူး- မန်းရွှေစက်တော် ခရီးစဉ်ကို ခရီးသည်တစ်ဦးဆိုရင် ယာဉ်စီးခ ငွေကျပ် ၂၅၀၀ သတ်မှတ်ထားပြီး တောင်ပေါ်၊ တောင်အောက် ခရီးစဉ်အတွက် တစ်ဦးဆိုလျှင် ငွေကျပ် ၅၀၀ ကျသင့်မှာ ဖြစ်ပါတယ်" ဟု ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းပေါင်းစုံများ ကြီးကြပ်ရေးကော်မတီ (မင်းဘူး) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

အဆိုပါ ဘုရားပွဲတော်သည် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုးဝင်း(မင်းဘူး)**

# ရုပ်ရှင်နမူနာ တည်းဖြတ်မှုဆိုင်ရာ ဟောပြောပို့ချ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲနှင့် ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်းတို့ပူးပေါင်း၍ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် အစီအစဉ်တစ်ရပ်အဖြစ် ရုပ်ရှင်နမူနာတည်းဖြတ်မှုဆိုင်ရာ ဟောပြောပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အဆိုပါ အစီအစဉ်တွင် ဩစတြေးလျနိုင်ငံမှ Post-production ကြီးကြပ်သူ၊ ရုပ်ရှင်တည်းဖြတ်နည်းပြ Ms. Fiona Strain က ဟောပြောပို့ချပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် ရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်ညွှန်းတည်းဖြတ်ခြင်းလုပ်ငန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

Ms. Fiona Strain သည် နိုင်ငံရေး၊ ဖြစ်ရပ်မှန်မှုခင်းများ၊ အနုပညာ၊ ကလေးရုပ်မြင်သံကြား၊ ဟာသဇာတ်လမ်းများ အစရှိသည့် ဇာတ်လမ်းတို၊ ရုပ်မြင်သံကြားဇာတ်လမ်းနှင့် မှတ်တမ်းရုပ်ရှင်များကို တည်းဖြတ်သည့် အယ်ဒီတာတစ်ဦးဖြစ်သည်။ သူတည်းဖြတ်ခဲ့သည့် ရုပ်ရှင်များသည် ဩစတြေးလျနိုင်ငံ၏ နာမည်ကျော်ကြားသော Australian Film Institute Awards မှ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတွဲဆုနှင့် ATOM Awards မှ အကောင်းဆုံး ကလေးရုပ်မြင်သံကြား ဇာတ်လမ်းတွဲဆု အပါအဝင် ဩစတြေးလျနိုင်ငံ၏ အခြားရုပ်ရှင်ဆုများစွာ ချီးမြှင့်ခြင်းခံခဲ့ရပြီး ရုပ်ရှင်ပွဲတော်များတွင်လည်း ပြသခဲ့သည်။

Ms.Fiona Strain သည် ရုပ်ရှင်တည်းဖြတ်ခြင်းပညာကို Australian Film Television and Radio School တွင် ခြောက်နှစ်သင်ကြားခဲ့ပြီး လက်ရှိတွင် Australian Screen Editor's Guild (ASE) ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ **ရီရီမြင့်**

# ၂၀၁၉ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းကျော် ဝင်ရောက်

**မုံရွာ ဇန်နဝါရီ ၂၀**

၂၀၁၉ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြည်တွင်းခရီးသွားဧည့်သည် ၁၉၃၇၄၅ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၂၈၆၇၂ ဦး စုစုပေါင်း ခရီးသွားဧည့်သည် ၂၂၂၄၁၇ ဦး ဝင်ရောက်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးအတွင်း လူထုအခြေပြုခရီးသွားလုပ်ငန်းအနေနဲ့ ဇလုံတောင်ဒေသ၊ နွယ်ငြိမ်းဒေသနဲ့ အင်ဒေါင်းဒေသတို့မှာ ဖော်ဆောင်လျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။




**ဝင်ရောက်ခဲ့**

၂၀၁၉ ခုနှစ်အတွင်း လူထုအခြေပြုခရီးသွားလုပ်ငန်းဖြစ်သည့် ဇလုံတောင်ဒေသကို ပြည်တွင်းခရီးသွားဧည့်သည် ၈၅၂ ဦး၊ နွယ်ငြိမ်းဒေသကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၇၂၇ ဦးနှင့် အင်ဒေါင်းဒေသတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၂၄၉ ဦး ဝင်ရောက်ခဲ့ပြီး မင်းကွန်းဒေသသို့ပြည်ပခရီးသွားဧည့်သည် ၁၆၁၀၃၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၁၃၂၈၉၃ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၆၂၂၅၇ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၁၉၆၉၂၉ ဦး ဝင်ရောက်ခဲ့ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောကြားသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ တိုးတက်လာသည်နှင့်အမျှ တည်းခိုနေထိုင်ရေး အဆင်ပြေစေရန်အတွက်၂၀၁၉ ခုနှစ်တွင် ဟိုတယ်၊ တည်းခိုရိပ်သာ ၅၁ လုံးနှင့် အခန်းပေါင်း ၁၇၇၇ ခန်းကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအတွက် သင်တန်းသား သင်တန်းသူ ၅၉၇ ဦးနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အတွက် သင်တန်းသား သင်တန်းသူ ၂၃၂ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မွေးကြူဇင်၊ ဓာတ်ပုံ - ကိုရဲ**



# ကယားပြည်နယ် လွိုင်ကော်မြို့တွင် စတုတ္ထအကြိမ် မြန်မာ- ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် စတုတ္ထအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်အတွင်း၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဒုတိယ ဝန်ကြီး ဦးတင်လတ်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့မာရုယာမနှင့် ဂျပန်-မြန်မာချစ်ကြည်ရေး အသင်းမှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



**စိုက်ပျိုးခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဂျပန်တော်ဝင်နန်းတော်မှ ကမ္ဘာအနှံ့ ချယ်ရီပင်စိုက်ပျိုးရေးစီမံကိန်းအနေဖြင့် အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများတွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ၂၀၁၇ ခုနှစ်မှစတင်ပြီး စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်ထိ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ပထမအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်အဖြစ် နေပြည်တော် ဇဝနလမ်းတွင် ချယ်ရီပင် ၁၀၀ ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ချယ်ရီပင် ၂၀၀ ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၊ Royal Myanmar Golf Club၊ ဇဝနလမ်းတစ်လျှောက်နှင့် ချင်းပြည်နယ်၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ကလောနှင့် အင်းလေးဒေသများတွင် ချယ်ရီပင် ၂၂၅၀ ကိုလည်းကောင်း၊ တတိယအကြိမ်အဖြစ် ချယ်ရီပင်နှင့် မေပယ်လ်ပင် ၃၉၀၀ ကို ရန်ကုန်မြို့၊ ချင်းပြည်နယ်၊ မိုးကုတ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးခဲ့ပါကြောင်း။

**မြန်မာ-ဂျပန်ချစ်ကြည်ရေးသင်္ကေတ**

ယခုနှစ် စတုတ္ထအကြိမ်မြောက် ချယ်ရီပင်စိုက်ပျိုးပွဲတော်အဖြစ် လွိုင်ကော်မြို့တွင် ချယ်ရီပင် ၂၀၀ နှင့် နေပြည်တော် ပြည်သူ့လွှတ်တော်ဝင်းတွင် အပင်ရေ ၁၁၄ ပင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အခြားခရီးစဉ်ဒေသများဖြစ်သည့် မွေတော်ကက္ကူတွင် ချယ်ရီပင် ၂၀၀၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့တွင် ချယ်ရီပင် ၄၀၀၊ ဟားခါးမြို့ View Point တွင် ချယ်ရီပင် ၁၀၀၊ ပင်းတယမြို့နယ်တွင် ချယ်ရီပင် ၃၅ ပင်၊ မိုးကုတ်မြို့နယ်တွင် ချယ်ရီပင် ၁၀၀ နှင့် ကရင်ပြည်နယ်တွင် ချယ်ရီပင် ၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ မြန်မာ-ဂျပန်ချစ်ကြည်ရေးသင်္ကေတ ချယ်ရီပင်များကို နိုင်ငံတစ်ဝန်း မြင်တွေ့ရမည်ဖြစ်ပါကြောင်း။

ချယ်ရီပင်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးသွားခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ၏ ဂျပန်လူမျိုးများအပေါ်ထားရှိသည့် ချစ်ခင်ရင်းနှီးမှုကို ဖော်ပြရာရောက်သည့်အပြင် ယဉ်ကျေးမှုချင်းနီးစပ်သည့် မြန်မာနိုင်ငံကိုလည်း ဂျပန်လူမျိုးများ ပိုမိုလာရောက်လည်ပတ်လိုမှုများ ဖြစ်ပေါ်လာစေမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံမှ ဧည့်သည်များအနေဖြင့်လည်း ကယားပြည်နယ်၏ သဘာဝအလှအပများကို လာရောက်ကြည့်ရှုခံစားရန်နှင့် ကယားပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ယဉ်ကျေးမှုများကို လာရောက်လေ့လာကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့မာရုယာမက ဂုဏ်ပြုစကားပြောကြားပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများ၌ ချယ်ရီပင်များ စိုက်ပျိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကယားပြည်နယ် ရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး Information Counter တွင် QR Code ထားရှိခြင်း၊ ဂျပန်ဘာသာစကားသင်တန်း ဖွင့်လှစ်ထားရှိခြင်းနှင့် ရုံးအဆောက်အဦအသစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ဒေါတမကြီး ကျေးရွာရှိ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်အတွင်း၌ ကျင်းပသည့် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် စတုတ္ထအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်အား ဂုဏ်ပြုကြိုဆိုခြင်း ညစာစားပွဲအခမ်းအနားသို့တက်ရောက်သည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး(စွမ်းအင်) ဒေါက်တာထွန်းနိုင် ပြည်ရေနံမြေနှင့် အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး(စွမ်းအင်) ဒေါက်တာထွန်းနိုင်သည် ဇန်နဝါရီ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြည်ရေနံမြေနှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**အထွက်နှုန်းတိုးတက်စေရေး**

ပြည်ရေနံမြေသည် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း တည်ရှိပြီး ၁၉၆၅ ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ စတင်ထုတ်လုပ်ခဲ့ရာ ၁၉၉၄ ခုနှစ်တွင် တစ်နေ့လျှင် ရေနံစိမ်း ၂၅၆၃ စည်နှင့် ၁၉၉၈ ခုနှစ်တွင် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၂၅ ဒသမ ၆၁၈ ကုဗပေသန်းအထိ အများဆုံး ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထုတ်လုပ်မှုသက်တမ်း ကြာမြင့်ပြီဖြစ်သောကြောင့် ယခုအခါ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းပေါင်း ၁၅ တွင်းမှ တစ်နေ့လျှင် ရေနံစိမ်းစည် ၁၁၂ စည်နှင့် သဘာဝဓာတ်ငွေ့ သုည ဒသမ ၀၇၈၃ ကုဗပေသန်း ထုတ်လုပ်ပေးလျက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်နှုန်းတိုးတက်စေရေးအတွက် လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်၍ ကြိုးစားရှာဖွေဖော်ထုတ်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်ရေနံမြေတွင် National 55/6 တွင်းတူးစက်ဖြင့် တွင်းသစ်တူးဖော် ဆောင်ရွက်နေမှုအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး တွင်းတူးလုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းလက်အောက်ရှိ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ရုံရှိ စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားကြရန်၊ အနာဂတ်တွင် စီးပွားရေးတွက်ခြေကိုက်သည့် ဓာတ်မြေဩဇာစက်ရုံအဖြစ် ပြောင်းလဲတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲနေသောနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူထားရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံဗဟိုထိန်းချုပ်ရေးစက်ခန်းနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပြည်တွင်းသုံးစွဲမှုတိုးမြင့်လာ**

အဆိုပါ အမှတ် (၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)သည် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျော်စွာကျေးရွာအနီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ၁၉၈၄-၁၉၈၅ ခုနှစ်မှစ၍ ဓာတ်မြေဩဇာများ လည်ပတ်ထုတ်လုပ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ရရှိမှု ကန့်သတ်ချက်အရ ရပ်ဆိုင်းထားခဲ့ရသည်။ ယခုအခါ ပြည်တွင်းသုံးစွဲမှုတိုးမြင့်လာသော ဓာတ်မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရွှေကမ်းလွန်စီမံကိန်းမှ သဘာဝဓာတ်ငွေ့ကိုရယူကာ လက်ရှိစက်ရုံကို ပြန်လည်ပြုပြင်မွမ်းမံ၍ လည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိမဟာဝိဇယစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၊ အခြားအသင်းအဖွဲ့များ အပါအဝင် အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စေတီတော်ကြီးအား ပန်း၊ ဆီမီး၊ သစ်သီး၊ ထမနဲဆွမ်းများဖြင့် ကပ်လှူပူဇော်မည်ဖြစ်ပြီး ပွဲတော်ရက်တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို သုံးညတိုင်တိုင် ည ၇ နာရီမှစ၍ ဓမ္မရက္ခိတဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်ပေးမည်ဖြစ်သည်။

တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၉ ရက်) နံနက် ၇ နာရီတွင် မဟာဝိဇယစေတီတော်ရင်ပြင်၌ မြတ်စွာဘုရားအမှူးထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တရားဟောတိပိဋကဆရာတော်ကြီးများနှင့် ဒဂုံ၊ ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများအပါအဝင် သံဃာတော် ၄၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ကြေးမုံ

# ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ / သာမန်) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲက ဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်း (အခြေခံ/သာမန်) သင်တန်းဆင်းပွဲကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်တက္ကသိုလ် သိပ္ပံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)တို့က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ကြသည်။

ယင်းနောက် သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၉ ဦး၊ ရှေးဦးပြုစုခြင်း(သာမန်) သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန့်ဇော်

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းငါးခုကို မေးမြန်းရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။



**အိမ်ခြေ ၅၀ ကျော်ခန့် နေရာမဲ့ဖြစ်နေ**

ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်က ထန်းတပင်မြို့နယ် သဘော့ချောင်းကျေးရွာအုပ်စု ရေသောင်တောကျေးရွာသည် ဘောလည်ကျွန်းလှိုင်မြစ်ကမ်းဘေးမှ ရွာဖြစ်ပြီး ရေတိုက်စားကမ်းပြိုမှုကြောင့် အိမ်ခြေ ၅၀ ကျော်ခန့် နေရာမဲ့ဖြစ်နေပါသောကြောင့် ရေသောင်တောကျေးရွာနှင့် ဆက်စပ်လျက်ရှိသော မြေလွတ်မြေရိုင်း ၈၃ ဧကသို့ ဥပဒေနှင့်အညီ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ရေသောင်တောကျေးရွာနှင့် ဆက်စပ်လျက်ရှိသော မြေ ၈၃ ဧကသည် ထန်းတပင်မြို့နယ် သဘော့ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၁၆)၊ ရေသောင်တောကွင်းအတွင်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၃ ခုနှစ် ဩဂုတ် ၂၈ ရက် ရက်စွဲပါ စာအမှတ်ဖြင့် ငါးကန်မြေအဖြစ် အသုံးပြုရန် လုပ်ငန်းရှင်တစ်ဦးအမည်ဖြင့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လန-၃၉ ခွင့်ပြုမိန့်ရရှိထားသော မြေဖြစ်၍ မြေလွတ်မြေရိုင်း မဟုတ်ကြောင်း၊ အဆိုပါမြေသည် ယခင်က စားကျက်မြေအမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၀၂ ခုနှစ် ဩဂုတ် ၁၉ ရက် ရက်စွဲပါ စာအမှတ်ဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ထားသော မြေဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ရေတိုက်စားကမ်းပါးပြိုမှုကြောင့် နေရာမဲ့ဖြစ်နေသော အိမ်ခြေ ၅၀ ကျော်ကို ယင်းမြေနေရာအတွင်း ဥပဒေနှင့်အညီ ပြောင်းရွှေ့ပေးရန် မဖြစ်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် ရွှေဟင်္သာလမ်းမကြီးနှင့် ယောဂီကျောင်းလမ်းရှိ လှိုင်တက္ကသိုလ်နယ်မြေနှင့် ပိုင်းခြားထားသည့် အုတ်တံတိုင်းပြင်ပရှိ ရွှေဟင်္သာဈေး အပါအဝင် မြေဧရိယာ ခြောက်ဧကရှိ မြေပေါ်တွင် နေထိုင်ကြသော အိမ်ခြေ ၁၅၉ အိမ်အား အနေကြာဂရန်များ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယခုတင်ပြသည့် မြေနေရာသည် လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် ရွှေဟင်္သာလမ်းမကြီးနှင့် ယောဂီကျောင်းလမ်းရှိ လှိုင်တက္ကသိုလ်နယ်မြေ ပြင်ပတွင်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနအောက်တွင်ရှိသော မြို့မြေစာရင်းနှင့် မြို့ကွက်ပြမြေပုံတို့တွင် မြေတိုင်းရပ်ကွက် ၂၉၊ မြေကွက်အမှတ် ၁၈၊ ဧရိယာအားဖြင့် ၄ ဒသမ ၂၁၀ ဧကနှင့် မြေတိုင်းရပ်ကွက် ၃၀၊ မြေကွက်အမှတ် ၁၂၊ ဧရိယာအားဖြင့် ၉ ဒသမ ၈၀၉ ဧက၊ မြေအမျိုးအစား အစိုးရမြေ၊ မြေအမည်ပေါက် အဆင့်မြင့်ပညာဦးစီးဌာန၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်လျက်ရှိကြောင်း၊ ယင်းဧရိယာတွင် ရွှေဟင်္သာဈေး၊ ရွှေဟင်္သာဘောလုံးကွင်းနှင့် လူနေအိမ်ခြေ ၁၅၀ ခန့် တည်ရှိပြီး ယင်းတည်ရှိမှုနှင့် ပတ်သက်၍ ရွှေဟင်္သာဈေးနှင့် ရွှေဟင်္သာဘောလုံးကွင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာနသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြေလွှဲပြောင်းပေးရေးညှိနှိုင်းခဲ့ရာ အဆင့်မြင့်ပညာဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၅ ရက် ရက်စွဲပါ စာအမှတ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ပြန်ကြားပြီးဖြစ်သည့်အတွက် လွှဲပြောင်းရရှိရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဟင်္သာဈေးနှင့် ဘောလုံးကွင်းတို့၏ စုစုပေါင်းဧရိယာ ၂ ဒသမ ၅ ဧကခန့်ကို အမည်ပေါက်ခွဲထုတ်မှတ်သားဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း ကျန်မြေဧရိယာ ၁၁ ဒသမ ၅၁၉ ဧကမြေအမျိုးအစားသည် အစိုးရမြေ၊ မြေအမည်ပေါက်သည် အဆင့်မြင့်ပညာဦးစီးဌာနအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းမြေပေါ်တွင် နေထိုင်ကြသော အိမ်ခြေ ၁၅၉ အိမ်နှင့်ပတ်သက်သော မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို လတ်တလောတွင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်သေးကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် ဘူတာရုံလမ်း ဗေဒါစု(၁) လမ်းနှင့် ဗေဒါစု(၂)လမ်းတို့မှ မြေကွက်(၃၁)ကွက်အား ဂရန်မြေရရှိရေးကို အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယခုတင်ပြသည့် မြေနေရာသည် မြို့မြေစာရင်းနှင့် မြို့ကွက်ပြမြေပုံတို့တွင် လှိုင်မြို့နယ် မြေကွက်အမှတ် ၁၃၊ ဧရိယာ ၂ ဒသမ ၀၄ ဧက၊ မြေအမျိုးအစား သာသနာ့မြေဖြစ်ကြောင်း၊ မြေပြင်တည်ရှိမှုအခြေအနေအရ ယင်းသာသနာ့မြေအတွင်း၌ ဗေဒါစု(၁)လမ်း၊ ဗေဒါစု(၂) လမ်းနှင့် လူနေအိမ် ၃၁ အိမ် တည်ရှိနေကြောင်း၊ သို့ဖြစ်ပါ၍ ယင်းမြေကွက် ၃၁ ကွက်သည် သာသနာ့မြေအတွင်း၌ တည်ရှိနေသည့်အတွက် ဂရန်ရရှိရေးကို လက်ရှိအခြေအနေအရ ဆောင်ရွက်မပေးနိုင်သေးကြောင်း ပြန်လည်ဖြေကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၏ လှိုင်မြို့နယ် အမှတ်(၄၂) သီရိလမ်း အမှတ်(၂) ရပ်ကွက်တွင်ရှိသော ဒေသန္တရဆေးခန်း၏ အမည်ပေါက်ဂရန် ရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းမှုအား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လည်းကောင်း၊ သန်လျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၏ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ထန်းပင်ဆိပ်(၇)နယ်မြေကွင်းအမှတ် ၆၅၂ အမည်အလယ်ရွာဦးပိုင် အမှတ် ၄၄/၁ ဧရိယာ (၄၅ ဒသမ ၁) ဧကရှိသော မြေဧရိယာအား ကျေးရွာအမည်ပေါက်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပုံလုပ်ငန်းအဆင့်ဆင့်အား သိရှိလိုကြောင်း မေးမြန်းမှုအား ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါတိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
| --- | --- | --- | --- | --- | --- |
| ၁။ | မင်းရာဇာ | စွယ်စုံဆေး | ဆေးမှုန့်/ ထုပ် | မင်းရာဇာတိုင်းရင်းဆေး ထုတ်လုပ်ရေး | Paracetamol |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ | | | | | |



Paracetamolရောနှောသည့် ဆေးထုပ်နမူနာ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊(၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရတနာပုံဈေးမီးလောင်မှု ကျပ်သိန်းပေါင်း တစ်သောင်းကျော် ဆုံးရှုံး မီးလောင်ရသည့်အကြောင်းအရင်းအား ကော်မတီဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမည်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးမြို့ ၇၈ လမ်း ၃၄ လမ်းထောင့်ရှိ ရတနာပုံဈေး (Sky Walk) မီးလောင်မှုမှ ငွေကျပ်သိန်းပေါင်း တစ်သောင်းကျော်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရတနာပုံဈေးမီးလောင်ရသည့် အကြောင်းအရင်း စိစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ရတနာပုံဈေး Sky Walk ပထမထပ်ရှိ ဆိုင်ခန်းပေါင်း ၁၅၅ ခန်းအနက် ၁၂၅ ခန်း မီးလောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် အဆောက်အဦ တန်ဖိုးငွေကျပ် ၃၃၇၅ ဒသမ ၈၀ သိန်းနှင့် အတွင်းပစ္စည်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၆၆၃၄ ဒသမ ၆၀ သိန်း စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၁၀၀၁၀ ဒသမ ၄၀ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနထုတ်ပြန်ချက်အရ သိရသည်။

"ရတနာပုံဈေးမီးလောင်မှုအခြေအနေကို စုံစမ်းဖော်ထုတ်ဖို့ လုပ်ငန်းကော်မတီကို ဒီနေ့မှာ ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မတီထဲမှာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်မှာဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနဲ့ ရတနာပုံဈေးမြေညီထပ်က ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ စတဲ့ ပုဂ္ဂိုလ်တွေအားလုံးပါဝင်တဲ့ ကော်မတီဖွဲ့စည်းထားပါတယ်" ဟု ရတနာပုံဈေးမီးလောင်ရသည့်အကြောင်းအရင်း စိစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးခင်အောင်က ပြောသည်။

အဆိုပါရတနာပုံဈေးတွင် ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီဝန်းကျင်က မီးစတင်လောင်ကျွမ်းခဲ့ပြီး level 5 အဆင့်ဖြင့် ငြိမ်းသတ်ခဲ့ရကာ ဇန်နဝါရီ ၁၈ ရက် နံနက် ၅ နာရီကျော်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**❖ ဂျပန်မှ**

ယင်းကစားသမားများသည် ဧပြီ နောက်ဆုံးပတ် သို့မဟုတ် မေလပထမပတ်တွင် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဂျေလိဂ်ပွဲစဉ်များကို ကြည့်ရှုခွင့်ရမည်ဖြစ်သလို ဂျပန်လူငယ်အသင်းများနှင့် ခြေစမ်းပွဲကစားကာ ပူးတွဲလေ့ကျင့်မှုများလည်း ပြုလုပ်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃ / ၂၀၂၀**
၁၃၈၁ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာနေ သန့်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာ လမ်းပေါ်၌ ၎င်းကျေးရွာနေ သန့်ဇော်(၄၃)နှစ်၊ (ဘ)ဦးသန်းမောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ) ၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ ဝင်းထိုက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ နန်းဖြူကျေးရွာ လယ်ကွက်အနီး၌ တောင်ကုန်းကျေးရွာနေ ဝင်းထိုက် (၃၉)နှစ်၊ (ဘ)ဦးမောင်တင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ) ၃/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရက်ကုန်းကျေးရွာနေ ကျားမင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရက်ကုန်းကျေးရွာနေ ကျားမင်း(ခ)မင်းဇော်(ခ)အေးလွင်(၅၃)နှစ်၊ (ဘ) ဦးသန်းရွှေ (မမစ (ဖောင်းပြင်) မယ(ပ) ၄၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁မှ တရားခံပြေး) သည် ၎င်း၏နေအိမ်တွင်ရောက်ရှိနေသဖြင့် ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူများကို သိမ်းဆည်းရမိသဖြင့် မမစ (ဖောင်းပြင်)မယ(ပ) ၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ကျွန်းပင်ကျေးရွာနေ ပေါက်စီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ မော်ခါးကျေးရွာအနီး မော်နိုင်း-မော်ခါးကျေးရွာသွားလမ်းပေါ်၌ ကျွန်းပင်ကျေးရွာနေ ဇော်မင်းထိုက်(ခ)ပေါက်စီ(၂၆)နှစ်၊ (ဘ) ဦးညွန့်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို) မယ(ပ) ၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)(၂)(၃) (၄)(၅)လမ်းတို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၂)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂)ဦးကို စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၇-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၅)လမ်းပေါ်၌ ၎င်းလမ်းနေ ငွေလင်း(၂၀)နှစ်၊ (ဘ)ဦးမောင်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း)မယ (ပ)၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အချုပ်သားကျော်ဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁-၂၀၂၀ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ မန္တလေးဗဟိုအကျဉ်းထောင်ရှိ ပါဆယ်ပစ္စည်းလက်ခံရေးဌာန၌ ချမ်းမြသာစည်မြို့နယ်၊ သိုးခြံရပ်ကွက်နေ ကျော်မြင့်မှ မန္တလေးခရိုင်တရားရုံး၊ ရာကြီးမှုအမှတ် (၃၄၂/၁၈)၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃/၃၇၇ အမှုမှ တရားရုံးစစ်ဆေးဆဲ အချုပ်သား ထောင်ဝင်အမှတ်၊ မတလ/၁၈/ ၀၄၂၆၂/ ခ ကျော်ဆွေ(ခ)မိုဟာမက်ဟူစိန်(၅၁)နှစ်၊ (ဘ) ဦးဟာမက်အလီထံသို့ လာရောက်ပို့ဆောင်သည့် အမဲသားဟင်းတုံးများအတွင်း အအေးစုပ်ပိုက်ဖြင့် ထည့်ထားသည့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(၂) (အောင်မြေသာစံ) မယ(ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဘလုတ်ညွန့်ရပ်ကွက်နေ ဒေါ်အေးချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ စက်ဆန်းရပ်ကွက်နေ ဇေယျာမင်း(ခ)ကိုကို (၂၅)နှစ်၊ (ဘ)ဦးအောင်မင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဘလုတ်ညွန့်ရပ်ကွက်နေ ဇော်လင်းသက်(ခ)ငတေ(၁၉)နှစ်၊ (ဘ) ဦးကျော်မြင့်တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း) မယ(ပ) ၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဘလုတ်ညွန့်ရပ်ကွက်နေ ဒေါ်အေးချို(၄၀)နှစ်၊ (ဘ)ဦးတာထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (စက်ဆန်း) မယ(ပ) ၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွန့်ရပ်ကွက်နေမြတ်မင်း(ခ) ပြူးကျယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၁-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွန့်ရပ်ကွက်၊ ကန်ဘောင်ဘေး၌ ၎င်းရပ်ကွက်နေ မြတ်မင်း (ခ)ပြူးကျယ်(၁၆)နှစ်၊ (ဘ) ဦးမျိုးဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း) မယ(ပ) ၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်နေ ကြာဇံသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁-၂၀၂၀ ရက်နေ့တွင် စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်နေ ကြာဇံ(ခ) ကျော်ဇင်လင်း(၄၄)နှစ်၊ (ဘ) ဦးကိုကိုမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စမ်းချောင်း) မယ(ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်နေ ချစ်စုနှင့် ဇော်ဂျီရပ်ကွက်နေ ဇင်မင်းချစ်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်နေ ချစ်စု(ခ) စုယဉ်မွန်(၂၃)နှစ်၊ (ဘ)ဦးမြင့်သောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ အလားတူ ဇော်ဂျီရပ်ကွက်နေ ဇင်မင်းချစ်(၂၇)နှစ်၊ (ဘ) ဦးချစ်ဆွေ (ခ) တောက်ထိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်)မယ(ပ) ၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၈-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၂၂၁)ဦး၊ မ(၂၄၃)ဦး၊ ပေါင်း(၁၄၆၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၃၉၄.၃၈၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၆၁၆၀၃)ပြား၊ ဆေးခြောက်(၁၀၃၁၀.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉) လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်းလုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | စတီဖင်ကင်းမိတ်ဆက်ဘ၀၊ စာအုပ်များနှင့် ဇာတ်ကားများ | ဒင်နီယယ် | ကွမ်းခြံလမ်း | ၂၅၀၀ |
| ၂ | သန်းဝင်းလှိုင်၏ နှစ်(၄၀) စာ (၄၀) | သန်းဝင်းလှိုင် | ပန်းဆက်လမ်း | ၈၀၀၀ |
| ၃ | သင့်မြတ်ငြိမ်းချမ်းအနာဂတ်လမ်း ရသဆောင်းပါးများ | ကလောင်စုံ | စိတ်ကူးသစ် | ၂၅၀၀ |
| ၄ | ခုတော့လည်း သူစိမ်းတွေလိုပါပဲလား | ငြိမ်းကျော် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၅ | "လက်ရှိ ကမ္ဘာ့ခေတ်ကုန်းလွတ် အော်ဂဲနစ် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး" | နေရောင် (စိုက်ပျိုးရေးတက္ကသိုလ်) | စရဏကုမ္ပဏီ လီမိတက် | ၁၀၀၀၀ |
| ၆ | သံလမ်းမဲ့ရထား | နေဇော်နိုင် | စိတ်ကူးချိုချို | ၂၀၀၀ |
| ၇ | အနောက်တိုင်းအမြင်များကြားက ပူတင် | မင်းအောင်မင်း(မြန်မာပြန်) | စိတ်ကူးချိုချို | ၁၈၀၀ |
| ၈ | အာဏာမဲ့တို့၏ အာဏာ | အောင်ထိပ် | ယဉ်မျိုး | ၄၀၀၀ |
| ၉ | မြေလျှင် | ဦးလှမြင့် | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၀ | အနီးအဝေး | မကျေး့ရှင်း | ရွှေသစ္စာစာပေ | ၂၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်း ကျင်းပ

သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားစွဲဆိုလျှောက်ထားမှုကို ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကြားဖြတ်အစီအမံ ( Provisional Measures) ချမှတ်မည်ဟု သိရှိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဇန်နဝါရီလ ၁၉ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ICJ နှင့် မြန်မာနိုင်ငံ စကားဝိုင်းကို ထုတ်လွှင့်ခဲ့သည်။

အဆိုပါစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်) က ဆောင်ရွက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် ရှေ့နေကောင်စီ၏ အသိအမှတ်ပြုရှေ့နေ ဦးသီဟန်မျိုးညွန့် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့) နှင့် ဝါရှင်တန်ဒီစီ အခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ ဥပဒေရေးရာ အကြံပေးအဖွဲ့ဝင် ဦးကျော်တင် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ICJ နှင့် မြန်မာနိုင်ငံစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည် –




**ဦးကိုကို ။ ။ ဇန်နဝါရီလ ၂၃ ရက်နေ့မှာတော့ ကြားနာမှုနဲ့ပတ်သက်ပြီး ICJ က အမိန့်ချမှတ်မယ်ဆိုတဲ့ သတင်းရရှိပါတယ်။ အဖွဲ့ဝင်တွေအနေနဲ့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုစီစဉ်ဆောင်ရွက်ထားတယ်ဆိုတာ သိချင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက စတင်ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါတယ်။**

**ဦးကျော်တင့်ဆွေ ။ ။** ဆရာဦးကိုကို ပြောသလို ICJ ကိစ္စဟာ ပြည်သူလူထုအများကြီးစိတ်ဝင်စားနေတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကောင်းနိုးရာရာ ပြောနေ၊ ပြုနေတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ICJ မှာ Provisional Measures လို့ခေါ်တဲ့ ဂမ်ဘီယာနိုင်ငံကနေ တင်သွင်းထားတဲ့ကိစ္စကို ဆုံးဖြတ်ချက်ချဖို့ ရှိပါတယ်။ အဲဒီ ဆုံးဖြတ်ချက်ချမယ့်ကိစ္စမှာလည်း ကျွန်တော်တို့နိုင်ငံက ကိုယ်စားလှယ်အဖွဲ့ ဖွဲ့ပြီးတော့ သွားရောက်ဖို့ရှိပါတယ်။

ဒီတစ်ခေါက်မှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လိုက်ပါစရာမလိုတဲ့အတွက် လိုက်ပါမှာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပူးတွဲကိုယ်စားလှယ်အဖြစ် သွားရောက်မှာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူတူ စကားဝိုင်းမှာရှိနေကြတဲ့ ဒီပုဂ္ဂိုလ်သုံးဦးဟာလည်း ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပါမှာ ဖြစ်ပါတယ်။

အဲဒါအပြင် ကျွန်တော်တို့ငှားထားတဲ့ နိုင်ငံတကာဥပဒေပညာရှင် ရှေ့နေများအနေနဲ့လည်း ICJ ကို လာရောက်မှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်သူကိုရှင်းပြသင့်တဲ့ အချက်တွေကို ရှင်းပြနိုင်ခွင့်ရှိမှာဖြစ်တဲ့ အတွက်လည်း များစွာကျေးဇူးတင်ပါတယ်။ ရှင်းပြဖို့လည်း လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခုနကကျွန်တော်ပြောသလိုပဲ ကောင်းနိုးရာရာပြောနေတဲ့ ကိစ္စတွေက မှန်တာလည်း ရှိတယ်၊ စိတ်ကူးနဲ့ပြောတာလည်း ရှိတယ်၊ ဘာသာရပ်ကျွမ်းကျင်မှုမရှိတဲ့အတွက် ပြောတာလည်းရှိတယ်။ အဲဒီတော့ပြည်သူတွေ တကယ့်အခြေအနေမှန်သိအောင် အခုလိုစကားဝိုင်းလေး လုပ်ခြင်းဟာ များစွာအကျိုးရှိတယ်လို့ ထင်ပါတယ်။

**ဦးကိုကို ။ ။ ICJ နဲ့ မြန်မာနိုင်ငံစကားဝိုင်းဆိုတော့ ကျွန်တော်တို့ ရှေ့ပိုင်းမှာလည်း ပြောထားပါတယ်။ အခုထပ်ပြီးတော့ ပြည်သူတွေလည်း သိစေချင်ပါတယ်။ အဲဒါက ကျွန်တော်တို့ ICJ လို့ ပြောပြောနေတဲ့ ICJ ဆိုတာဘာလဲ၊ ICJ မှာ ကိစ္စတစ်ခုခုဖြစ်လာရင် ဘယ်လိုမျိုးဖြေရှင်းကြသလဲ၊ အဆင့်ဆင့်ဆောင်ရွက်ပုံပေါ့။ အဲဒါနဲ့ ပတ်သက်ပြီး ဦးသီဟန်မျိုးညွန့် နည်းနည်းလောက် ဆွေးနွေးပေးပါ။**

**ဦးသီဟန်မျိုးညွန့် ။ ။** ဒီမေးခွန်းကို ကျွန်တော်ဖြေခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံထဲမှာ ICJ Provisional Measures ဆိုပြီး ကြားနေတာတွေ အများကြီးပါပဲ။ ကျွန်တော် ဘာစဉ်းစားမိလဲဆိုတော့ ကျွန်တော့်အစ်ကိုကြီးတစ်ယောက် ပြောလေ့ပြောထရှိတဲ့ ကိစ္စတစ်ခုရှိပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ညနေပိုင်းကစားရင် မိဘတွေက ကလေးတွေ အိမ်ထဲပြန်လာစေချင်ရင် ဒေဝေါကြီး လာဖမ်းသွားမယ်။ ဒေဝေါကြီးရှိတယ်ဆိုပြီးတော့ ခြိမ်းခြောက်တာလေးတွေရှိတယ်။ အဲဒီတော့ ICJ တို့၊ Provisional Measures တို့ ဆိုတာကလည်း ဒေဝေါကြီးနဲ့ ဒေဝေါလေးပေါ့ဗျာ။ အဲဒီလိုမျိုး မြင်နေကြတာလေးတွေရှိတယ်။ ဒါကြောင့် ICJ Procedures ကို ရှင်းပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

Provisional Measures ဆိုတာကို လွန်ခဲ့တဲ့လကလည်း အများပြည်သူတော်တော်များများက TV မှာ တွေ့ရပါမယ်။ ကျွန်တော်တို့ သည်ဟိတ်ဂ်မြို့မှာ ကြားနာမှုဆိုင်ရာကို သွားခဲ့ပါတယ်။ ဒါက Provisional Measures Stageဆိုတော့ အမှန်တကယ်က ပွဲတောင်မစသေးဘူး။ ဒါပြီးမှ နောက်အဆင့်က ဘာဖြစ်လာမလဲဆိုတော့ Preliminary Objections တွေ၊ ကျွန်တော်တို့ကန့်ကွက်ချင်တာတွေ ကန့်ကွက်လို့ရပါသေးတယ်။ ကျွန်တော်တို့က ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုစဉ်းစားရမလဲဆိုတော့ ICJ တရားရုံးအနေနဲ့ရော တရားစီရင်ပိုင်ခွင့်ရှိသလား၊ မရှိဘူးလားဆိုတာကို ကျွန်တော်တို့က သေသေချာချာ Contest လုပ်ရပါမယ်။ ပြီးတော့မှ ကျွန်တော်တို့ရဲ့ဘောလုံးပွဲက စမှာပါ။ ပြီးတော့မှ နောက်ဆုံးအဆင့်မှာမှ ကျွန်တော်တို့ရဲ့ အထောက်အထားတွေ၊ သူတို့ရဲ့အထောက်အထားတွေ သွင်းရပါမယ်။

သူတို့ကလည်း သူတို့ရဲ့အထောက်အထားတွေသွင်းမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း ကျွန်တော်တို့မှာရှိတဲ့ Facts တွေ၊ ဘယ်ဥပဒေတွေ သုံးရမလဲ။ ဘယ်လိုမျိုးနည်းနဲ့ စဉ်းစားရမလဲဆိုတာကအစ သွင်းပြီးမှနောက်ဆုံးအဆင့်မှာမှ ဆုံးဖြတ်ချက်ချမှာပါ။

**ဦးကျော်တင့်ဆွေ ။ ။** ဦးသီဟန်မျိုးညွန့် ပြောတော့မှ နောက်ဆုံး ဒေဝေါကြီး၊ ဒေဝေါကြီးဆိုတော့ ကျွန်တော်က ဘာကိုသွားသတိရတုန်းဆိုတော့ ငယ်ငယ်က သင်ရတဲ့စာအုပ်ထဲမှာ ဆင်ဆိုသည်မှာ ဆိုတာကို ခုနကပုံအတိုင်း ထင်မြင်ယူဆချက်တွေ အများကြီး ပြောနေတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်က အကုန်လုံး မှားတယ်မပြောပါဘူး။

**ဦးကိုကို ။ ။ ပြည်ထောင်စုဝန်ကြီး တင်ပြတာက ကျွန်တော်တို့ငယ်ငယ်က သင်ခဲ့ရတဲ့ မျက်မမြင် ပုဏ္ဏားခြောက်ယောက်နဲ့ ဆင်ကြီးကိစ္စထင်တယ်။**

**ဦးကျော်တင့်ဆွေ ။ ။** မှန်ပါတယ်။ မျက်မမြင်တဲ့အတွက် ဆင်ရဲ့ နှာမောင်းကြီးကို ကိုင်ပြီးတော့ ဆင်ဆိုသည်မှာ မြွေပါလားလို့ ပြောတာလည်းရှိတယ်။ အဲဒီအခါကျတော့ ကိုယ့်အပိုင်း၊ ကိုယ့်အပိုင်းနဲ့ပြောတော့ မှန်တာလည်းရှိမယ်၊ မှားတာလည်းရှိမယ်၊ ခြုံငုံပြီးပြောတော့မှ တကယ့်ဆင်ဆိုတာ ဘာဆိုတာပေါ်မှာပါ။

**ဦးကိုကို။ ။ ဝန်ကြီးဆိုလိုတာက The Whole Picture ကြည့်တတ်ဖို့ လိုတယ်၊ တစ်ခုချင်းစီ ပြောနေမဲ့အစား စုစည်းပြီးတော့ မြင်တတ်ဖို့ လိုမယ်လို့ ပြောချင်တဲ့ မက်ဆေ့ချ်ပါ။ အခုကိစ္စကလည်း Provisional Measures နဲ့ပတ်သက်တော့ ဆရာမ ဒေါက်တာသီတာဦးက Provisional Measures ကို နိုင်ငံတကာဥပဒေတွေနဲ့ လေ့လာထားတော့ အဲဒါနဲ့ ပတ်သက်ပြီး သဘောသဘာဝလေးတွေ ထပ်ပြီးတော့ ရှင်းပြပေးပါဦး။**

**ဒေါက်တာသီတာဦး ။ ။** ပြီးခဲ့တဲ့ စကားဝိုင်းတုန်းက ကျွန်မတို့ ဆွေးနွေးခဲ့သလိုပါပဲ။ Provisional Measures ချတယ်ဆိုတာက အမှုနိုင်ခြင်း၊ ရှုံးခြင်းနဲ့ မဆိုင်ပါဘူး။ အမှုကစတောင်မစရသေးပါဘူး။ ကျွန်မတို့ ပြီးခဲ့တဲ့ခရီးစဉ်တုန်းက သွားခဲ့တာက Provisional Measures နဲ့ပတ်သက်ပြီး ရှင်းလင်းဖို့သွားပြီး ရင်ဆိုင်ခဲ့တာပါ။ အခု ၂၃ ရက်နေ့မှာ ကျွန်မတို့ကို Provisional Measures ချမှတ်ရန် သင့်၊ မသင့်ဆိုပြီး ဆုံးဖြတ်မှာကို ကျွန်မတို့က ဒုတိယခရီးစဉ်အနေနဲ့ သွားဖို့ရှိတာပါ။ ဂမ်ဘီယာနိုင်ငံအနေနဲ့က ICJ မှာ မြန်မာနိုင်ငံကို ရင်ဆိုင်ဖြေရှင်းဖို့ တောင်းဆိုထားတဲ့ ခေါင်းစဉ်က ဂျီနိုဆိုက် (Genocide) ပါ။ လူမျိုးပြုန်းတီးမှု ရပ်ဆိုင်းရေးဆိုင်ရာ ကွန်ဗင်းရှင်းလို့လည်း ပြောလို့လည်းရပါတယ်။

သူ့ခေါင်းစဉ်ကတော့ အကြီးကြီးပေါ့။ ဒါပေမယ့် သူကိုယ်တိုင်က သူ့ Application လျှောက်လွှာရဲ့ အပိုဒ် ၁၁၉၊ ၁၂၆၊ ၁၂၉ပေါ့။ အထူးသဖြင့် အပိုဒ် ၁၁၉ ကို ဖတ်လိုက်ရင် ရေးထားတာက ရှင်းပါတယ်။ Provisional Measures ချဖို့ဆိုတာ သူတို့တင်ထားတဲ့ Application ပေါ်မှာပဲ ချထားတဲ့အချက်တွေ ပေါ်မှာကြည့်ပြီးတော့ တရားရုံးက ဆုံးဖြတ်ပေးပါ။ တရားရုံးက ဂျီနိုဆိုက် မြန်မာနိုင်ငံမှာ ကျူးလွန်ခြင်း ရှိ၊ မရှိတို့၊ တရားရုံးက စီရင်ပိုင်ခွင့် ရှိ၊ မရှိတို့၊ တရားရုံးက ဒီအမှုကို လက်ခံစစ်ဆေးခွင့် ရှိ၊ မရှိတို့နဲ့ကို အတိအကျသုံးသပ်ရန်မလိုပါဘူးဆိုပြီး အပိုဒ် ၁၁၉ မှာ သူတို့ကိုယ်တိုင် ရှင်းထားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို ခေါင်းစဉ်တပ်ထားတဲ့အခါကျတော့ လူမျိုးပြုန်းတီးမှုရပ်တန့်ရေးဆိုင်ရာ ကွန်ဗင်းရှင်းဆိုတော့ ခေါင်းစဉ်က အကြီးကြီးပါ။ ဒါပေမယ့် Provisional Measures ချဖို့ဆိုတာကလည်း ICJ ရဲ့ Statute Article 41 မှာ လိုအပ်တယ်လို့ ထင်မြင်ယူဆလို့ရှိရင် Provisional Measures ချဖို့ ICJ မှာ အခွင့်အာဏာရှိပါတယ်။

ဒီတော့ နိုင်ငံတကာ ဥပဒေတွေအရ Provisional Measures ချဖို့ဆိုတဲ့ Criteria တွေက Prima facie Jurisdiction ဆိုတဲ့ ထင်သာရုံ၊ မြင်သာရုံနဲ့ ချနိုင်တယ်တို့၊ နောက်တစ်ခုက Plausible ယုတ္တိတန်လား၊ မတန်လားပေါ့။ တစ်ခုလောက်ကိုပဲ တရားရုံးက တွေ့လို့ရှိရင် ချလို့ရတယ်ဆိုတဲ့ ပုံစံမျိုးတွေ

စာမျက်နှာ ၁၁ သို့ ☆

**မြန်မာနိုင်ငံအနေနဲ့ Genocide Convention ကို ၁၉၅၆ ခုနှစ်ကတည်းက စဝင်တာပါ။ အဲဒီအထဲမှာရှိတဲ့ Obligation တွေအားလုံးကို ကျေပွန်စွာတာဝန်ယူပြီး ထမ်းဆောင်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကို ဂမ်ဘီယာနိုင်ငံက တရားစွဲပြီးတော့ Genocide ဖြစ်ပါတယ်၊ Genocide Convention ကို ချိုးဖောက်မှုဖြစ်ပါတယ်လို့ တရားစွဲလာတာပါ။ ကျွန်တော်တို့ နောက်မှသိရတာက OIC က ကြံဖန်ပြီးတော့ လုပ်တဲ့ကိစ္စပါ။ ခုက Provisional Measures တောင်းခဲ့တယ်။ အခု ၂၃ ရက်နေ့ကျရင် အမိန့်ကိုချမယ်။ အဲဒီမှာ သတ်မှတ်ချက်က နိမ့်လွန်းတော့ Provisional Measures ကို Indicate လုပ်ကောင်း လုပ်နိုင်တယ်။ ချမှတ်ကောင်း ချမှတ်နိုင်မယ်။ အဓိကအချက်ကို မရောက်သေးဘူး။ ကျွန်တော် နှိုင်းယှဉ်ပြီး ပြောနိုင်တာက ဘောလုံးပွဲလိုပေါ့။ ဘောလုံးပွဲက စတောင်မစရသေးဘူး။ အခုမှ ဒိုင်လူကြီးက နှစ်ဖက်ကိုခေါ်ပြီး ပြောတယ်။ Genocide Convention အရဆိုရင် Obligation တွေရှိတယ်။ တာဝန်တွေရှိတယ်။ ပြန်ပြောမယ် ဒီတာဝန်တွေက ဒါတွေပဲဆိုတာကို ပြောသေးတဲ့အဆင့်ပဲ ရှိတယ်။ ဘောလုံးပွဲက စတောင်မစသေးဘူး။ အဲဒါလေးကို မိဘပြည်သူတွေကို နည်းနည်းရှင်းပြချင်ပါတယ်။**

☆ စာမျက်နှာ ၁၀ မှ

**“ကျွန်တော်တို့အနေနဲ့ ဥပဒေကြောင်းအရ ပြောရမယ်ဆိုရင် ကျွန်တော်တို့ရှေ့နေတွေက သူတို့တင်ပြချက်တွေကို အမြစ်ကနေလှဲပြီးတော့ ပယ်ချနိုင်တဲ့အဆင့်အထိ လုပ်ထားသော်လည်း ဒီကိစ္စကို လုပ်နေ၊ ကိုင်နေတဲ့ဥစ္စာက တရားရေးသက်သက်၊ ဥပဒေကြောင်းသက်သက် ဟိုဘက်က လုပ်ဆောင်တာ မဟုတ်ပါဘူး။ သူတို့က နိုင်ငံရေးဖိအားအနေနဲ့ ပေးနေတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်မှာ ပြောခဲ့သလိုပဲ တရားရုံးကိုတောင် ခြိမ်းခြောက်တဲ့ပုံစံမျိုး အနေနဲ့ ပြောခဲ့တာရှိတယ်။**

နိုင်ငံတကာဥပဒေမှာ ရှိပါတယ်။ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တယ်။ ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတဲ့ အချက်အပေါ်မူတည်ပြီး ခေါင်းစဉ်က ဂျီနိုဆိုက်ဆိုတော့ လူမျိုးပြုန်းတီးမှုဆိုတာ တော်တော်ကြီးကို အရေးကြီးတဲ့အတွက်ကြောင့် ဒါကဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုပြီးတော့ တရားရုံးက ချမယ်ဆိုချလိုက်နိုင်တဲ့အခွင့်အရေးကို ပေးထားတာပါ။

**ဦးကျော်တင့်ဆွေ** ။ ။ တစ်နည်းပြောရရင် သာမန်တရားရုံးမှာ ဆုံးဖြတ်တဲ့ သူ့သတ်မှတ်ချက်နဲ့ပတ်သက်တဲ့ Provisional Measures အတွက် လိုအပ်တဲ့ သတ်မှတ်ချက်မတူပါဘူး။ Provisional Measures အတွက် လိုအပ်တဲ့ သတ်မှတ်ချက်က အင်မတန်မှ နိမ့်ပါတယ်။ ဖြစ်ကောင်းဖြစ်နိုင်သည်ဆိုတဲ့အချက်ကို ဖော်ပြနိုင်ရင် Provisional Measures ချလို့ရတယ်။ ဖြစ်ကောင်းဖြစ်နိုင်သည်ဆိုတဲ့ ကျွန်တော်တို့ရဲ့ အခက်အခဲကလည်း ဘာလဲဆိုတော့ လုံးဝကို အခြေအမြစ်မရှိတဲ့ အချက်တွေအပေါ်ကို မူတည်ထားတဲ့ FFM Report ပဲ ဖြစ်ပါတယ်။ FFM Report က ကုလသမဂ္ဂကနေပြီးတော့ လူ့အခွင့်အရေးကောင်စီကလုပ်ထားတဲ့အတွက် ကုလသမဂ္ဂ Report လို့ ထင်ထားမြင်ထားတဲ့ အချက်က ရှိပါတယ်။ သို့သော် ဒီအချက်တွေက မှန်သလား မမှန်ဘူးလားဆိုတာကို တကယ့်ကို စနစ်တကျစိစစ်မှုမရှိဘဲ ချထားတဲ့ အစီရင်ခံစာပါ။ ဒီအစီရင်ခံစာကို အသုံးပြုထားတဲ့အတွက် ကုလသမဂ္ဂ အစီရင်ခံစာလို့ လက်ခံလိုက်မယ်ဆိုရင် သူတို့အတွက် Prima facie ဆိုတဲ့ လိုအပ်ချက်က ပြည့်စုံသွားမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် သူတို့ရှေ့နေတွေက အင်မတန်မှ ကျွမ်းကျင်တယ်။ ICJ ရဲ့ Procedures ကလည်း အခြား Proce – dures နဲ့မတူတာမို့ တစ်နည်းအားဖြင့် ပြောရရင် သူတို့သာကိုသာနေတဲ့ နည်းလမ်းရှိတဲ့အတွက် Prima facie လောက် ပြနိုင်ရုံလောက်ကို သူတို့က အားယူပြီးတော့ Provisional Measures ကို တင်သွင်းခြင်းဖြစ်ပါတယ်။

**ဦးကိုကို ။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ရှေ့နေချုပ်ရုံးက ဆရာမတို့ ပြောတဲ့အတိုင်းဆို သတ်မှတ်ချက်က တော်တော်နိမ့်ထားတယ်။ Genocide ရဲ့ သတ်မှတ်ချက်က မြင့်တယ်။ Provisional Measures က နိမ့်တယ်။ ဒါကို နိုင်ငံတကာဥပဒေ အတွေ့အကြုံရှိတဲ့ ဦးကျော်တင်အနေနဲ့ ဆက်ပြီးဆွေးနွေးပေးပါ။**

**ဦးကျော်တင်** ။ ။ မြန်မာနိုင်ငံအနေနဲ့ Genocide Convention ကို ၁၉၅၆ ခုနှစ်ကတည်းက စဝင်တာပါ။ အဲဒီအထဲမှာရှိတဲ့ Obligation တွေအားလုံးကို ကျေပွန်စွာတာဝန်ယူပြီး ထမ်းဆောင်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကို ဂမ်ဘီယာနိုင်ငံက တရားစွဲပြီးတော့ Genocide ဖြစ်ပါတယ်၊ Genocide Convention ကို ချိုးဖောက်မှုဖြစ်ပါတယ်လို့ တရားစွဲလာတာပါ။ ကျွန်တော်တို့ နောက်မှသိရတာက OIC က ကြံဖန်ပြီးတော့ လုပ်တဲ့ကိစ္စပါ။ ခုက Provi–sional Measures တောင်းခဲ့တယ်။ အခု ၂၃ ရက်နေ့ကျရင် အမိန့်ကိုချမယ်။ အဲဒီမှာ သတ်မှတ်ချက်က နိမ့်လွန်းတော့ Provisional Measures ကို Indicate လုပ်ကောင်းလုပ်နိုင်တယ်။ ချမှတ်ကောင်း ချမှတ်နိုင်မယ်။ အဓိကအချက်ကိုမရောက်သေးဘူး။ ကျွန်တော်နှိုင်းယှဉ်ပြီး ပြောနိုင်တာက ဘောလုံးပွဲလိုပေါ့။ ဘောလုံးပွဲက စတောင်မစရသေးဘူး။ အခုမှ ဒိုင်လူကြီးက နှစ်ဖက်ကိုခေါ်ပြီး ပြောတယ်။ Genocide Convention အရဆိုရင် Obligation တွေရှိတယ်။ တာဝန်တွေရှိတယ်။ ပြန်ပြောမယ် ဒီတာဝန်တွေက ဒါတွေပဲဆိုတာကို ပြောသေးတဲ့အဆင့်ပဲရှိတယ်။ ဘောလုံးပွဲက စတောင်မစသေးဘူး။ အဲဒါလေးကို မိဘပြည်သူတွေကို နည်းနည်းရှင်းပြချင်ပါတယ်။

**ဦးကိုကို။ ။ ဦးကျော်တင် ဆွေးနွေးသွားတဲ့အထဲကနေ စကားလုံးလေးတစ်လုံးရလိုက်တယ်။ Indicate ဆိုတဲ့စကားလုံးလေးပါ။ Provisional Measures နဲ့ Indicate က ဘယ်လိုဆက်စပ်နေပါသလဲ။**

**ဦးသီဟန်မျိုးညွန့်**။ ။ Provisional Measures Stage ဆိုတာက နောက်ဆုံးပိတ်ချတဲ့ ချမှတ်ချက်မဟုတ်ဘူး။ Indicate Provisional Measures ဆိုတာ ချပြတာပါ။ ဒီလိုမျိုး Provisional Measures တွေကို ချမှတ်ဖို့ဆိုပြီး Indicate ပဲလုပ်တာ။ ဘာကြောင့်လဲဆိုတော့ Provisional Measures တွေချရခြင်းက ဘာကြောင့်လဲဆိုတာက ICJ Statute တွေမှာ ရေးထားတာက To Protect the Rights of the Parties၊ ဂမ်ဘီယာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ Rights တွေကို ကာကွယ်ပေးဖို့ပါ။ ဂမ်ဘီယာကတောင်းဆိုတဲ့ Rights တွေကို ကာကွယ်ဖို့ပါ။ နောက်တစ်ချက်က Provisional Measures ကို Indicate လုပ်ရခြင်းအားဖြင့်၊ Provisional Measures ချရခြင်းအားဖြင့် ဘာဖြစ်လဲဆိုတော့ ဒါက တရားရုံးကိုကာကွယ်တာနဲ့လည်း အတူတူပဲ။

တကယ်လို့ ဂျီနိုဆိုက်မဟုတ်ဘူးပဲထားဦး။ တရားရုံးအနေနဲ့က ဒီအမှုဖြစ်နေတဲ့ကာလအတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ တစ်ခုခုဖြစ်ခဲ့လို့ရှိရင် သူ့တာဝန်ဖြစ်မှာလည်း မလိုလားဘူးလေ။ Provisional Measures ချခြင်းအားဖြင့် တရားရုံးကို ကိုယ့်ဘာသာကိုယ် ကာကွယ်တဲ့ သဘောလည်းရှိတယ်။

ပြီးတော့နောက်တစ်ခု ထပ်ထည့်ချင်တာက ဂျီနိုဆိုက်နဲ့ပတ်သက်တဲ့ကိစ္စတွေ၊ ဂျီနိုဆိုက်နဲ့ပတ်သက်တဲ့အမှု၊ Bosnia against Serbia၊ Croatia against Serbia ဒီအမှုတွေမှာလည်း Provisional Measures ကို တရားလိုနိုင်ငံဘက်ကတောင်းခဲ့ရင် တရားရုံးအနေနဲ့က Provisional Measures ကို တရားရုံးအနေနဲ့က အမြဲတမ်းလိုလို ချပေးလေ့ရှိပါတယ်။

**ဦးကိုကို။ ။ ဒါနဲ့ဆက်စပ်ပြီး ၂၃ ရက်နေ့မှာ အမိန့်ချမယ်လို့ ပြောကြတဲ့အခါ Provisional Measures ချကောင်းချနိုင်တယ်ဆိုပြီး သုံးသပ်မှုတွေရှိတယ်။ အဲဒီအပေါ်မှာ ဘယ်လိုမြင်လဲခင်ဗျာ။**

**ဦးသီဟန်မျိုးညွန့်**။ ။ ကျွန်တော့်အနေနဲ့ ပြောရရင်လည်း Provisional Measures ကို ချကောင်းချနိုင်တယ်။ ဂမ်ဘီယာက တောင်းဆိုတာ အကုန်လုံး ဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး။

ဒါပေမယ့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားတွေနားလည်ရမှာက Provisional Measures ချလိုက်တိုင်း ကျွန်တော်တို့က ဒီအမှုကိုရှုံးသွားတာ မဟုတ်ဘူး။ Provisional Measures ချလိုက်လို့ ပိုပြီးစိတ်ပျက်သွားတာ၊ စိုးရိမ်လာတာတို့ ဖြစ်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတာ အခုနက ဦးကျော်တင် ဆွေးနွေးတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်ကလည်း ထပ်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂမ်ဘီယာက တောင်းဆိုတဲ့ Provisional Measures တွေကို ကြည့်မယ်ဆိုရင် အချက် ၁ နဲ့ ၂ နဲ့၊ သူတို့တောင်းဆိုထားတာက မြန်မာနိုင်ငံအနေနဲ့ ဂျီနိုဆိုက်မဖြစ်အောင် ကာကွယ်ပေးပါ။ မြန်မာနိုင်ငံရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ တပ်မတော်ပဲဖြစ်ဖြစ်၊ တခြား Paramilitary Units တွေပဲဖြစ်ဖြစ်၊ သူတို့ကနေ ဂျီနိုဆိုက်မလုပ်အောင်ကာကွယ်ပေးပါ။ ဒါက ၁ နဲ့ ၂ ပဲနော်။

ဒီ Obligation တွေ၊ ကျွန်တော်တို့ရဲ့ တာဝန်တွေက ခုနက ဦးကျော်တင်ပြောသလိုပဲ၊ ကျွန်တော်တို့ ဂျီနိုဆိုက်ကွန်ဗင်းကို ၁၉၅၆ ခုနှစ်ကတည်းက ပါဝင်လက်မှတ်ရေးထိုးလိုက်ကတည်းက ကျွန်တော်တို့မှာ နဂိုကတည်းကရှိတဲ့ တာဝန်တွေဖြစ်ပါတယ်။ ဒါတွေက အထူးမဟုတ်ပါဘူး။ ထပ်ပြီးတော့ လုပ်ရမယ့် တာဝန်တွေလည်း မဟုတ်ပါဘူး။ ပြီးတော့ အဲဒီထဲမှာပါတဲ့ အချက်နံပါတ် ၄ ပါ။ အဲဒါကလည်း Bosnia၊ Serbia ကိစ္စပါတဲ့ Provisional Measures တစ်ခုဖြစ်ပါတယ်။

အဲဒီတုန်းကကျတော့ တစ်ဖက်နဲ့တစ်ဖက် စစ်တိုက်နေတော့ တစ်ဖက်နဲ့တစ်ဖက် အရှိန်တွေပိုပြီးတော့ မမြင့်လာအောင်လို့ တရားရုံးကနေပြီးတော့ ဒီတရားရင်ဆိုင်မှု ရှိနေပေမယ့် နှစ်နိုင်ငံအရှိန်တွေ လျှော့ထားပါဆိုတဲ့သဘောရှိပါတယ်။ အဲဒါမျိုးလေးတွေကျ ကျွန်တော်တို့အနေနဲ့က Provisional Measures တွေ ချလိုက်လို့၊ ကျွန်တော်တို့အမှုကြီး ရှုံးသွားပါပြီ၊ အဲဒီလိုမျိုး မဟုတ်ပါဘူး။ အဲဒါတင်ပဲမကဘူး။ တရားရုံးက Provisional Measures ကို ချတာနဲ့ သူတို့ရဲ့ Opinion ထဲမှာ ဘာရေးထားသလဲဆိုတော့ ဒီ Provisional Measures တွေချလိုက်တိုင်း မြန်မာနိုင်ငံအနေနဲ့ ဒီအမှုကိုကျူးလွန်နေတာလို့ သူတို့မထင်ပါဘူး။ သူတို့က Merits တွေ ဘာတွေကိုတောင် မကြည့်ရသေးဘူး။

အမှန်တကယ်ပြောရရင် ကျွန်တော်တို့ဘက်ကတင်သွင်းရမယ့် Facts တွေ၊ Evidence တွေ၊ ဥပဒေတွေကို ဘယ်လိုနည်းမျိုးနဲ့ ကြည့်သင့်ပါတယ်၊ International Legal Precedents တွေကို ဘယ်လိုနည်းနဲ့ သုံးသပ်သင့်ပါတယ်၊ ဒါတွေက ဒီအဖြေတွေကို ဘာမှမသွားရသေးဘူး။ ခုနက ဦးကျော်တင်ပြောသလိုပဲ စစချင်းလေးပဲ ရှိသေးတယ်။

စစချင်းမှာ ဒိုင်လူကြီးက နှစ်ဖက်ဘောလုံးအသင်းကို ဘောလုံးကန်တဲ့အချိန်မှာ ကောင်းကောင်းကန်ဖို့၊ မညစ်ဖို့ အဲဒါမျိုးခေါ်ပြီး ပြောတဲ့အဆင့်ပဲ ရှိပါသေးတယ်။

**ဦးကျော်တင့်ဆွေ**။ ။ ကျွန်တော်ဒီ Provisional Measures နဲ့ပတ်သက်ပြီး ထပ်ပြီးတော့ပြောချင်ပါသေးတယ်။ ခုနက ဦးသီဟန်မျိုးညွန့်ပြောသလိုပဲ Provisional Measures ကိုတောင်းထားတဲ့ ကိစ္စတွေက ကျွန်တော်တို့လုပ်နေတာတွေကို တောင်းထားတာ။ သဘောကတော့ ကျွန်တော်ဒီမှာ ထိုင်နေတယ်။ ထိုင်နေတဲ့ဥစ္စာကို Provisional Measures က ဒီမှာထိုင်ပါလို့ ပြောတဲ့သဘောနဲ့ အတူတူပါပဲ။ ကျွန်တော်ကတော့ ထိုင်နေတဲ့ကိစ္စ။ ဘာကြောင့်လဲဆိုတော့ တချို့ Provisional Measures မှာ တောင်းဆိုတဲ့အချက်တွေကို ခုနကပြောသလိုပဲ ကျွန်တော်တို့အနေနဲ့ ဒီကွန်ဗင်းရှင်းကို ဝင်ကတည်းကိုက မလုပ်ပါဘူးလို့ပြောထားတဲ့ကိစ္စ။

လွှတ်တော်ကို ပြောတုန်းကလည်း ကျွန်တော်တို့က ဒီကိစ္စကို အခုလည်းမလုပ်ဘူး၊ နောင်လည်းဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဆိုတဲ့ယုံကြည်ချက်ရှိတယ်လို့ ပြောထားတဲ့ကိစ္စပါ။ တစ်နည်းအားဖြင့်ဆိုရင်တော့ ကိုယ်ထိုင်နေတဲ့ဥစ္စာကို ထိုင်နေလို့ပြောလိုက်တဲ့အတွက် တို့ပြောလိုက်တာကို ထိုင်နေပြီ၊ တို့နိုင်ပြီပေါ့လို့လည်း ပြောလို့မရပါဘူး။ အဲဒီလို Provisional Measures ကို ချနိုင်သလားဆိုတော့ ချနိုင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဥပဒေကြောင်းအရ ပြောရမယ်ဆိုရင် ကျွန်တော်တို့ရှေ့နေတွေက သူတို့တင်ပြချက်တွေကို အမြစ်ကနေလှဲပြီးတော့ ပယ်ချနိုင်တဲ့အဆင့်အထိ လုပ်ထားသော်လည်း ဒီကိစ္စကို လုပ်နေ၊ ကိုင်နေတဲ့ဥစ္စာက တရားရေးသက်သက်၊ ဥပဒေကြောင်းသက်သက် ဟိုဘက်က လုပ်ဆောင်တာမဟုတ်ပါဘူး။ သူတို့က နိုင်ငံရေးဖိအားအနေနဲ့ ပေးနေတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ပြီးခဲ့တဲ့အပတ်မှာ ပြောခဲ့သလိုပဲ တရားရုံးကိုတောင် ခြိမ်းခြောက်တဲ့ပုံစံမျိုးအနေနဲ့ ပြောခဲ့တာရှိတယ်။

ဒီကိစ္စကို တစ်ကမ္ဘာလုံးက ကြည့်နေတယ်နော်၊ ခင်ဗျားတို့ ဒီကိစ္စကို Provisional Measures မှ မချဘူးဆိုရင်တော့ ဆိုတဲ့သဘောမျိုးပြောသွားပါတယ်။ မနေ့တစ်နေ့က ဘင်္ဂလားဒေ့ရှ် Camps ၇ ခုမှာ ဆန္ဒပြပါတယ်ဆိုပြီးတော့ Provisional Measures ချပါ စသဖြင့် စာရွက်လေးတွေထောင်ပြီးတော့ ဆန္ဒပြမှုတွေကိုလည်း လုပ်ပြပါတယ်။ အင်္ဂလိပ်လိုပြောရင်တော့ State Manage လုပ်တယ်လို့ပြောရမှာ ဖြစ်ပါတယ်။

အဲဒါမျိုးတွေလုပ်နေတဲ့အခါ ကျွန်တော်တို့က ဥပဒေကြောင်းအရ သွားတယ်။ သူတို့က နိုင်ငံရေး၊ ပြီးတော့ Emotion ။ Camps မှာနေတဲ့သူတွေက သနားစရာပဲ၊ သနားစရာ ပုဂ္ဂိုလ်တွေက ဒီလိုပြောနေပါတယ်ဆိုပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သူတို့ဘက်ကကြည့်တယ်ဆိုရင်တော့ တို့တော့ Provisional Measures ချနိုင်လိုက်မယ်ဆိုပြီးတော့ သူတို့အနေနဲ့ ယူဆကောင်း ယူဆနေမယ်။ အဲဒီလိုချတယ်ဆိုရင်လည်း Provisional Measures ဘယ်လိုဟာမျိုးချတယ်ဆိုတဲ့ အပေါ်မူတည်ပြီး ကြည့်ရမှာပါ။

ခုနက ကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့နိုင်ငံမှာ ဂျီနိုဆိုက်မရှိဘူးဆိုတာ အမှန်ပဲ။ ဒီအမှန်အတိုင်းလုပ်နေတဲ့ဥစ္စာကို အေး–ခင်ဗျားတို့ လုပ်ကြပေါ့လို့ပြောတဲ့ Provisional Measures မျိုး ချမယ်ဆိုရင်တော့လည်း ချနိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

**ဒေါက်တာသီတာဦး** ။ ။ ကျွန်မအနေနဲ့လည်း ဖြည့်စွက် ဆွေးနွေးရမယ်ဆိုရင် Provisional Measures က ကျွန်မတို့ကို ၆ ချက်တင်ထားတာပါ။ ဂမ်ဘီယာက ၆ ချက်တင်ထားတာပါ။ ဒီ ၆ ချက်စလုံးထဲမှာ တရားရုံးကအကုန်ချတာ သို့တည်းမဟုတ် တချို့ကိုပဲ ချမှတ်တာ၊ ဒီ Provisional Measures မှာမပါတဲ့ တရားရုံးက သင့်သည်ထင်မြင်တဲ့ဟာ ချမှတ်တာ ဒီလိုမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ ရှေ့နေကြီးတွေ ဆွေးနွေးသွားတဲ့အထဲမှာ မစ္စတာရေးဘတ်စ်နဲ့ မစ္စဖီဘီဆွေးနွေးသွားတဲ့အထဲမှာ ခုနက ပြည်ထောင်စုဝန်ကြီး အမိန့်ရှိသလို မစ္စတာရေးဘတ်စ်ကတော့ ဂျီနိုဆိုက် လုံးဝမဟုတ်ဘူးဆိုတဲ့အကြောင်းကို အမြစ်ကလှန်ထုတ်ပြီး တစ်ခါတည်း ဖြေရှင်းလိုက်ပြီ။ အပြီးသတ်မှာတော့ ကျွန်မတို့နိုင်ငံဟာ ဂျီနိုဆိုက်ကျူးလွန်နေတဲ့ နိုင်ငံမဟုတ်ဘူးဆိုတဲ့ အဖြေထွက်လာဖွယ်ရှိပါတယ်။ ထွက်လာမယ်လို့လည်း ယူဆပါတယ်။ UN နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ လက်ရှိမှာ UN ရဲ့ အဖွဲ့အစည်းတွေ အကုန်လုံးက ဟိုမှာအခြေစိုက်ပြီးတော့ UNDP၊ UNFPA တို့၊ ICRC အဖွဲ့ဝင်တွေအကုန်လုံးက ဒီမှာ ပူးပေါင်းဆောင်ရွက်နေတာ လက်တွေ့မှာ ရှိပါတယ်။

**ဦးကိုကို ။ ။ သူတို့ကယူဆချက်တစ်ခု ယူချင်တာပါ။ ရှင်းပါတယ်။ ကျွန်တော်တို့ဆောင်ရွက်ပြီးသား ကိစ္စတွေကို ဆောင်ရွက်ပါလို့ ပြောနေတယ်။ အဲဒီတော့ ကျွန်တော်တို့က သူတို့တစ်စုံတစ်ခု ချမှတ်လိုက်တဲ့အပေါ်မှာ ကျွန်တော်တို့က ပြန်လည်တုံ့ပြန်ဖြေရှင်းခွင့်၊ ဖြေရှင်းနိုင်တာ၊ Provisional Measures အပေါ် ပြောင်းလဲနိုင်တဲ့ကိစ္စတွေ ကျွန်တော်တို့မှာ ဆောင်ရွက်ခွင့်ရှိသလား။**

စာမျက်နှာ ၁၂ သို့ ☆

**“သို့သော် ကျွန်တော်တို့သိရမယ့်ဥစ္စာက အမှုတောင်မစသေးဘူး။ အဆင့်တွေအများကြီး သွားရဦးမယ်။ အဲဒီတော့ Provisional Measures ချတာကို မကြိုက်ရင် jurisdiction Challenge ဆိုတာ လုပ်လို့ရတယ်။ ဆိုလိုတာက တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် ရှိ၊ မရှိဆိုတာ ကျွန်တော်တို့က လျှောက်လဲလို့ရတယ်။ အဲဒီတော့ တရားရုံးက ရှိတယ်လို့ ဆုံးဖြတ်ရင်တော့ Provisional Measures က အတည်ဖြစ်သွားမယ်။ အဲဒီကျမှ တကယ့်အမှုကစမှာ။ အခုအမှုက မစသေးဘူး။ ကျွန်တော်တို့က Merits Case ရောက်လာရင်တော့ ဂျီနိုဆိုက်ဖြစ်ပေါ်ခြင်းလုံးဝမရှိတဲ့အတွက် အမှန်တရားက ပေါ်လာမှာပဲ။ ကျွန်တော်တို့ နိုင်မှာပဲ။ အဲဒီအပိုင်းကတော့ အသေအချာပါပဲ။**

☆ **စာမျက်နှာ ၁၁ မှ**

**ဦးကျော်တင့်ဆွေ** ။ ။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောချင်ပါတယ်။ ICJ ကချတဲ့ ဆုံးဖြတ်ချက်တွေအားလုံးက စောဒကတက်လို့မရဘူး၊ အယူခံဝင်လို့မရဘူး။ အဲဒီအချက်ကတော့ အရေးကြီးတဲ့အချက်ပါ။ ICJ မှာ ကျွန်တော်တို့ ဒီအမှုရောက်တယ်ဆိုတဲ့ဥစ္စာကိုက နိုင်ငံအတွက် အင်မတန်ဂုဏ်သိက္ခာကျပါတယ်။ ပိုပြီးတော့ စိတ်ထိခိုက်ဖွယ် ကောင်းတယ်ဆိုတာက ကျွန်တော်တို့ မလုပ်တဲ့ကိစ္စ၊ မဟုတ်တဲ့ကိစ္စကို စွပ်စွဲခံရတဲ့ကိစ္စပဲဖြစ်ပါတယ်။ ဒီကိစ္စဟာ အစိုးရကိုစွပ်စွဲတာလည်းမဟုတ်ဘူး၊ နိုင်ငံကိုစွပ်စွဲတာပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အင်မတန်မှ ထိခိုက်တဲ့ကိစ္စ၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေအတွက် အင်မတန်မှ ထိခိုက်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ ဒါမျိုးအမှုကိစ္စဟာ ၅ နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်ကြာတယ်။ အဲဒီအပိုင်းကို Merits Stage လို့ခေါ်တယ်။ Merits Stage ဆိုရင်တော့ ကျွန်တော် ပြောရဲတယ်။ ကျွန်တော်တို့နိုင်မှာပဲ။

အခု Provisional Measures ဆိုတာက အဲဒီဟာက နှစ်ပေါင်းများစွာကြာမှာဖြစ်တဲ့အတွက် အခြေအနေမဆိုးအောင် လိုရမည်ရ ဒီအချက်တွေကို ချမှတ်ပေးပါဆိုပြီး တောင်းထားတာပါ။ အခုနက ကျွန်တော်ပြောသလိုပဲ သူရဲ့သတ်မှတ်ချက်ကတော့ နိမ့်တဲ့အတွက် Provisional Measures ချကောင်းချနိုင်တယ်။

သို့သော် ကျွန်တော်တို့သိရမယ့်ဥစ္စာက အမှုတောင်မစသေးဘူး။ အဆင့်တွေ အများကြီးသွားရဦးမယ်။ အဲဒီတော့ Provisional Measures ချတာကို မကြိုက်ရင် jurisdiction Challenge ဆိုတာ လုပ်လို့ရတယ်။ ဆိုလိုတာက တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် ရှိ၊ မရှိဆိုတာ ကျွန်တော်တို့က လျှောက်လဲလို့ရတယ်။ အဲဒီတော့ တရားရုံးကရှိတယ်လို့ ဆုံးဖြတ်ရင်တော့ Provisional Measures က အတည်ဖြစ်သွားမယ်။ အဲဒီကျမှ တကယ့်အမှုက စမှာ။ အခုအမှုက မစသေးဘူး။ ကျွန်တော်တို့က Merits Case ရောက်လာရင်တော့ ဂျီနိုဆိုက်ဖြစ်ပေါ်ခြင်း လုံးဝမရှိတဲ့အတွက် အမှန်တရားက ပေါ်လာမှာပဲ။ ကျွန်တော်တို့ နိုင်မှာပဲ။ အဲဒီအပိုင်းကတော့ အသေအချာပါပဲ။

**ဦးသီဟန်မျိုးညွန့်** ။ ။ ကျွန်တော် ထပ်ပြီး ဖြည့်စွက်ချင်တာက ဒီ Provisional Measures အဆင့်ပြီးသွားတော့ Preliminary Objections ပြီးရင်တောင်မှ ပြီးမှ ကျွန်တော်တို့ရဲ့ Evidence တွေ သွင်းရတာပါ။ အဲဒီမှာမှ ကျွန်တော်တို့ရဲ့ Counter Memorial လို့ခေါ် တယ်။ Counter Memorial သွင်းပြီးတော့မှ ဒီ Merits Stage မှာ ကျွန်တော်တို့က ဟိုဘက်နဲ့ ဒီဘက် ဘယ်ဟာက အမှန်တရားလဲဆိုတာ တရားရုံးက ဆုံးဖြတ်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဘာကြောင့် ICJ ကို သွားလဲဆိုတာ မေ့လို့မရပါဘူး။

(ဆက်လက်ဖော်ပြပါမည်)

# ကမ္ဘာ့အင်အားကြီးနိုင်ငံများက လစ်ဗျားနိုင်ငံအား စစ်ဘက်ဆိုင်ရာထောက်ပံ့မှုရပ်ဆိုင်းမည်

**ထရီပိုလီ ဇန်နဝါရီ ၂၀**

မြောက်အာဖရိကနိုင်ငံတွင် ဖြစ်ပွားနေဆဲ ပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် နောက်ထပ် စစ်ဘက်ဆိုင်ရာ အထောက်အပံ့များ လစ်ဗျားနိုင်ငံသို့ ပံ့ပိုးမပေးရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

လစ်ဗျားပဋိပက္ခကို အဖြေတစ်ခု ရှာဖွေရေးမျှော်လင့်ချက်ဖြင့် ကုလသမဂ္ဂက ဇန်နဝါရီ ၁၉ ရက်တွင် ဂျာမနီနိုင်ငံဘာလင်မြို့တွင် လစ်ဗျားနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က မွမ်မာ အယ်လ်ကဒါဖီ၏ အာဏာရအစိုးရ အရေးနိမ့်ခဲ့ပြီးနောက်ပိုင်း စည်းလုံးမှုပြိုကွဲခဲ့ရသည်။ ပြီးခဲ့သည့်ဧပြီလမှစတင်ကာ လစ်ဗျားနိုင်ငံ၏ အနောက်ဘက်ပိုင်းကို ထိန်းချုပ်ထားသည့် ယာယီအစိုးရ၏ တပ်ဖွဲ့ဝင်များနှင့် နိုင်ငံ၏ အရှေ့ပိုင်းရှိ ခါလီဖာဟက်ဖ်တာ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများမှာ ပြင်းထန်လာခဲ့သည်။ အရှေ့ပိုင်းရှိ ခါလီဖာဟက်ဖ်တာ၏တပ်ဖွဲ့ဝင်များအား နိုင်ငံအသီးသီးက ထောက်ပံ့ပေးထားသည်။

ကုလသမဂ္ဂဦးဆောင်သည့် အစည်းအဝေးသို့ တူရကီ၊ အီဂျစ်နှင့် ရုရှားအပါအဝင် နိုင်ငံ ၁၂ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ တူရကီနိုင်ငံသည် လစ်ဗျားယာယီအစိုးရကို ထောက်ခံပြီး အီဂျစ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အခြားသောနိုင်ငံများက လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ ဟက်ဖ်တာ၏ တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးထားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ထားသည့်စစ်လက်နက်ကုန်သွယ်မှု ပိတ်ပင်မိန့်ကို အလေးထားလိုက်နာရန်နှင့် တိုက်ပွဲဖြစ်နေသော အဖွဲ့အစည်းများအား နောက်ထပ်အထောက်အပံ့မပေးရန် သဘောတူညီခဲ့ကြကြောင်း ယင်းအစည်းအဝေးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်က ပြောကြားသည်။

ကုလသမဂ္ဂဦးဆောင်သည့် ကွန်ဖရင့်မကျင်းပမီ မာကယ်အပါအဝင် အခြားသောနိုင်ငံ့ခေါင်းဆောင်များနှင့်အတူ ပြုလုပ်သည့် အစည်းအဝေးတွင် လစ်ဗျားနိုင်ငံမှ တိုက်ပွဲဖြစ်နေသော နှစ်ဖက်ခေါင်းဆောင်များသည် မတည်ငြိမ်သော အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်မည့် ပူးပေါင်းအဖွဲ့တစ်ဖွဲ့ တည်ထောင်ရန် သဘောတူညီခဲ့ကြသည်။




ကုလသမဂ္ဂဦးဆောင်သည့် ကွန်ဖရင့်သို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များကို တွေ့ရစဉ်။

လစ်ဗျားနိုင်ငံတွင် ဖြစ်ပွားနေသည့် ပြည်တွင်းပဋိပက္ခကို စစ်ရေးအရ ဖြေရှင်းခြင်း မလုပ်ဆောင်ရန် အစည်းအဝေးသို့ တက်ရောက်လာသည့်နိုင်ငံများမှ ခေါင်းဆောင်များက သဘောတူညီခဲ့ကြောင်းလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အလေးထား ပြောကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန်–အလင်းသစ်**



# ရုရှားက လွှတ်ပေးလိုက်သည့် ဂျပန်ငါးဖမ်းသင်္ဘော နီမူရိုသို့ ပြန်လည်ရောက်ရှိ

**မော်စကို ဇန်နဝါရီ ၂၀**

ဂျပန်ငါးဖမ်းသင်္ဘောတစ်စင်း ပြီးခဲ့သည့်သီတင်းပတ်က ရုရှားနယ်ခြားစောင့်တပ်ဖွဲ့၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီးနောက် နီမူရိုမြို့ရှိ မိခင်ဆိပ်ကမ်းသို့ ယနေ့တွင် ပြန်လည်ရောက်ရှိလာသည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အမှတ် ၆၈ ရှိုယိုမာရူ ဂျပန်ငါးဖမ်းသင်္ဘောကို စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းမှ ရုရှားနိုင်ငံက ထိန်းချုပ်ထားသည့် ကူနာရှီရီကျွန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

အဆိုပါ ငါးဖမ်းသင်္ဘောတွင် သင်္ဘောသားခြောက်ဦးပါရှိသည်။ ငါးဖမ်းသင်္ဘောမှာ နီမူရိုမြို့ရှိ ငါးလုပ်ငန်းအသင်းက ပိုင်ဆိုင်သည်။ သင်္ဘောသားများသည် ခွင့်ပြုချက်ဖြင့် ရုရှားနိုင်ငံ၏ ရေမိုင် ၂၀၀ အတွင်း ငါးဖမ်းဆီးမှုများ ပြုလုပ်နေခဲ့သည်။ သို့ရာတွင် ယင်းငါးဖမ်းသင်္ဘောမှာ ငါးဖမ်းဆီးခွင့် ဝင်ငွေခွန်တင်ပြခြင်းမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း ရုရှားအာဏာပိုင်များက ပြောကြားသည်။

တနင်္လာနေ့နံနက်ပိုင်းတွင် ရုရှားနိုင်ငံ၏ ငါးဖမ်းဆီးခွင့် စည်းမျဉ်းများကို ချိုးဖောက်သည့်အတွက် သင်္ဘောကပ္ပတိန်အား ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၁၀၀ ပေးရန် ရုရှားနိုင်ငံ တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ကူနာရှီရီကျွန်းသည် ရုရှားနိုင်ငံက ထိန်းချုပ်ထားသော ကျွန်းလေးကျွန်းအနက် တစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံက ၎င်းတို့ပိုင်ဖြစ်ကြောင်း အခိုင်အမာပြောကြားသည်။ အဆိုပါကျွန်းများမှာ ဒုတိယကမ္ဘာစစ်ပြီးနောက် တရားမဝင်သိမ်းပိုက်ခံခဲ့ရကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန်–အလင်းသစ်**

# ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွါအီဒို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့်တွေ့ဆုံမည်

**ဘိုဂိုတာ ဇန်နဝါရီ ၂၀**

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒိုသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့်တွေ့ဆုံရန် ကိုလံဘီယာနိုင်ငံသို့ သွားရောက်ခဲ့သည်။ လက်ရှိသမ္မတ နီကိုလပ်စ်မာဒူရိုနှင့် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့၏ နိုင်ငံရေးဆိုင်ရာအားပြိုင်မှုမှာ အကြိတ်အနယ်အဆင့်သို့ ရောက်ရှိနေသည်။

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးမိုက်ပွန်ပီယိုက ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒိုမှာ ရွေးချယ်ခြင်းခံရသော နိုင်ငံ့ခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။ ကျွန်တော်တို့အနေဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ ပြည်သူများအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးကို ဆောင်ရွက်ပေးချင်ကြောင်း မိုက်ပွန်ပီယိုက ဆက်လက်ပြောကြားသည်။ ဂွါအီဒိုကလည်း ကျွန်တော်တို့နိုင်ငံကို လွတ်မြောက်နိုင်မည့် အခြေအနေကောင်းကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂွါအီဒိုအား အာဏာတရားမဝင်ရယူသူအဖြစ်ဗင်နီဇွဲလားအမျိုးသားလွှတ်တော်က ကြေညာခဲ့ပြီး နိုင်ငံတွင်းမှ ထွက်ခွာခွင့်ကို ပိတ်ပင်ခဲ့သည်။ နီကိုလပ်မာဒူရိုသည် အမေရိကန်တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရန် ပြင်ဆင်လျက်ရှိသည်။

နိုင်ငံရေးနှင့် စီးပွားရေး ပဋိပက္ခများကြောင့် ဗင်နီဇွဲလားနိုင်ငံမှ ပြည်သူ ၄ ဒသမ ၅ သန်းခန့်မှာ ပြည်ပတွင် အခြေချရန်အတွက် နိုင်ငံတွင်းမှ ထွက်ခွာသွားခဲ့သည်။ သမ္မတနီကိုလပ်စ်မာဒူရို၏ မဟာမိတ်များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော တရားရုံးချုပ်နှင့် အမျိုးသားရွေးကောက်ပွဲကော်မရှင်တို့က ကြီးမှူးကျင်းပမည့် ပါလီမန် ရွေးကောက်ပွဲများကို ဆန့်ကျင်တိုက်ခိုက်သွားရန် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက သန္နိဋ္ဌာန်ချမှတ်ထားသည်။

ဝါရှင်တန်ပို့စ်သတင်းစာနှင့် ပြုလုပ်သော အင်တာဗျူးတွင် သမ္မတ နီကိုလပ်စ်မာဒူရိုက မိမိနိုင်ငံအပေါ် အမေရိကန်က ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများနှင့်ပတ်သက်၍ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးရန်ရှိကြောင်း ပြောကြားခဲ့သည်။


**ကိုးကား–အေအက်ဖ်ပီ**

**ဘာသာပြန်–စိုးသူရ**



ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒို။

# အိန္ဒိယဝန်ကြီးချုပ်က နှစ်ပတ်လည်စာမေးပွဲများမတိုင်မီ ကျောင်းသား ကျောင်းသူများအား အကြံပြုစကားပြောကြား



**နယူးဒေလီ ဇန်နဝါရီ ၂၀**

အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီသည် လာမည့်လတွင် စတင်မည့်နှစ်ပတ်လည်စာမေးပွဲများမတိုင်မီ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားများကို ဇန်နဝါရီ ၂၀ ရက်တွင် မိန့်ခွန်းပြောကြားခဲ့သည်။ လာမည့်စာမေးပွဲများအတွက် အကောင်းဆုံးပုံစံဖြစ်နေစေရန် မည်သို့ပြင်ဆင်ရမည်၊ စိတ်ဖိစီးမှုမရှိအောင် မည်သို့နေထိုင်ရမည်ကို ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများကို အကြံပြုပြောကြားခဲ့သည်။

စာမေးပွဲတွင် ထိပ်ဆုံးအဆင့်ရရှိရန်အတွက် ၎င်းတို့၏သားသမီးများကို ဖိအားမပေးရန်အတွက်လည်းကောင်း၊ တချို့သောအသက်မွေးမှုအခွင့်အလမ်းများကို ရွေးချယ်ဖို့ တွန်းအားမပေးရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ အသက်မွေးမှုအခွင့်အလမ်းများကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးရန်အတွက်လည်းကောင်း ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည့် စာမေးပွဲနှင့်ပတ်သက်သည့် ဆွေးနွေးပွဲအစီအစဉ်တွင် ဝန်ကြီးချုပ်မိုဒီက ကျောင်းသားမိဘများကို မေတ္တာရပ်ခံပြောကြားခဲ့သည်။

ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲနှင့်ပတ်သက်၍ ယခုအကြိမ်ပြောကြားချက်သည် လွန်ခဲ့သည့်ခြောက်နှစ်အတွင်း ဝန်ကြီးချုပ်မိုဒီ၏ ခြောက်ကြိမ်မြောက် ဆက်တိုက်ပြောကြားချက်ဖြစ်သည်။ ထိုသို့ပြောကြားစဉ် မိုဘိုင်းဖုန်း၊ တက်ဘလက်ဖုန်းများနှင့် ဗီဒီယိုဂိမ်းများကဲ့သို့ ခေတ်ပေါ်နည်းပညာအသုံးအဆောင်၊ ကိရိယာများကို စွဲလမ်းမှုမရှိစေရန်နှင့် ယင်းအသုံးအဆောင်၊ ကိရိယာများကို စွဲလမ်းခြင်းသည် ၎င်းတို့၏ သာမန်လူနေမှုဘဝကို ဆိုးကျိုးသက်ရောက်စေနိုင်သည်ဟု ဝန်ကြီးချုပ်မိုဒီက ကျောင်းသားများကို မေတ္တာရပ်ခံပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ကမ္ဘာပေါ်ရှိ ဘီလျံနာများ ကမ္ဘာ့ပြည်သူ ၆၀ ရာခိုင်နှုန်းထက် ပို၍ကြွယ်ဝချမ်းသာ

**နိုင်ရိုဘီ ဇန်နဝါရီ ၂၀**

ကမ္ဘာပေါ်၌ ဘီလျံနာအရေအတွက်မှာ ပြီးခဲ့သောဆယ်စုနှစ်အတွင်း နှစ်ဆများလာခဲ့ပြီး ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းထက် ပို၍ချမ်းသာကြကြောင်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်အခြေစိုက် ပရဟိတအဖွဲ့အစည်း Oxfam က ယနေ့ပြောကြားလိုက်သည်။ ကမ္ဘာပေါ်ရှိ ဆင်းရဲသောအမျိုးသမီးများ၊ မိန်းကလေးများအနေဖြင့် လုပ်အားခမရဘဲ နေ့စဉ်အလုပ်လုပ်ကိုင်နေရသည့် နာရီပေါင်း ၁၂ ဒသမ ၅ ဘီလီယံရှိပြီး လုပ်အားခများ၏တန်ကြေးမှာတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ ထရီလီယံရှိသည်ဟု ခန့်မှန်းထားသည်။

"သာမန်ပြည်သူတွေကြောင့် ဘီလျံနာတွေ အများကြီးအကျိုးဖြစ်ထွန်းပါတယ်။ ဘီလျံနာတွေ ရှိသင့်လား၊ မရှိသင့်ဘူးလားဆိုတဲ့မေးခွန်းကို လူတွေက စတင်မေးလာရင် အံ့အားသင့်စရာမရှိပါဘူး" ဟု Oxfam ၏ အိန္ဒိယနိုင်ငံဆိုင်ရာအကြီးအကဲ အမိတာဘီဟာက ပြောသည်။ တန်းတူညီမျှမှုမရှိခြင်းကို အဆုံးသတ်မည့်မူဝါဒမရှိပါက ဆင်းရဲချမ်းသာ ကွာဟမှုကို ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ နှစ်စဉ်ပြုလုပ်နေကျ ကမ္ဘာ့စီးပွားရေးဖိုရမ်မတိုင်မီ ဘီဟာက ပြောကြားခဲ့သည်။ Oxfam ၏ ကမ္ဘာလုံးဆိုင်ရာ တန်းတူညီမျှမှုမရှိခြင်းအစီရင်ခံစာကို အစဉ်အလာအားဖြင့် ဆွစ်အယ်လ်ပိုင်းအပန်းဖြေစခန်း၌ ဇန်နဝါရီ ၂၁ ရက်တွင်ဖွင့်လှစ်မည့် ကမ္ဘာ့စီးပွားရေးဖိုရမ်မတိုင်မီ ထုတ်ပြန်လေ့ရှိသည်။ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ် ၂၂ ဦးမှာ အာဖရိကတိုက်ရှိ အမျိုးသမီးများအားလုံးထက် ပို၍ကြွယ်ဝချမ်းသာကြောင်း အစီရင်ခံစာက ဆိုသည်။

ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များ၏ တစ်ရာခိုင်နှုန်းက ၎င်းတို့၏ ကြွယ်ဝချမ်းသာမှုနှင့်ပတ်သက်၍ အပိုဆောင်းအခွန် ဒသမ ၅ ရာခိုင်နှုန်းကို ၁၀ နှစ်ကြာ ပေးခဲ့မည်ဆိုပါက သက်ကြီးနှင့်ကလေးငယ်စောင့်ရှောက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတွင် အလုပ်အကိုင်နေရာပေါင်း ၁၁၇ သန်း ဖန်တီးရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ညီမျှမည်ဖြစ်ကြောင်း Oxfam က ပြောကြားသည်။ Oxfam ၏ အချက်အလက်များကို Forbes မဂ္ဂဇင်းနှင့် ဆွစ်ဇာလန်ဘဏ် Credit Suisse တို့ကို အခြေခံသော်လည်း စီးပွားရေးပညာရှင်အချို့က ထိုအချက်အလက်များကို အငြင်းပွားကြသည်။ ဘီလျံနာ ၂၁၅၃ ဦးက ကမ္ဘာ့အဆင်းရဲဆုံးပြည်သူ ၄ ဒသမ ၆ ဘီလီယံထက် ပို၍ကြွယ်ဝချမ်းသာကြသည်။

အမျိုးသမီးများမှာ ပညာသင်ကြားချိန်နှင့် သင့်တော်သောအလုပ်အကိုင်အခွင့်အလမ်း နည်းပါးကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီး ၄၂ ရာခိုင်နှုန်းမှာ မိသားစုကို ပြုစုစောင့်ရှောက်ရခြင်းကြောင့် အလုပ်အကိုင်မရရှိကြောင်း ၎င်းက ဆိုသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံပိုက်လိုင်းမီးလောင်မှုဖြစ်ပွား၊ လူလေးဦး သေဆုံး

**လေဂို့စ် ဇန်နဝါရီ ၂၀**

နိုင်ဂျီးရီးယားနိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် လေဂို့စ်မြို့တွင် သူခိုးများက ရေနံပိုက်လိုင်းကို ဖောက်၍ ရေနံခိုးယူရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူလေးဦး သေဆုံးပြီး ဈေးဆိုင်များနှင့် မော်တော်ယာဉ်အများအပြား မီးလောင်ခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။ ဇန်နဝါရီ ၁၉ ရက်က အဘူလီ-အက်ဂ်ဘာဒေသတွင် ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်သည် ယင်းကဲ့သို့သော မတော်တဆဖြစ်ရပ်များအနက် နောက်ဆုံးဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။

ယနေ့နံနက် ၄ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာနေရာမှ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ကလေးများ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆောက်အဦများ၊ ဈေးဆိုင်များနှင့် အချို့သောတွဲယာဉ်များ မီးလောင်ကျွမ်းခဲ့ကြောင်း အမျိုးသားအရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီ၏ ယာယီဇုန်နယ်ညှိနှိုင်းရေးမှူး အီဘရာဟင်ဖာရင်လိုရီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

လောင်စာဆီခိုးယူရန်အတွက် နိုင်ငံပိုင် လောင်စာဆီပိုက်လိုင်းကို ထိုးဖောက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ယင်းဒေသတွင် နေထိုင်သူများသည် တုန်လှုပ်ချောက်ချားခဲ့ကြကြောင်း၊ မီးသတ်သမားများက မီးတောက်များကို မငြိမ်းသတ်မီအခင်းဖြစ်နေရာတွင် မီးခိုးလုံးကြီးများ တလိပ်လိပ်တက်နေကြောင်း ဖာရင်လိုရီက ပြောကြားသည်။ လေဂို့စ်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီကလည်း ယင်းဖြစ်ရပ်ကို အတည်ပြုသည်။

အာဖရိကတိုက်၏ အကြီးမားဆုံးရေနံထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံသည် ကြီးမားကျယ်ပြန့်သည့်နိုင်ငံတစ်ဝန်း ရေနံစိမ်းနှင့် ဓာတ်ဆီများ သယ်ယူပို့ဆောင်ရန်အတွက် ရေနံပိုက်လိုင်းကွန်ရက်ကို တည်ထောင်ခဲ့သည်။ လောဘသမားများက ရေနံခိုးယူရန်အတွက် ရေနံပိုက်လိုင်းများကို ထိုးဖောက်ခဲ့ရာ ရံဖန်ရံခါ မီးလောင်ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့သဖြင့် မကြာသေးမီနှစ်များအတွင်းက လူပေါင်းရာနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ကြသည်။ ၂၀၁၈ ခုနှစ်က အဘူလီ-အက်ဂ်ဘာဒေသ၌ ဖြစ်ပွားခဲ့သည့် အလားတူဖြစ်ရပ်တွင် လူအများအပြားသေဆုံးခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# အင်ဒိုနီးရှားအနောက်ပိုင်း၌ ကြိုးတံတားကျိုးကျ ရုပ်အလောင်းကိုးလောင်း ရှာဖွေတွေ့ရှိ

**ဂျကာတာ ဇန်နဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဘန်ကူလူပြည်နယ်၌ ယမန်နေ့က ကြိုးတံတားတစ်စင်းကျိုးကျပြီးနောက် ကယ်ဆယ်ရေးသမားများက ရုပ်အလောင်းကိုးလောင်း ပြန်ရခဲ့ပြီး ပျောက်ဆုံးနေသူတစ်ဦးကို ရှာဖွေနေသည်ဟု ပြည်နယ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးအကြီးအကဲ အဗ္ဗဒူမာလစ်က ယနေ့ပြောကြားလိုက်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ Kaur ခရိုင်ရှိ အဆိုပါတံတားမှာ ဂျကာတာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် လူ ၁၇ ဦး အသက်ရှင်ကျန်ရစ်ခဲ့သော်လည်း ဒဏ်ရာများရရှိခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ "ကျွန်တော်တို့ ကျိုးကျတံတားအောက်က အလောင်းကိုးလောင်းကို ပြန်ရခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ လက်ရှိပစ်မှတ်က ပျောက်ဆုံးနေဆဲ လူတစ်ယောက်ကို ရှာဖွေဖို့ဖြစ်ပါတယ်" ဟု မာလစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် ကယ်ဆယ်ရေးသမားများက ပျောက်ဆုံးသူကို ရေစုန်ဧရိယာ၌ ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်ဟု သူကပြောသည်။

ရှာဖွေရေးပြုလုပ်သောဧရိယာမှာ ၂၇ ကီလိုမီတာရှိကာ တံတားမှစတင်၍ မြစ်ဝ၌အဆုံးသတ်မည်ဟု ၎င်းက ဆိုသည်။ ကယ်ဆယ်ရေးသမားများက ရော်ဘာလှေများ အသုံးပြုခဲ့သော်လည်း မြစ်ရေစီးကြမ်းခြင်းက ရှာဖွေရေးလုပ်ငန်းကို အဟန့်အတားဖြစ်စေခဲ့သည်။ "ရက်အတော်ကြာ မိုးသည်းထန်စွာရွာသွန်းခဲ့လို့ မြစ်ရေစီးသန်နေဆဲဖြစ်ပါတယ်။ အခုချိန်မှာ ကျွန်တော်တို့အတွက် ဒါက အတားအဆီးတစ်ခု ဖြစ်နေပါတယ်" ဟု မာလစ်က ပြောသည်။ မိုးသည်းထန်စွာရွာသွန်းမှုမှာ သဘာဝဘေးအန္တရာယ်ကြောင့်ဟု အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဩဂတ်စ်ဝီဘိုဝိုကပြောသည်။

ယခုလနှင့် ဖေဖော်ဝါရီလအတွင်း အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ဒေသအများစု၌ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားနိုင်သည်ဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပအေဂျင်စီက သတိပေးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# စာသင်ကျောင်းခေါင်မိုးပြိုကျမှုကြောင့် အာဖဂန်ကလေးငယ် လေးဦးထက်မနည်း သေဆုံး၊ ၁၀ ဦး ဒဏ်ရာရရှိ

**ကန်ဒါဟာ ဇန်နဝါရီ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်မြို့တော်ကန်ဒါဟာရှိ မိန်းကလေးစာသင်ကျောင်းတစ်ခုတွင် ခေါင်မိုးပြိုကျမှု ယနေ့ဖြစ်ပွားခဲ့ရာ ကလေးငယ်လေးဦးထက်မနည်း သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

"ဒီနေ့မွန်းတည့်ချိန်လောက်မှာ ကန်ဒါဟာပြည်နယ်ဟာကိမ်ဆာဟစ်ဘ်ဒေသမှာရှိတဲ့ မိန်းကလေးစာသင်ကျောင်းခေါင်မိုး ပြိုကျခဲ့တာပါ။ ခေါင်မိုးပြိုကျမှုဟာ မကြာသေးမီက ကန်ဒါဟာပြည်နယ်မှာ အတော်ကြာရွာသွန်းခဲ့တဲ့ မိုးကြောင့်ဖြစ်ပါတယ်"ဟု ခရိုင်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ ခေါင်မိုးပြိုကျမှုကြောင့် ဒဏ်ရာရရှိသူဦးရေလည်း အပြောင်းအလဲရှိနိုင်ပြီး ဒဏ်ရာရရှိသူများ၏ ဆွေမျိုးသားချင်းများကို အကြောင်းကြားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်မက်ဖြစ်ပွားရာ အာဖဂန်နစ္စတန်နိုင်ငံ၏ ကျေးလက်ဒေသနေသူများသည် အဓိကအားဖြင့် ရွှံ့အိမ်များကို တည်ဆောက်ခဲ့ကြပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆီးနှင်းထုကျဆင်းမှုများအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် မကြာခဏထိခိုက်ပျက်စီးလေ့ရှိသည်။

ထို့အတူ ယခုလအစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် စပင်ဘိုလ်ဒါ့ခ်ခရိုင်၌ အဆောက်အဦတစ်လုံး ခေါင်မိုးပြိုကျခဲ့ရာ ကလေးငယ်ခြောက်ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ဝိုင်းဝန်းရိုက်နှက် ဆိုင်ကယ်လုယူသူများအား ရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖမ်းမိ



**မန္တလေး ဇန်နဝါရီ ၂၀**
မန္တလေးမြို့တွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၁ နာရီခွဲခန့်က ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးကို ဝိုင်းဝန်းရိုက်နှက်၍ ဆိုင်ကယ်ယူဆောင်သွားသူများအား ရဲတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဟိုတယ်ဝန်ထမ်းအမျိုးသားတစ်ဦးနှင့် ညော့သည်အမျိုးသားတစ်ဦးတို့ ဈေးဆိုင်မှ ဈေးဝယ်ပြီး ဆိုင်ကယ်ဖြင့် ပြန်လာစဉ် လမ်း ၃၀၊ ၆၈/၇၀ လမ်းကြား အရောက်တွင် လူလေးဦးစီးလာသော ဆိုင်ကယ်ပေါ်မှ လူတစ်ဦးက ခါးပတ်နှင့် ရိုက်သဖြင့် ရပ်တန့်စဉ် လူငယ်လေးဦးက ထပ်မံဝိုင်းဝန်းရန်ပြုသဖြင့် ထွက်ပြေးခဲ့ရကြောင်း၊ ထိုလူလေးဦးက ဆိုင်ကယ်ကို ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၃)နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဦး၏ ကြီးကြပ်မှုဖြင့် လှည့်ကင်းအဖွဲ့က ပြစ်မှုကျူးလွန်သူများအား လိုက်လံရှာဖွေခဲ့ရာ ထွန်းထွန်းကျော်(ခ)ထွန်းကျော် စိတ္တရမဟီရပ်ကွက် ချမ်းအေးသာစံမြို့နယ်၊ ဝေဖြိုး မင်းတဲအီကင်းရပ်ကွက် အောင်မြေသာစံမြို့နယ်၊ နေထက်လင်း(ခ) တရုတ်နီနှင့် ကျော်ထက် ချမ်းမြသာစည်မြို့နယ်နေသူတို့ဖြစ်ကြောင်း၊ လုယူသွားပြီး ဝှက်ထားသော ဆိုင်ကယ်နှင့် အခင်းဖြစ်ပွားစဉ် ရိုက်နှက်ရာ၌ အသုံးပြုခဲ့သော ခါးပတ်တို့ကို သိမ်းဆည်းပြီး ထွန်းထွန်းကျော်(ခ)ထွန်းကျော်ပါ လေးဦးကို အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ဇန်နဝါရီ ၁၃ ရက်က အလက(သံဘို)ရှိ ကျောင်းသား ကျောင်းသူ ၁၂၀ တို့အား မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရုံးစည်ကြီးရဲစခန်းမှ ရဲစခန်းမှူး ရဲအုပ်စိုးထွန်း သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မှုခင်းအသိပညာပေး ဟောပြောစဉ်။ မော်ကြီး

# တိုင်းဒေသကြီးနှင့် မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များက တရားမဝင်သစ်များကို



လိုက်လံဖမ်းဆီးလျက်ရှိသည်။

ထိုသို့ ဖမ်းဆီးခဲ့ရာ ပေါက်မြို့နယ် ရေဖြူငယ်တောတိုက်၏ အနောက်မြောက်ဘက် ၁ မိုင် ၄ ဖိုင်လုံခန့်အကွာ ကျောကြိုးဝိုင်းအကွက်အမှတ်(၂၄) အတွင်း သရက်ချဉ်ချောင်းဘေးနေရာ၌ တရားမဝင် ကျွန်း/သစ်ရာ/အင်သစ်/ခွဲသား ၅ ဒသမ ၉၁၉၈ တန်၊ အုတ်တွင်းမြို့နယ် ဇောဓိကုန်းကျေးရွာ သုသာန်တောင်ဘက် ၁ ဖာလုံခန့်အကွာနေရာ၌ တရားမဝင်ကျွန်းခွဲသား ၆ ဒသမ ၈၃၂၂ တန်၊ လယ်ဝေးမြို့နယ် ရုံးပင်ကြိုးဝိုင်းအကွက်အမှတ်(၁၅)အတွင်း တရားမဝင် ရင်းစပ်/သံသေ/ပိုးမဲဇာသစ် ၈ ဒသမ ၅၃၂၀ တန်၊ မဘိမ်းမြို့နယ် ညောင်ပင်သာဘိနယ် အုံဒုတ်ကြိုးဝိုင်းအကွက်အမှတ်(၁၄) ၌ တရားမဝင် ကျွန်း/ပျဉ်းကတိုး/အင်ကြင်း/အင်သစ်/ခွဲသား ၂၇ ဒသမ ၀၆၇၂ တန်နှင့် သစ်စက်အင်ဂျင်တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဗန်းမောက်မြို့နယ် ဗန်းမောက်-မံစီသွားကားလမ်းတွင် NISSAN ယာဉ်ပေါ်မှ တရားမဝင် တမလန်းခားရွေ ၃ ဒသမ ၈၈၈၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး တရားခံအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဖားကန့်မြို့နယ်၌ စွန့်ပစ်မြေစာပုံဟောင်းပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံး

**ဖားကန့် ဇန်နဝါရီ ၂၀**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နန့်မော်ကျေးရွာအနီး၌ ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက ကျောက်မျက်တူးဖော်ရေးလုပ်ကွက်ဟောင်း မြေစာပုံပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နန့်မော်ကျေးရွာ ရတနာစန်းရွှင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအနီး ပေ ၅၀၀ ခန့်အမြင့်ရှိ စွန့်ပစ်မြေစာပုံဟောင်းမှ မြေစာများ ပြိုကျခဲ့၍ ရေမဆေး ကျောက်ရှာဖွေနေသူ ကောင်ဆန်ကျေးရွာနေ ဦးလုထွန်းဖြူအား မြေစာများ ဖုံးလွှမ်းသွားခဲ့သည်။

သေဆုံးသူအား ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဘက်ဟိုးယာဉ်ဖြင့် တူးဖော်ရှာဖွေ၍ ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိ

**အင်းတော် ဇန်နဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တပ်လွှင်ကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်းသစ်လုံးများနှင့် ကျွန်းခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကသာခရိုင် သစ်တောဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့၊ အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်လင်းဝင်းအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် တပ်လွှင်ကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ် (၅၀)၊ (၅၃)၊ (၅၄) အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေစဉ် တရားမဝင်ကျွန်းသစ် ၁၂၁ လုံး၊ ကျွန်းခွဲသား ၉၇ ချောင်း (စုစုပေါင်း ၃၅ ဒသမ ၈၈၇၆ တန်) တွေ့ရှိသိမ်းဆည်းရမိသဖြင့် အဆိုပါ တရားမဝင်သစ်များ ခုတ်လှဲသူများအား စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ကျော့မြို့အနီးတောလမ်းတွင် ယာဉ်တစ်စီး တိမ်းမှောက်၊ တစ်ဦးသေ

**ဂန့်ဂေါ ဇန်နဝါရီ ၂၀**
ဂန့်ဂေါမြို့နယ် ကျော့မြို့ဒေသ ရွှေပင်ကျေးရွာအနီး ကန်လယ်တောမှ ရွှေပင်ကျေးရွာသို့သွားသည့် တောလမ်း၌ ဇန်နဝါရီ ၁၉ ရက်က ယာဉ်တစ်စီး တိမ်းမှောက်ရာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသောယာဉ်သည် ရွှေပင်ကျေးရွာအနီး တောလမ်း၌ တိမ်းမှောက်ခဲ့ရာ ပုလဲမြို့နယ် အင်တိုင်းသာကျေးရွာမှ ဦးမှတ်ဥမှာ သစ်ခွဲသားများပိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်တွင် တရားမဝင်ပျဉ်းကတိုးခွဲသား ၃၄ ချောင်း (၄ ဒသမ ၃၈၅၄ တန်)၊ သစ်ရာခွဲသား လေးချောင်း (သုည ဒသမ ၆၈၉၆ တန်) တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဂန့်ဂေါမြို့နယ် သစ်တောဦးစီးဌာနမှ တရားလိုပြုလုပ်ကာ ဂန့်ဂေါမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူကြောင်း သိရသည်။

**စိန်ကျော်**

# သုံးခွမြို့ အမှတ် (၂) ရပ်ကွက်တွင် မီးလောင်မှုဖြစ်

**သုံးခွ ဇန်နဝါရီ ၂၀**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၂) ရပ်ကွက် သွန်းဘုရားလမ်းတွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က နေအိမ်၌ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်သန်းညွန့်၏ သွပ်မိုးအုတ်ညှပ်နှစ်ထပ်နေအိမ်အပေါ်ထပ်တွင် ဖုန်းအားသွင်းရာမှ အပူလွန်ကဲပြီး မီးပလတ်ခုံမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သန်းညွန့်အား သုံးခွမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ဖောင်းပြင်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းတွင် ဖောင်းပြင်မြို့နယ် ဗျူဟာလမ်းမကြီး-မိုင်းချောင်းကျေးရွာသွား တောလမ်းတွင် စံမင်းထွန်းနှင့် ဝင်းနိုင်တို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် နှစ်စီးကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် လားရှိုးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာနေ မန့်ကပ်ပါး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလိုနှင့် ငွေကျပ် ၁၄၄၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ဝန်ထမ်းခန့်အပ်ပြီးသွားသည့် အလုပ်ရာထူးနေရာများကို Website မှ နေ့စဉ်ဖယ်ရှားပေးနေသော
VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
www.vacjobsearch.com
MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ။ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်။
Email : cv@vacjobsearch.com Ph : 01-395921,01-395922, 09-5102094, 09-73022727

# ကျိုတိုမှပေးစာများ - ၁၂

# နာအိုယာရှီဂါ အိမ်တော်၊ ကာဆူဂါနတ်ကွန်းနှင့် ကိုဖုခုဂျိဘုရားကျောင်း

■ အောင်အောင် IR

စာရေးသူတို့ ဘတ်စ်ကားနဲ့ နာရာဘူတာမှ နာရာပန်းခြံဆီသို့အသွား နာရာပန်းခြံမှာ မဆင်းဘဲ နောက်ထပ် နှစ်မှတ်တိုင်၊ သုံးမှတ်တိုင်ခန့် ဆက်စီးသွားပြီး ရှေ့မှာ ဘယ်ထင်ရှားတဲ့နေရာမှ မတွေ့ရလို့ ရောက်တဲ့မှတ်တိုင်မှာဆင်းကာ ပန်းခြံဘက်ဆီ ပြန်လျှောက်ခဲ့ပါတယ်။ လမ်းမှာအမှတ်မထင် နာအိုယာရှီဂါအိမ်တော် (Former Residence of Naoya Shiga) သို့ဆိုပြီး အတွင်းလမ်းတစ်ခုကို ညွှန်ပြထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်လေးတစ်ခု တွေ့ပါတယ်။ အဲဒီ အိမ်တော်ကို နာရာမြို့ရောက်ရှိ လည်ပတ်ခိုက် ဂျပန်ရိုးရာအိမ်အခင်းအကျင်းကို စိတ်ဝင်စားသူတွေ အနေနဲ့ သွားသင့်တဲ့ နေရာတစ်ခုအဖြစ် ခရီးသွားကြော်ငြာတွေမှာ တွေ့ရလေ့ရှိပါတယ်။


**နာအိုယာရှီဂါ အိမ်တော်**

နာအိုယာရှီဂါ(၁၈၈၃-၁၉၇၁) ဆိုတာ ခေတ်သစ်ဂျပန်စာပေသမိုင်းမှာ ထင်ရှားတဲ့ ဝတ္ထုဆရာတစ်ဦး ဖြစ်ပါတယ်။ နာအိုယာရှီဂါဟာ ဒီနာရာမြို့က အိမ်တော်ကို ကျွမ်းကျင်လက်သမားတွေ ငှားရမ်းပြီး သူ့စိတ်တိုင်းကျ ဂျပန်ဗိသုကာပုံစံ ဆောက်လုပ်စေခဲ့ကာ ၁၉၂၅ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ မိသားစုနဲ့အတူ နေထိုင်ခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ ဗိသုကာလက်ရာပုံစံမှာ သစ်သားနဲ့ အဓိကတည်ဆောက်ပြီး ဂျပန်ရိုးရာ လက်ဖက်ရည်ခန်းနဲ့ ပန်းအလှ အနုပညာကို အလေးပေးထည့်သွင်းထားပါတယ်။ အိမ်နဲ့ခြံဝင်းမှာ မကျဉ်းမကျယ်ဖြစ်ပြီး စံအိမ်အတွင်း အိပ်ခန်း၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ ကလေးငယ်တွေ အိပ်ခန်း၊ အိမ်ဖော်အိပ်ဖို့နေရာ၊ စာကြည့်ခန်း၊ လက်ဖက်ရည် တည်ခင်းတဲ့အခန်း၊ ကလေးများ စာဖတ်ခန်း၊ အိမ်တွင်းပန်းဥယျာဉ်ငယ်နဲ့ အိမ်ပြင်ပ ခြံဝင်းပန်းဥယျာဉ်စသဖြင့် ဂျပန်ရိုးရာအိမ်တစ်လုံးရဲ့ အသွင်အပြင်တွေကို ပြည့်ပြည့်စုံစုံမြင်တွေ့ရပါတယ်။ စက္ကူအကွက်ငယ်တွေ၊ သစ်သားတွေနဲ့ ပြုလုပ်ထားတဲ့ အိမ်အလှနံရံတွေ၊ ဂျပန်ရိုးရာမြက်ဖျာခင်းကျင်းထားတဲ့ အခန်းတွေမှာ များစွာရိုးရှင်းပြီး ဆွဲဆောင်မှု ရှိလှပါတယ်။ အိမ်အတွင်း ပြတင်းပေါက်တွေကနေ အိမ်တွင်းနဲ့ အိမ်အပြင် ပန်းဥယျာဉ်ရှုခင်းတွေကို မြင်တွေ့ရတာက အခန်းနံရံတွေအပေါ် သဘာဝပန်းချီကားတွေ ချိတ်ဆွဲထားသလို များစွာနှစ်လိုဖွယ် ဖြစ်ပါတယ်။ ဆိုရရင် စံအိမ်တော်ဟာ များစွာ ကြီးမားခမ်းနားလှတာ မဟုတ်တဲ့တိုင် ခဏကာလအတွင်း ဂျပန်ရိုးရာ လူနေမှုသဘောသဘာဝကို မျက်စိမြင်ကွင်းတစ်ခုအတွင်း ပီပီပြင်ပြင်မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အိမ်အတွင်းမှာ ဓာတ်ပုံတွေ လွတ်လပ်စွာ ရိုက်ကူးခွင့်ပြုထားတဲ့အတွက် အခန်းထဲက ဂျပန်ရိုးရာ မြက်ဖျာတွေမှာ ကိုယ်တိုင်ကိုယ်ကျ ထိုင်လျက်၊ လဲလျောင်းလျက် ကိုယ်တိုင်အိမ်ရှင်သဖွယ် ပြုမူခံစားနိုင်ပါတယ်။ စာရေးသူတို့ ညီအစ်ကိုနှစ်ဦး ရောက်ရှိချိန်က နံနက်စောစောဖြစ်လို့ အိမ်တော်ကို အဲဒီနေ့အတွက် ပထမဆုံး ရောက်ရှိလာတဲ့ ဧည့်သည်နှစ်ဦးပင် ဖြစ်ပါတယ်။ အိမ်တော်ဟာ နာရာပန်းခြံ အဓိက လည်ပတ်စရာနေရာတွေနဲ့ ၁၀ မိနစ်ခန့် လမ်းလျှောက်အကွာအဝေးမှာ တည်ရှိပြီး လမ်းသွယ်အတွင်း အနည်းငယ်ဝင်ရလို့ လူအရောက်အပေါက် နည်းကောင်း နည်းနိုင်ပါတယ်။ ဒါပေမယ့် နာရာသို့ရောက်ရှိပါက ကြီးမားလှတဲ့ ဂျပန်ယဉ်ကျေးမှု အဆောက်အဦကြီးတွေကို လေ့လာလည်ပတ်တဲ့နည်းတူ စာပေပညာရှင်တစ်ဦးရဲ့ ဂျပန်ရိုးရာ စံအိမ်တော်ကိုလည်း ဝင်ရောက်လေ့လာသင့်ပါကြောင်း အကြံပြုပါရစေ။ စံအိမ်တော် ဝင်ကြေးက တစ်ဦး ယန်း ၃၀၀ ဖြစ်ပါတယ်။



ကိုဖုခုဂျိဘုရားကျောင်းအတွင်းရှိ ပင်မရွှေရောင်ခန်းမကြီး။



နာရာမြို့မှ နာအိုယာရှီဂါ အိမ်တော်။

**ကာဆူဂါနတ်ကွန်း**

ကာဆူဂါနတ်ကွန်းက နာရာမြို့မှာ အထင်ရှားဆုံး နတ်ကွန်းတစ်ခုဖြစ်ပြီး ခရီးသွားတိုင်း မဖြစ်မနေသွားရောက်ကြတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ နာရာရဲ့ အဓိကနေရာနှစ်ခုဖြစ်တဲ့ တိုးဒိုင်းဂျိဘုရားကျောင်းနဲ့ ကာဆူဂါနတ်ကွန်းတို့မှာ နာရာပန်းခြံရဲ့ အလယ်ဗဟို လမ်းတစ်ဖက်တစ်ချက် ဟိုဘက်၊ ဒီဘက်တည်ရှိတော့ နတ်ကွန်းကို အလွယ်တကူ ရောက်ရှိနိုင်ပါတယ်။ ကာဆူဂါနတ်ကွန်း ဝင်ကြေးမှာ တစ်ဦး ယန်း ၅၀၀ ကျသင့်ပြီး တွဲလျက် ဆက်စပ်တည်ရှိတဲ့ Shinen Manyo Botanical Garden နဲ့ Treasure House တို့ကို ထပ်မံဝင်ရောက်ရင် နောက်ထပ် ယန်း ၅၀၀နဲ့ ယန်း ၄၀၀ အသီးသီးကျသင့်မှာ ဖြစ်ပါတယ်။

ကာဆူဂါနတ်ကွန်းရဲ့ သတင်းအချက်အလက်တွေအရ နတ်ကွန်းရဲ့ သမိုင်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀၀ ကျော်အထိ ခြေရာကောက်နိုင်ပြီး ၇၁၀ ပြည့်နှစ်မှာ နာရာမြို့ကို ဂျပန်နိုင်ငံရဲ့ ပထမဆုံးမြို့တော်အဖြစ် တည်ထောင်ခဲ့ပြီးတဲ့နောက် စွမ်းအားကြီးမားတဲ့ နတ်ဘုရားတစ်ပါး (Takemikazuchi- no-mikoto) အား ယခု နတ်ကွန်းတည်ရှိရာ အနောက်ဘက်ရှိ မီကာဆာတောင် (Mt. Mikasa) ကို ဖိတ်ခေါ်ခဲ့ရာမှ အစပြုခဲ့တယ်လို့ ဆိုပါတယ်။ နတ်ကွန်း တည်ဆောက်မှုဟာ စစ်သည်တော်တွေနဲ့ သက်ဆိုင်တဲ့ နတ်ဘုရား (Takemikazuchi-no-mikoto)၊ နိုင်ငံတော် တည်ဆောက်ရေး ဦးစီးလုပ်ကိုင်သူတွေကို ရည်ညွှန်းတဲ့ နတ်ဘုရား (Futsunushi-no-mikoto)၊ အသိဉာဏ်ပညာနဲ့ ရိုးရာယဉ်ကျေးမှုကို ကိုယ်စားပြုတဲ့ နတ်ဘုရား (Amenokoyane-no-mikoto) နဲ့ နေနတ်သမီးအဖြစ် သတ်မှတ်ကြည်ညိုခြင်းခံရတဲ့ နတ်ဘုရားရဲ့ဇနီး (Himegami) တို့ကို ရည်စူးတဲ့ ခန်းမကြီးလေးဆောင်နဲ့အတူ ၇၆၈ ခုနှစ်မှာ ပြီးစီးခဲ့တယ်လို့ မှတ်တမ်းများမှာ ဖော်ပြပါတယ်။ ခြုံပြီးဆိုရရင် နတ်ကွန်းဟာ ဂျပန်နိုင်ငံရဲ့ မြို့တော်အသစ် နာရာကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့ နတ်ဘုရားကို ရည်စူးဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ နတ်ကွန်းဟာ တိုးဒိုင်းဂျိဘုရားကျောင်းလိုပဲ အစပိုင်းဝင်းအတွင်းအဝင်မှာ အခကြေးငွေ မပေးရပေမယ့် အတွင်းထဲအထိ ဝင်မယ်ဆိုရင် ဝင်ကြေးပေးရပါတယ်။ နတ်ကွန်းရဲ့ အဆောင်အများအပြားမှာ လက်ဆွဲမှန်မီးအိမ်များ အစီအရီ ချိတ်ဆွဲထားပြီး ခရီးသွားတွေအကြားမှာတော့ အဲဒီမှန်မီးအိမ်တွေဟာ နတ်ကွန်းရဲ့ သင်္ကေတတွေအဖြစ် လူပြောများပါတယ်။ နတ်ကွန်းအတွင်းပိုင်းဟာ များစွာကျယ်ပြောလှတာမဟုတ်ဘဲ အတွင်းအဆောင်တစ်ခုမှာ အမှောင်လုံးလုံးချထားတဲ့ အခန်းတစ်ခန်းရှိပြီး အဲဒီအမှောင်ခန်းအတွင်း လမ်းတစ်လျှောက်မှာ မီးမှိန်မှိန်ထွန်းထားတဲ့ လက်ဆွဲမီးအိမ် ရာနဲ့ချီပြီးထားရှိပါတယ်။ အခန်းအဝင် လိုက်ကာကို ဖွင့်ပြီး အခန်းထဲဝင်၊ အမှောင်ထဲမှာ မီးအိမ် အလင်းရောင်နဲ့ လမ်းအဆုံးအထိလျှောက်၊ ပြီး အခန်းက ပြန်ထွက် အဲဒီအမှောင်လမ်းတစ်လျှောက် မီးအိမ်အလင်းရောင် မှိန်ဖျော့ဖျော့နဲ့ စက္ကန့်ပိုင်းလောက် လမ်းလျှောက်ရတာကိုက ဆန်းသစ်တဲ့ အတွေ့အကြုံတစ်ခုကို ပေးပါတယ်။ စာရေးသူကတော့ အဲဒီမှာ နှစ်ခေါက်ပြန်လျှောက်ခဲ့ပါတယ်။ ဝင်ကြေး သီးသန့်ထပ်မံပေးစရာ မလိုပါဘူး။ ရောက်ရင် အဲဒီကို သွားလျှောက်ဖြစ်အောင် လျှောက်ပါ။

**ကိုဖုခုဂျိဘုရားကျောင်း**

ကိုဖုခုဂျိဘုရားကျောင်းဟာ နာရာခရီးသွားလမ်းညွှန်တိုင်းလိုလိုမှာ မသွားမဖြစ် သွားသင့်တဲ့ ခရီးစဉ်ထဲမှာ ပါဝင်ပြီး တိုးဒိုင်းဂျိဘုရားကျောင်း၊ ကာဆူဂါနတ်ကွန်းတို့နဲ့ ၁၀ မိနစ်ခန့် လမ်းလျှောက်ရတဲ့ အကွာအဝေးမှာ တည်ရှိပါတယ်။ လမ်းတစ်လျှောက် မြေစိုက်လမ်းညွှန်မြေပုံများအတိုင်းသာ လျှောက်ပါ။ ဘုရားကျောင်းဆီ ရောက်ပါလိမ့်မယ်။ ကိုဖုခုဂျိဘုရားကျောင်းဟာ ကျယ်ဝန်းတဲ့ မြေကွက်လပ်ကြီးပေါ်မှာ ပင်မရွှေရောင်ခန်းမကြီး (Central Golden Hall)၊ အရှေ့ဘက် ရွှေရောင်ခန်းမ (Eastern Golden Hall)၊ ကိုဖုခုဂျိအမျိုးသားရတနာပြတိုက် (Kofukuji's National Treasure Museum) စသဖြင့် ခွဲခြားတည်ရှိပြီး အရှေ့ဘက်ခန်းမအနီး ဘေးမှာ ၅၀ ဒသမ ၁ မီတာ (၁၆၄ ဒသမ ၃၇ ပေ) အမြင့်ရှိတဲ့ ဂျပန်နိုင်ငံမှာ ဒုတိယအမြင့်မားဆုံး သစ်သားနဲ့ တည်ဆောက်ထားတဲ့ ငါးထပ်ဘုရား (The Five Storied Pagoda) လည်း တည်ရှိပါတယ်။ အတွင်းကိုတော့ ဝင်ခွင့်မပြုပါဘူး။

အင်မတန်မှ လက်ရာမြောက်ပြီး အဲဒီငါးထပ်ဘုရားကို တွေ့မြင်ရတာနဲ့တင် ကိုဖုခုဂျိဆီ လာရတာ တန်နေပါပြီ။ အဲဒီငါးထပ်ဘုရားနဲ့ ခပ်လှမ်းလှမ်းအတွင်းပိုင်း ကိုဖုခုဂျိဘုရားကျောင်းဝင်းအတွင်းမှာပဲ သစ်သားနဲ့ တည်ဆောက်ထားတဲ့ ဆင်တူသုံးထပ်ဘုရားတစ်ဆူရှိပါတယ်။ အဲဒီငါးထပ်ဘုရားကို ဂျပန်ဘုရင် ရှိုးမူ (Emperor Shōmu) ရဲ့ မိဖုရားခိုမြို (Empress Komyoh) (၇၀၁-၇၆၀) က ၇၃၀ ပြည့်နှစ်က တည်ဆောက်ခဲ့ပြီး အကြိမ်ကြိမ် ပြင်ဆင်ခဲ့ရာ လက်ရှိအသွင်သဏ္ဍာန် အဆောက်အဦကို ၁၄၂၆ ခုနှစ်မှာ အပြီးသတ်မွမ်းမံခဲ့တယ်လို့ သိရပါတယ်။



ကာဆူဂါနတ်ကွန်းအတွင်းမှ ရာချီရှိသည့် လက်ဆွဲမီးအိမ်များ။

ကိုဖုခုဂျိဘုရားကျောင်းကို နာရာနဲ့ ဟေရန်ခေတ်ကာလ (၇၁၀-၁၁၈၅) ဂျပန်နိုင်ငံရေးကို လွှမ်းမိုးကြီးစိုးခဲ့တဲ့ ဖူဂျီဝါယာမိသားစုနဲ့ မျိုးနွယ်စု (The Fujiwara Family) ကိုးကွယ်တဲ့ ဘုရားကျောင်းအဖြစ် လူသိများပါတယ်။ ဖူဂျီဝါယာမိသားစုဟာ သူ့မိသားစုဝင်တွေနဲ့ ဂျပန်မိသားစုဝင်တွေကို လက်ထပ်ထိမ်းမြားခြင်းများမှတစ်ဆင့် အဲဒီကာလတစ်လျှောက် အရေးပါတဲ့ ရုံးဌာနအားလုံးကို လွှမ်းမိုးချုပ်ကိုင်ထားခဲ့တယ်လို့ သိရပါတယ်။ နာရာမြို့တည်တဲ့ ၇၁၀ ပြည့်နှစ် ဝန်းကျင်လောက်မှာပဲ ဘုရားကျောင်းကို တည်ဆောက်ခဲ့တယ်လို့ သိရပြီး ဖူဂျီဝါယာမိသားစု ဩဇာအမြင့်ဆုံးရောက်ရှိချိန်ကာလမှာ ဘုရားကျောင်းအတွင်း အဆောက်အဦ ၁၅၀ ခန့်အထိ တည်ရှိခဲ့တယ်လို့ သိရပါတယ်။ အခုတော့ အဲဒီနေရာမှာ အထက်မှာဆိုခဲ့သလို အဆောက်အဦ အနည်းငယ်ပဲ အထင်အရှား ရှိပါတော့တယ်။ မူရင်းအဆောက်အဦတွေအနေနဲ့က အရှေ့ဘက်ရွှေရောင်ခန်းမနဲ့ ငါးထပ်ဘုရားတို့လောက်ပဲရှိပြီးတော့ အဓိက ပင်မရွှေရောင်ခန်းမကြီးက အသစ်ပြန်လည်ဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရွှေရောင်ခန်းမလို့ သုံးနှုန်းရတာက ခန်းမအဆောက်အဦတွေက ရွှေရောင်အဆင်းရှိလို့မဟုတ်ဘဲ အတွင်းမှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ဆီမီး၊ ဖယောင်းတိုင်တွေနဲ့ မီးပူဇော်တဲ့အခါ ရွှေရောင်အဆင်းအလင်းရောင် အတွင်းကနေအပြင်ကို ဖြန့်ထွက်လာလို့ ကမ္ဘာလောကကြီးကို အသိဉာဏ်အလင်းပေးတဲ့ သဘောဆောင်လို့ ရွှေရောင်ခန်းမလို့ သုံးနှုန်းတာ ဖြစ်ပါတယ်။

အမှန်မြင်တွေ့ရမယ့် အရှေ့ဘက်ခန်းမဟာ သာမန်သစ်သားရှေးဟောင်းတစ်ထပ်အဆောက်အဦတစ်လုံးသာဖြစ်ပြီး သူ့အရှေ့က ပင်မခန်းမဆောင်ကြီးကတော့ အတန်ငယ် ကြီးမားတဲ့ ဂျပန်ရှေးခေတ် နန်းဆောင်ပုံစံ ကြီးမားပြန့်ကားတဲ့ အမိုး၊ အနီရောင်တိုင်လုံးတွေနဲ့ တစ်ထပ်ကျောင်းဆောင်အမြင့်ကြီး ဖြစ်ပါတယ်။ ခန်းမဆောင်နှစ်ခုစလုံးမှာ သမိုင်းဝင် အင်မတန်ရှေးကျလှတဲ့ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တွေနဲ့ သူတို့ကို စောင့်ရှောက်တဲ့ ရိုးရာအစောင့် ရုပ်တုအများအပြားကိုလည်း တွေ့ရပါလိမ့်မယ်။ အများအပြားဆိုပေမယ့် အခန်းတစ်ခုစာသာဖြစ်ပြီး အင်မတန်ကြီးမားလှတဲ့ ရုပ်ပွားတော်ကြီးတွေဖြစ်တဲ့ နာရာဘုရားကြီးလို နေရာမျိုးရောက်ပြီးမှ ကိုဖုခုဂျိဘုရားကျောင်းကိုလာတာဆိုရင်တော့ ဘာမှသိပ်မဟုတ်သလိုပါပဲ။ သို့သော် သမိုင်းပေ့ါ။ သမိုင်းဝင် ရှေးဟောင်းရုပ်ပွားတော်ပုံစံအမျိုးမျိုးကို ဖူးမြော်ရမှာ ဖြစ်ပါတယ်။ ကိုဖုခုဂျိဘုရားကျောင်းဝင်းထဲ ဝင်ရုံက ဝင်ကြေးမပေးရပါဘူး။ အပြင်ကနေ ခန်းမဆောင်တွေ၊ ငါးထပ်ဘုရား၊ သုံးထပ်ဘုရားစတာတွေကို လေ့လာနိုင်ပါတယ်။ အဆောင်တွေအတွင်းထဲဝင်ပြီး ရုပ်ပွားဆင်းတုတော်တွေကို ဖူးမြော်လေ့လာမယ်ဆိုရင်တော့ ဝင်ကြေးပေးရပါတယ်။ စာရေးသူနှစ်ဆောင်စလုံးဆီ ဝင်ရောက်ခဲ့ပြီး ပင်မခန်းမကြီးဝင်ကြေးမှာ လက်မှတ်ခ ယန်း ၅၀၀ နဲ့ အရှေ့ဘက်ခန်းမဝင်ကြေးမှာ လက်မှတ်ခ ယန်း ၃၀၀ ကျသင့်ပါတယ်။ ကျောင်းဆောင်တွေအတွင်း ဓာတ်ပုံရိုက်ခွင့်မရပေမယ့် အတွင်းက ဆင်းတုတော်တွေ၊ အခြားရုပ်တုတော်တွေထားရှိပုံ အခင်းအကျင်းနဲ့ အရေးပါတဲ့ ဆင်းတုတော်တွေရဲ့ သမိုင်းကြောင်း အချက်အလက်တွေပါရှိတဲ့ စာရွက်တွေကို အခမဲ့ရယူနိုင်ပါတယ်။ အဲဒီအချက်အလက်တွေကတင် သီးသန့် ကိုဖုခုဂျိဘုရားကျောင်း ဆောင်းပါးတစ်ပုဒ်၊ ဒါမှမဟုတ် နောက်ထပ်ဆောင်းပါးတစ်ပုဒ် ဖန်တီးရေးသားလို့ ရပါသေးတယ်။ နာရာအလည်အပတ် တစ်နေ့တာ ခရီးစဉ်အခန်းဆက်ဆောင်းပါးတွေကိုတော့ ဒီဆောင်းပါးနဲ့ပဲ အဆုံးသတ်လိုက်ပါတယ်။ ။

# ကယားပြည်နယ်နေ့ပွဲတော်၌ ပါဝင်ခင်းကျင်းပြသကြသည့် ပြခန်းများအား ဆုချီးမြှင့်

**လွိုင်ကော် ဇန်နဝါရီ ၂၀**
(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကာလအတွင်း ပါဝင်ခင်းကျင်းပြသခဲ့သည့် ပြခန်းများအား ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်နေ့ပွဲတော်ကို တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ယခုလိုအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြခန်းများပြသမှုတွင် ယခုနှစ်၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ ပြခန်းများခင်းကျင်းပြသခွင့် ရရှိခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ်ပိုမိုကောင်းမွန်အောင် မိမိတို့အစိုးရအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာသူများအားလုံးအနေဖြင့် ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နောင်လာနောက်သားများအတွက် အမွေကောင်းများပေးနိုင်ရေး စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြခန်းများတွင် ပထမဆုရ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၊ ဒုတိယဆုရ ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် တတိယဆုရ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အထူးဆုတစ်ဆုရ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အထူးဆုနှစ်ဆုရ ပြည်နယ်ပညာရေးမှူးရုံး၊ အထူးဆုသုံးဆုရ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ကလည်းကောင်း၊ ပွဲတော်နေ့အခမ်းအနားတွင် ပါဝင်ခင်းကျင်းပြသခဲ့သည့် ပြခန်းများအားဂုဏ်ပြုဆုငွေကျပ်တစ်သိန်းနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)**



# ခမ်းခနပြောင်းနှင့် အစေ့အဆန်အခြောက်ခံစက်ရုံ ဖွင့်ပွဲကျင်းပ

**ဟိုပုံး ဇန်နဝါရီ ၂၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြည်ထောင်စုလမ်းအနီး ခမ်းခနပြောင်းနှင့် အစေ့အဆန်အခြောက်ခံစက်ရုံဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါစက်ရုံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဟိုပုံးမြို့နယ်တွင် ပြောင်းနှင့် အစေ့အဆန်အခြောက်ခံစက်ရုံရှိခြင်းသည် ဒေသခံတောင်သူများအတွက် အကျိုးစီးပွားများစွာဖြစ်ထွန်းစေပါကြောင်း၊ အခြောက်ခံစက်ရုံရှိခြင်းအားဖြင့် သီးနှံစပေါ်ချိန်တွင် ဈေးတက်ပြီး သီးနှံအထွက်များလာသည့်အချိန်တွင် ဈေးပြန်ကျသွားခြင်း စသည့်ဈေးကွက်အပြောင်းအလဲများကြောင့် အရည်အသွေးကောင်းကောင်းဖြင့် ထိန်းသိမ်းထားနိုင်မှသာ တောင်သူများအတွက် အကျိုးအမြတ်များနိုင်မည့်ဈေးကွက်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများနှင့် ယခုကဲ့သို့ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ ပူးပေါင်း၍ သီးနှံအခြောက်ခံခြင်း၊ သိုလှောင်ခြင်းနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေး၍ ဈေးကွက်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် အခြောက်ခံစက်ရုံသည် ပြောင်းသီးနှံအတွက် တစ်ရက်လျှင် တန် ၄၀ နှင့် စပါးသီးနှံအတွက် တစ်ရက်လျှင် တန် ၃၀ အခြောက်ခံနိုင်မည်ဖြစ်ပြီး တောင်သူများသိုလှောင်မည့်ကာလပေါ်မူတည်၍ လိုအပ်သည့်သတ်မှတ်အစိုဓာတ်ရရှိစေရန် စက်ရုံတွင် အခြောက်ခံနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားပြီး ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr. John Nielsen က ခမ်းခနပြောင်းနှင့် အစေ့အဆန်အခြောက်ခံစက်ရုံအတွက် စက်ပစ္စည်းများလှူဒါန်းရခြင်းအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၂၀**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီခွဲက တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ ကဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် သပြေကန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

သပြေကန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့် ဒေသအတွက်လိုအပ်နေသည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြတောင်းဆိုကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများ၏တင်ပြချက်၊ လိုအပ်ချက်များအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ သပြေကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာအတွက် အားကစားဘောလုံးများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သရက်ကုန်းကျေးရွာ အထက်တန်းကျောင်းသို့သွားရောက်ပြီး မြန်မာမုဒိတာဖောင်ဒေးရှင်းမှ ပဲနို့စက်လှူဒါန်းမှုနှင့် Lesswalk.org အဖွဲ့အစည်းမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၅၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းကကျင်းပသည့် မြန်မာ့အလှပုံရိပ် ပန်းချီပြပွဲဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၀**
မြန်မာ့ရိုးရာယဉ်ကျေးမှုများ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိပြီး ကမ္ဘာက ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်း(MCCA)က ကြီးမှူးကျင်းပသည့် "နှင်းစက်နဲ့လမ်း"အမည်ရှိ မြန်မာ့အလှပုံရိပ် ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပသည်။



"မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းက ယဉ်ကျေးမှုတွေများစွာ စုစည်းတည်ရှိနေတဲ့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ထုတ်မယ်၊ မြှင့်တင်မယ်၊ ထိန်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုအမွေအနှစ်တွေ များစွာရှိသလို တရုတ်နိုင်ငံမှာလည်း ယဉ်ကျေးမှုအမွေအနှစ်တွေ များစွာရှိတာဖြစ်တဲ့အတွက် နှစ်နိုင်ငံ ယဉ်ကျေးမှုတွေ အပြန်အလှန်ဖလှယ်ရင်း မြန်မာ့ယဉ်ကျေးမှုတွေကို ကမ္ဘာက ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ အခုလို ပန်းချီပြပွဲကို ပထမဆုံးအကြိမ် ကျင်းပရခြင်း ဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဦးလှိုင်ဝင်း(တက္ကသိုလ်မောင်သုလှိုင်)က ပြောသည်။

ပန်းချီပြပွဲကြီးတွင် နိုင်ငံတကာ ပန်းချီပြပွဲများ၌ ပါဝင်ပြသခဲ့ကြသည့် ပန်းချီဆရာ ၁၈ ဦး၏ ကိုယ်ပိုင်အယူအဆခံယူချက်များနှင့်အတူ မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်ဖန်တီးရေးဆွဲထားသော ပန်းချီကားပေါင်း ၁၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

နိုင်ငံတကာပြပွဲများတွင် ပါဝင်ပြသခဲ့သည့်ပန်းချီဆရာ ကိုခင်မောင်ဇော်က "ဒီပွဲမှာ ကျွန်တော်ရေးဆွဲထားတဲ့ ပန်းချီကားသုံးကား ပါဝင်ပါတယ်။ ပန်းချီကားတွေက မြန်မာမှုကို ပေါ်လွင်အောင် ရွေးချယ်ပြီးတော့ ဖန်တီးရေးဆွဲတဲ့ ကိုရင်လေးတွေ ဆွမ်းခံကြွတာတို့ ဘုရားရိပ်မှာ စာဖတ်နေတာတို့ အစရှိတဲ့ ပုံရိပ်တွေ ဖြစ်ပါတယ်။ ပုံတွေရဲ့တန်ဖိုးက ဒေါ်လာ ၁၅၀၀ ဝန်းကျင် ရှိပါတယ်။ ဒီပွဲမှာ ရောင်းချတဲ့အစီအစဉ် ပါဝင်တယ်ဆိုပေမယ့်လည်း ရောင်းရခြင်း၊ မရောင်းရခြင်းထက် ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို ပိုမိုသိရှိလာအောင် ပူးပေါင်းပါဝင်ပြသပေးတဲ့ သဘောပါ" ဟု ပြောသည်။

အဆိုပါ ပန်းချီပြပွဲကြီး၌ ပြသမှုများအပြင် လာရောက်လေ့လာကြည့်ရှုသူများကြိုက်နှစ်သက်ပါက ရောင်းချပေးမည့်အစီအစဉ်လည်း ပါဝင်ရာ ပန်းချီကားများ၏ တန်ဖိုးမှာ အနိမ့်ဆုံးဈေး အမေရိကန်ဒေါ်လာ ၅၀၀ မှ စကာ အမြင့်ဆုံးဈေး အမေရိကန်ဒေါ်လာ တစ်သောင်းတန်အထိရှိကြောင်း သိရသည်။

**အေးမင်းသူ**

# ပြည်တွင်း ပြည်ပခရီးသွားများနှင့်သက်ဆိုင်သော သတင်းအချက်အလက်စင်တာ တည်ဆောက်

**မုံရွာ ဇန်နဝါရီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်းပြည်ပခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များကို အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက် စင်တာတစ်ခုကို စစ်ကိုင်းမြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

“ သတင်းအချက်အလက်စင်တာကနေ ပုံမှန်လုပ်နေတဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတာအပြင် ပြည်တွင်း ပြည်ပခရီးသွားတွေကို နည်းပညာတွေနဲ့ပေးမယ်။ အခုကွန်ပျူတာ နည်းပညာရှင်တွေနဲ့တိုင်ပင်ပြီး နည်းပညာတွေနဲ့ သတင်းအချက်အလက်တွေကိုပေးနိုင်ဖို့ စီစဉ်နေပါတယ်။ ကိုယ်သိချင်တဲ့ သတင်းအချက်အလက်တွေကို မိုဘိုင်းဖုန်းတွေ၊ တက်ပလက်တွေနဲ့ ရယူနိုင်ဖို့အတွက် လုပ်နေတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားပြည်သူတွေအနေနဲ့ ကနဦးလေ့လာလိုတဲ့ အကြောင်းအရာတွေကို သိရှိချင်လို့ သတင်းအချက်အလက်စင်တာကို လှမ်းမေးရင်လည်း လိုအပ်တဲ့ သတင်းအချက်အလက်တွေကို ပေးနိုင်မှာဖြစ်တယ်။ ခရီးသွားတစ်ဦးအနေနဲ့ ကိုယ်သွားလိုတဲ့ ခရီးစဉ်အကြောင်းကိုသိလိုရင် ကျူအာကုတ်သော်လည်းကောင်း၊ ဝက်ဘ်ဆိုက်အမည်ကိုသော်လည်းကောင်း ရိုက်နှိပ်ပြီးတော့ ရှာဖွေကြည့်ရှုပြီး သွားနိုင်အောင်အထိ စီစဉ်ပေးသွားမှာဖြစ်တယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း သတင်းအချက်အလက်စင်တာသည် အလျား ပေ ၄၀၊ အနံ ပေ ၅၀ ရှိကြောင်း သိရသည်။

**ဝင်းဦး
(ဧေယျာတိုင်း)**

# မန်းရွှေစက်တော်ဘုရားကြီးခြေတော်ရာဖွင့်ပွဲ၊ ကိုးခန်းကြီးတန်ဆောင်းတော်ကြီးဖွင့်ပွဲနှင့် အထက်စက်တော်ရာထီးတော်တင်လှူပူဇော်ပွဲ ကျင်းပမည်

**မင်းဘူး ဇန်နဝါရီ ၂၀**


၂၀၂၀ ပြည့်နှစ် မန်းရွှေစက်တော်ဘုရား ခြေတော်ရာဖွင့်ပွဲအား တပို့တွဲလဆန်း ၅ ရက်(ဇန်နဝါရီ ၂၉ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ရာ ခြေတော်ရာဖွင့်ပွဲနှင့်အတူ ကိုးခန်းကြီးတန်ဆောင်းတော်ကြီး ဘက်စုံပြုပြင်ခြင်းဖွင့်ပွဲနှင့် အထက်စက်တော်ရာ ရွှေထီးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲတို့ကိုလည်း တစ်နေ့တည်း ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးထံမှ သိရသည်။

"မန်းရွှေစက်တော်ဘုရားပွဲတော်ကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းမှာ ဖွင့်ပွဲကျင်းပသွားမှာ ဖြစ်ပါတယ်။ အထက်စက်တော်ရာ ကိုးခန်းကြီးတန်ဆောင်းကြီးဖွင့်ပွဲနှင့် အထက်စက်တော်ရာ ရွှေထီးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲတို့ကိုလည်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ဖွင့်ပွဲကို သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိဿရက ဖွင့်လှစ်ပေးမှာဖြစ်ပြီး ညပိုင်းမှာ ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားပေးမှာဖြစ်ပါတယ်"ဟု မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ပြောသည်။

ကိုးခန်းကြီးတန်ဆောင်းတော်ကြီးအား သိန်းပေါင်း ၅၆၀၀ ခန့်အကုန်အကျခံကာ အနုစိတ်လက်ရာများနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းဖြစ်ကြောင်းနှင့် ခြေတော်ရာဖွင့်ပွဲအကြိုနေ့ (ဇန်နဝါရီ ၂၈ ရက်) ညပိုင်းတွင် နိုင်ငံကျော်တေးသံရှင် အဆိုတော် မာမာအေး၊ ရန်ပိုင်စိုး၊ ဗညားဟန်၊ စိုးစန္ဒာထွန်းနှင့် Myanmar Idol Season (4) Winner ဆုရှင် အက်စတာ၊ အေးမြဖြူနှင့် နိုင်ငံကျော်တေးသံရှင်များက ဖျော်ဖြေညှော့ခံသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဝင် ဦးမြင့်နိုင်ထံမှ သိရသည်။

"ယခုနှစ်ဘုရားပွဲတော်မှာ တည်းခိုခန်းခတွေ စျေးမကြီးအောင် လေလံဆွဲမယ့်လုပ်ငန်းရှင်တွေကို ကြမ်းခင်းစျေး သတ်မှတ်ချက်အတိုင်း မဲနှိုက်ပြီး ချထားပေးတယ်။ ပွဲတော်မှာ ရာဇဝတ်မှုတွေ၊ ပြဿနာတွေ မကျူးလွန်နိုင်အောင် ပွဲတော်အတွင်း အဆင့်မြင့် CCTV အလုံး ၅၀ တပ်ဆင်ထားပါတယ်။ ပွဲတော်ကာလအတွင်း လုံခြုံရေးဝန်ထမ်း ၃၀ ကလည်း ပွဲတော်ထဲမှာ ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက်အောင် အတတ်နိုင်ဆုံး လှည့်လည်တာဝန်ထမ်းဆောင်ကြမှာပါ" ဟု ဘုရားပွဲတော်ဂေါပက ဦးမြင့်နိုင်က ပြောသည်။

**မေသူလွင်(မကွေး)**



# ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း (မန္တလေးတိုင်းဒေသကြီး) ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်မှချီးမြှင့်သော သာသနာပြုဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ရပ်ရှိ အောင်မြင့်မိုရ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြား၍ သုဓမ္မဇောတိကဓဇဘွဲ့(ဒီဇိုင်နာ) ဦးထွန်းထွန်းလင်းနှင့် ဦးသော်ဇင်မြင့်(မဟာရတနာပုံ)တို့အား ရာသက်ပန် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် ၂၆ ဦးတို့အား တာဝန်ရှိသူများက ထပ်ဆင့်ဂုဏ်ပြုလက်ဆောင်၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။



**တင်မောင်(မန်းကိုယ်ပွား)**

# ကျောင်းကားများ၌ ဘေးကင်းလုံခြုံမှုစနစ် စတင်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြို့နယ်အလိုက် School Bus ကျောင်းကား သယ်ယူပို့ဆောင်ရေးစနစ်ကို ၂၀၁၈ ခုနှစ် ဇွန်လမှ ယနေ့အချိန်အထိ ယာဉ်အစီးရေ ၁၀၇ စီးဖြင့် ကျောင်းသား ၁၈၆၈ ဦးကို မိဘနှင့် ကျောင်းသားအကြား လုံခြုံစိတ်ချနိုင်မှုအပြည့်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) မှ သိရသည်။

"ကျွန်တော်တို့ School Bus တွေမှာ မိဘနဲ့ကလေးငယ်တွေအကြား လုံခြုံမှုကို အချိန်ပြည့်ဝန်ဆောင်မှုပေးနိုင်ဖို့ IT နည်းပညာကိုအသုံးပြုပြီး ဖုန်းနဲ့ချိတ်ဆက်ကာ ကျောင်းသားတစ်ဦးချင်းစီကို စမတ်ကတ်တစ်ကတ်စီ ထုတ်ပေးထားတယ်။ အိမ်ကထွက်လို့ ကျောင်းကားပေါ်ရောက်ရင် ကတ်နဲ့မှတ်ပုံတင်မယ်။ ကျောင်းဆင်းလို့ အိမ်ပြန်ရင် တစ်ခါမှတ်ပုံတင်မယ်။ ဒါ့အပြင် ကျောင်းကားမှာ ဆေးသေတ္တာတွေထားတယ်။ မိဘတွေ စုံစမ်းနိုင်မယ့်ဝန်ဆောင်မှုဌာနတွေ ဖွင့်လှစ်ထားတယ်။ အဓိကကတော့ ကျောင်းသားလူငယ်လေးတွေ ဘေးကင်းလုံခြုံစိတ်ချစေဖို့ မိဘတွေစိတ်အေးနိုင်စေဖို့ကိုပြောင်းလဲဆောင်ရွက်ထားတဲ့အစီအစဉ်တွေပါ" ဟု ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောကြားခဲ့သည်။




School Bus ကျောင်းကား သယ်ယူပို့ဆောင်ရေးသည် လက်ရှိတွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်(TTC)၊ ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကင်း(TTC)၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း ငါးကျောင်း၊ လသာ၊ မရမ်းကုန်း၊ စမ်းချောင်းနှင့် သဃ်ာန်းကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းငါးကျောင်း အပါအဝင် စုစုပေါင်း ကျောင်း ၁၂ ကျောင်းကို လမ်းကြောင်းများဖြန့်ခွဲကာ သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

**မြင့်မောင်**

## သတင်းစုံကဏ္ဍ

### ရွှေတောင်မြို့နယ်၌ ပညာပန်းခင်းစာကြည့်တိုက်ဖွင့်

**ရွှေတောင်**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စစ်ကုန်းကျေးရွာတွင် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ပညာပန်းခင်းစာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်နွေးဒါလီနိုင်က စာကြည့်တိုက်ကြီး ရေရှည်တည်တံ့ရေးအတွက် မိမိတို့ဌာနမှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး ပညာပန်းခင်းစာကြည့်တိုက်အတွက် မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့် အလှူရှင်များက စာအုပ် စာပေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

### ဒေါပုံမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ယနေ့ နံနက် ၉ နာရီက စာပေချစ်မြတ်နိုးသူများ(Book Club)အဖွဲ့၊ Women Club အဖွဲ့ က စာရေးဆရာ အောင်သင်း၏ '' နှလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ'' စာအုပ်အား စာဖတ်ဝိုင်း ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဲစုစုလွင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မိသားစုနှင့်တကွ ပတ်ဝန်းကျင်အား လှပစေရန် စာတတ်ဖို့အတွက် စာဖတ်စို့ခေါင်းစဉ်ဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုမြတ်ဝင်း၊ ဝါသနာပါသော်လည်း ကံပါဦးမှအကြောင်းအရာကို ဒေါ်လွဲ့လွဲ့ဝင်းတို့က ဆွေးနွေးကြပြီး တက်ရောက်လာသူများက စာအုပ်ပါ အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



### ဒဏ်ရာရ အရန်မီးသတ်တပ်ဖွဲ့ဝင်အား ထောက်ပံ့ငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၀**

ဇန်နဝါရီ ၁၇ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံဈေး Sky Walk တွင် လောင်ကျွမ်းခဲ့သော မီးအား ငြိမ်းသတ်ရာတွင် ထိခိုက်ဒဏ်ရာရရှိသည့် ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ကြပ် ဟိဏ်းထက်အောင် အတွက် ဆေးကုသမှုခံယူရာတွင် သုံးစွဲရန် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက အဆိုပါရုံး၌ ပြုလုပ်သည်။

ဈေးချို့ရွှေရတနာဆိုင် ဦးသန်းညွှန့် ဒေါ်တင်ကြည်က ငွေကျပ်၂၀၀၀၀၀၊ ဆန်နီမိုး ရွှေဆိုင် ဦးဆန်နီ ဒေါ်အေးအေးမိုးလ်တို့က ငွေကျပ် ၁၀၀၀၀၀၊ ဦးသက်ခိုင်၊ ဒေါ်သီတာဝင်းခင်တို့က ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြရာ ဒုတပ်ကြပ် ဟိဏ်းထက်အောင်ကိုယ်စား တပ်စုမှူးတင်ဝင်းထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။ **ထွဏ်းလှအောင်(မန္တလေး)**

# အရှေ့မြင် အနောက်မြင်တောင် ၇၇၅၂ ပေ ပေါ်သို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း အောင်မြင်စွာတက်ရောက်

**မိတ္ထီလာ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ရွာငံမြို့နယ် လုပ်ပြင်ကျေးရွာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၅၂ ပေမြင့်သည့် အရှေ့မြင် အနောက်မြင်တောင်ပေါ်သို့ ဇန်နဝါရီ ၁၉ ရက်က မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ ကြောင်း သိရသည်။

"မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအနေနဲ့ အရှေ့မြင်အနောက်မြင်တောင်ပေါ်ကို အသင်းဝင် ၅၆ ဦးနဲ့ မနေ့က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပါတယ်။ ဇန်နဝါရီ ၁၈ ရက်က မိတ္ထီလာက စတင်ထွက်ခွာပြီး လုပ်ပြင်ကျေးရွာမှာ တစ်ညအိပ် ရပ်နားပါတယ်။ နောက် တစ်နေ့ နံနက်အစောမှာ အရှေ့မြင် အနောက် မြင်တောင်ပေါ်ကို တောင်တက်အသင်းဝင်တွေ တက်ရောက်ခဲ့ပြီး ၅၆ ဦးစလုံး တောင်ထိပ်ကို ရောက်ရှိခဲ့ပါတယ်။ လူငယ်တွေ တောင်တက် အားကစားကို စိတ်ဝင်စားလာပြီး ကျန်းမာတဲ့ မျိုးဆက်သစ်လူငယ်တွေ ဖြစ်စေဖို့၊ မူးယစ်ဆေးဝါးလို မကောင်းတဲ့ အရာတွေသုံးတဲ့ လမ်းကြောင်းပေါ်မရောက်စေဖို့ စတဲ့ရည်ရွယ်ချက်နဲ့ မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းကို ၂၀၁၅ ခုနှစ် လောက်ကစတင်ဖွဲ့စည်းပြီး နှစ်စဉ်တောင်တက်ခရီးစဉ်တွေကို တက်ရောက်ခဲ့ပါတယ်"ဟု မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအမှုဆောင် ဦးအောင်ကြိုင်က ပြောကြားသည်။

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် ၂၀၁၉-၂၀၂၀ တောင်တက်ခရီးရာသီတွင် ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခရွေ့အရှေ့တောင်၊ အနောက်တောင်၊ လွယ်မိုင်းတောင်နှင့် လေးညအိပ် ပင်လယ်ကမ်းခြေလမ်းလျှောက်ခရီးစဉ်များကို သွားရောက်ခဲ့ပြီးဖြစ်သည်။

အရှေ့မြင် အနောက်မြင် တောင် ပေါ်သို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၅ ရက်က အသင်းဝင် ၁၃၈ ဦးပါဝင်၍ မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်း အနေဖြင့် စတုတ္ထအကြိမ်တက်ရောက်ခဲ့ပြီး ယခုအကြိမ်မှာ ပဉ္စမအကြိမ်မြောက် တက်ရောက်ခြင်းဖြစ်သည်။ တောင်



တက် ခရီးစဉ်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရန် ရည်ရွယ်ပြီး love nature and leave no trace ဆောင်ပုဒ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၁ ခုရှိ ကျေးရွာ ၂၀ မှ ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီလကုန်ပိုင်းတွင် စတင် နိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မန္တလေးတိုင်းဒေသကြီးတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို သပိတ်ကျင်းမြို့နယ်၌ ကျေးရွာလေးရွာ၊ စဉ့်ကူးမြို့နယ်တွင် ကျေးရွာလေးရွာ၊ မတ္တရာမြို့နယ်တွင် ကျေးရွာသုံးရွာ၊ ငါန်းဇွန်မြို့နယ်တွင် ကျေးရွာနှစ်ရွာ၊ အမရပူရမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ စဉ့်ကိုင်မြို့နယ်တွင် ကျေးရွာတစ်ရွာ၊ မြစ်သားမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ တံတားဦးမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ တောင်သာမြို့နယ်တွင် ကျေးရွာတစ်ရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် ကျေးရွာတစ်ရွာနှင့် ညောင်ဦးမြို့နယ်တွင် ကျေးရွာတစ်ရွာတို့၌ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မြစ်ရေကျချိန်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကာ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများ၏ လုပ်ငန်းခွင်သို့ ဌာနမှအင်ဂျင်နီယာများနှင့် Third Party အဖွဲ့တို့က ပြီးစီးသောလုပ်ငန်း အဆင့်အလိုက် ကြပ်မတ်စစ်ဆေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## သတင်းစုံကဏ္ဍာ

သန်းဇော်မင်း(ပြန်/ဆက်)

### စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်လှစ်မည်

ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို မန္တလေးမြို့ ၄၁ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၂၂ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### စာကြည့်အသင်း ရာပြည့်ပွဲတော် ကျင်းပမည်

နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်အသင်း ရာပြည့်ပွဲတော်ကို မန္တလေး မြို့နန်းတော် ရှေ့ အားကစားကွင်းတွင် ဇန်နဝါရီ ၂၃ ရက် မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် တေးဂီတနှင့် အငြိမ့်ဖျော်ဖြေ ပွဲများ၊ စာပေဟောပြောပွဲများ၊ ပြခန်းများနှင့်စာအုပ်ဈေးရောင်းပွဲဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### သွေးတိုးရောဂါ လူထုပညာပေးဟောပြောပွဲ ကျင်းပမည်

မြန်မာနိုင်ငံသွေးတိုးရောဂါအဖွဲ့က ကြီးမှူး၍ သွေးတိုးရောဂါလူထုပညာပေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ပညာရေးစနစ်များအကြောင်း ဆွေးနွေးပွဲကျင်းပမည်

၂၀၂၀ ပြည့်နှစ်အလွန် ပြောင်းလဲလာမည့် မြန်မာနှင့်ကမ္ဘာ့ပညာရေးစနစ်များအကြောင်း ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ Mandalay Convention Center ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

မြန်မာ့ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ခရီးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ် မန္တလေး၌ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### တောင်တက်စက်ဘီးစီးပွဲ ကျင်းပမည်

ပထမအကြိမ် စုပေါင်းတောင်တက်စက်ဘီးစီးပွဲကို မန္တလေးခရိုင် ပုသိမ်ကြီး မြို့နယ် ရဲရွာ-ပြင်ဦးလွင်လမ်းသစ်တွင် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Mandalay Fitness Festival 2020 ကျင်းပမည်

Mandalay Fitness Festival 2020 ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် Zumba party, Fitness Dance Competition, Fitness Talk Show, Fitness Physique & Fashion Show များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နမ့်ဆန် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်းရှိ လွှတ်တော်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိုင်းဝင်းထူး၊ ကျေးလက်လမ်းဦးစီးအရာရှိ နှင့် အရည်အသွေး စစ်ဆေးရေးကော်မတီအဖွဲ့များက ဇန်နဝါရီ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

လွှတ်တော်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် မန်လွယ်ကျေးရွာအုပ်စု မန်လွယ်(ထက်)ကျေးရွာ၊ တောင်ကျော်(အောက်)ကျေးရွာ၊ မန်မိုင်ရပ်ကွက်၊ ကျောက်ဖြူအွမ်ကျေးရွာ၊ နောက်လွယ်ကျေးရွာတို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေငွေကျပ်သိန်း ၅၀ ဖြင့်ဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် နမ့်ဆန်မြို့နယ် မြို့မဘောလုံးကွင်းအား စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**



ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင်က အုံ့မှုန်းရိုးကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်တွင် မူခင်းကျဆင်းရေးအသိပညာပေးဟောပြောစဉ်။ ကိုနေ(ကျောက်ပန်းတောင်း)

## ပုဂံရောက်အမှတ်တရ ဘုရားဆင်းတုတော်များ ဝယ်ယူပူဇော်သူများပြား

**ပုဂံ ဇန်နဝါရီ ၂၀**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံညောင်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ပြည်တွင်းဘုရားဖူး ဧည့်သည်များသည် ပုဂံဒေသအမှတ်တရအဖြစ် ပုဂံမြို့ လောကနန္ဒာဘုရားအနီး ဈေးသည်များရောင်းချသည့် ဆင်းတုတော်များကို အကြိုက်တွေ့ကာ ဝယ်ယူအားပေးမှုများကြောင်း အဆိုပါ လောကနန္ဒာဘုရားအနီး ပုဂံရောက်အမှတ်တရ ဘုရားဆင်းတုတော်ရောင်းချနေသည့် ဈေးသည်များထံမှ သိရသည်။

"ပြည်တွင်းဘုရားဖူးဧည့်သည်တွေက ရှေးဟောင်း သမိုင်းဝင်တန်ခိုးကြီးဘုရားတွေကို အများဆုံးသွားရောက်ဖူးမြော်လည်ပတ်ကြတာများတော့ ဘုရားဖူးပြီးရင် အိမ်အပြန်လက်ဆောင်အဖြစ် ပုဂံအမှတ်တရဘုရားဆင်းတုတော်တွေကို ဝယ်ယူအားပေးကြပါတယ်။ ဘုရားဆင်းတုတော်တွေကို အနည်းဆုံး ငွေကျပ် ၅၀၀ ကနေ အများဆုံးငွေကျပ် ၁၂ သိန်းတန်အထိ ရောင်းချပါတယ်။ အများဆုံးရောင်းချရတဲ့ ဘုရားဆင်းတုတော်တွေကတော့ အလိုတော်ပြည့်ဘုရားဆင်းတုတော် ဖြစ်ပါတယ်။ အလိုတော်ပြည့်ဘုရားဆင်းတုတော်ကတော့ အနည်းဆုံးငွေကျပ် ၂၀၀၀ ကနေ အများဆုံးငွေကျပ် ခြောက်သိန်းတန် အထိရှိပါတယ်။ ဘုရားဖူးဧည့်သည်တွေ အလာများတဲ့ နှစ်သစ်ကူးရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်နဲ့ နေ့ထူးနေ့မြတ် အခါကြီးရက်ကြီးတွေမှာ ဈေးရောင်းကောင်းပြီး လုပ်ငန်းအဆင်ပြေတာဖြစ်ပါတယ်" ဟု ပုဂံမြို့ လောကနန္ဒာဘုရားရင်ပြင်ပေါ်ရှိ ပုဂံအမှတ်တရဘုရားဆင်းတုတော်များ ရောင်းချနေသည့်ဈေးသည်တစ်ဦးက ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



## အရည်အသွေးမြင့် မြေတိုင်းတာစက်ပစ္စည်းသုံးစွဲမှု ပိုမိုများပြား

**ရန်ကုန် ဇန်နဝါရီ ၂၀**

နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသောကြောင့် နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် ထုတ်လုပ်ထားသည့် ပြည်ပနိုင်ငံများမှ တင်သွင်းသော ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းတာစက်ပစ္စည်းများကို ပိုမို သုံးစွဲလာကြသည်။

"နောက်ဆုံးပေါ်အရည်အသွေးမြင့် ထုတ်ကုန်တွေကို သုံးစွဲတဲ့အတွက်ကြောင့် အချိန်၊ ငွေအင်အားနဲ့ လူအင်အားသက်သာလာပြီး သုံးစွဲတဲ့အကျိုးကျေးဇူးတွေကို ရရှိကြပါလိမ့်မယ်၊ ပြည်ပကုမ္ပဏီတော်တော်များများက ပြည်တွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာတယ်ဆိုပေမယ့် ကျွန်တော်တို့နိုင်ငံကလည်း အရည်အသွေးမြင့် စက်ပစ္စည်းများကို ပိုမိုအသုံးပြုလာတာကြောင့် နည်းပညာနဲ့ အရည်အသွေးပိုင်းက ပြည်ပနိုင်ငံများက အခြားကုမ္ပဏီများနဲ့နှိုင်းယှဉ်ရင် နောက်မကျတော့ပါဘူး" ဟု ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ဇန်နဝါရီ ၁၈ ရက်ညနေပိုင်းတွင် ကျင်းပခဲ့သည့် Topcon နည်းပညာသစ်မိတ်ဆက်ပွဲအပြီး၌ Concordia International Engineering Section မန်နေဂျာ ဦးစိုးဝင်းညွန့်က ပြောသည်။

ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် ပြည်ပနိုင်ငံများမှတင်သွင်းသည့် ရှေးဟောင်းအဆောက်အဦ တစ်လုံးကိုတိုင်းတာစစ်ဆေး၍ရသော 3D Laser Scaner များ၊ အဆောက်အအုံတစ်လုံးလုံး တင်းမာမှု ရှိမရှိ၊ Flow Level ညီ၊ မညီနှင့် တုန်ခါမှုအတွက် အလိုအလျောက်အသိပေးနိုင်သော Deformation Monitoring System များနှင့် လေယာဉ်ကဲ့သို့ တစ်ကြိမ်ပျံသန်းလျှင် ၅၀ မိနစ်နှုန်းနီးပါးကြာ ပျံသန်းနိုင်ပြီး မြေပြင်တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သော Unmanned Aerial Vehicle များအား ဝယ်ယူ၊ ငှားရမ်း၍ ပိုမိုသုံးစွဲလာသောကြောင့် မြေတိုင်းတာ စက်ပစ္စည်းနှင့် စပ်လျဉ်းသည့် စက်ပစ္စည်းများ သုံးစွဲမှုမှာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်ထက်စာလျှင် ၂၀၁၉ ခုနှစ်၌ ပိုမိုများပြားလာကြောင်း လမ်းတံတားအင်ဂျင်နီယာများထံမှ သိရသည်။

Topcon နည်းပညာသစ်မိတ်ဆက်ပွဲ၌ နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ Survey ပညာရှင်များနှင့် ဆောက်လုပ်ရေး လုပ်ငန်းရှင်များအပါအဝင် နည်းပညာရပ်များအား စိတ်ဝင်စားသူ ၃၀၀ ဝန်းကျင်ခန့် တက်ရောက်ခဲ့ကြရာ ပြည်ပနိုင်ငံများရှိ Topcon မှ ပညာရှင်များက Topcon နည်းပညာသစ်ဖြင့် ထုတ်လုပ်ထားသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းစက်ပစ္စည်း အသုံးပြုနည်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



**ဇန်နဝါရီ ၂၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ Shangri – La Serviced Apartments ၌ မြို့မရဲစခန်းမှူး ဒုရဲမှူး မြထွန်းကျော် မှူခင်းပညာပေးနှင့် လုံခြုံရေးဆိုင်ရာများဟောပြောခဲ့စဉ်။**

ကျော်စိုးမိုး
(မင်္ဂလာတောင်ညွန့်)

## ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းကို ဇန်နဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စုကိုးအုပ်စုတို့၌ စုစုပေါင်းကောက်ကွက် ၁၁ ကွက်တွင် တစ်အိမ်တက်တစ်အိမ်ဆင်း ကောက်ယူလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးမင်းသူ၊ စာရင်းကောက် ဒေါ်မူမူမြင့်တို့က အမှတ် (၅) ရပ်ကွက်တွင် စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။

**ကိုကျော်**
**(သုံးခွ)**

## တပ်ကုန်း၌ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

**တပ်ကုန်း ဇန်နဝါရီ ၂၀**



နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

နေပြည်တော်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်က ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် စာပေလေ့လာဖတ်ရှုမှု တိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စာကြည့်တိုက်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ ကလေးစာဖတ်ခန်းမများ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြရာ ကျောင်းစာကြည့်တိုက်များမှ ဆရာ ဆရာမ ၄၃ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**



## သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**သီပေါ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် (၄၆) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခု ဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

သီတဂူစက္ခုဒါန ဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ် အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်း စသည့် ပဏာမလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အငြိမ်းစားမျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင်များအား နံနက် ၈ နာရီမှ စတင်ခွဲစိတ်ကုသပေးကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# တိုက်စစ်မှူး စီရိုနယ်လ်ဒို စီးရီးအေခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့



ဂျူဗင်တပ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပါးမားအသင်းကို အနိုင်ရရှိခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် စီးရီးအေခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်တဲ့ ကစား သမားဖြစ်လာခဲ့ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် ပွဲကစားချိန် ၄၃ မိနစ်မှာတစ်ဂိုးနဲ့ ၅၈ မိနစ်မှာ တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ပါးမားအသင်းအတွက် ချေပဂိုးကိုတော့ ပွဲကစားချိန် ၅၅ မိနစ်မှာ ကော်နယ်လီယပ်က ပြန်လည်သွင်းယူပေးခဲ့ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဂျူဗင်တပ်အသင်းအတွက် အီတလီစီးရီးအေခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပြီး ၂၀၀၅ ခုနှစ်က တိုက်စစ်မှူး ဒေးဗစ်ထရီဇီဂွက်က အီတလီစီးရီးအေ ကိုးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုဟာ ဒုတိယပိုင်းမှာ ဟက်ထရစ်သွင်းဂိုးဖြစ်လာဖို့အထိ အခွင့်အရေးနီးစပ်ခဲ့ပေမယ့် သွင်းဂိုးနှစ်ဂိုးနဲ့သာ ကျေနပ်လိုက်ရတာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းက ပါးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာက အင်တာမီလန်အသင်းကို လေးမှတ်ဖြတ်ထားနိုင်ခဲ့ပါတယ်။

အင်တာမီလန်အသင်းကတော့ လက်ချီအသင်းနဲ့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက ဂျူဗင်တပ်အသင်းကိုဖိအားပေးဖို့ အခွင့်မသာခဲ့တာ ဖြစ်ပါတယ်။



# မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ကျောဒဏ်ရာကြောင့် ဖေဖော်ဝါရီလအထိ အနားယူရမည်

မန်ယူအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ကျောဒဏ်ရာရရှိခဲ့တာကြောင့် ဖေဖော်ဝါရီလအထိ အသင်းနဲ့အတူပါဝင်လာနိုင်မှာမဟုတ်ဘဲ အနားယူရဦးမယ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားလိုက်ပါတယ်။

မန်ယူအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲစဉ်မှာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ် ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို ဒုတိယပိုင်းရောက်မှ လူစားဝင်ကစားစေခဲ့တာဖြစ်ပေမယ့် ဝင်လာပြီး ၁၆ မိနစ်အကြာမှာ ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်သလို လက်ရှိမှာ သွင်းဂိုး ၁၄ ဂိုးသွင်းယူထားတာကြောင့် အခုနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ တတိယဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၁၉ ဂိုးအထိ သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ် ဒဏ်ရာပြဿနာကြုံတွေ့နေတာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် အမှတ်ပေးဇယားမှာ ရမှတ် ၃၄ မှတ်နဲ့ အဆင့် ၅ နေရာမှာ ရပ်တည်နေဆဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ ငါးမှတ်အကွာမှာ ရှိနေတာဖြစ်ပါတယ်။

ငွေကြယ်

ရေးသားသည်

## အနုပညာ

# Crash Landing on You မှာ ပါဝင်ခဲ့တဲ့ ကမ်ဆိုးယန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကမ်ဆိုးယန်ဟာ လတ်တလော ထုတ်လွှင့်ပြသခဲ့တဲ့ “Crash Landing on You” ရဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်ထားကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၁၉ ရက်မှာ ထုတ်လွှင့်ပြသခဲ့တဲ့ “Crash Landing on You” ရဲ့ အပိုင်းသစ်မှာ ကမ်ဆိုးယန်ပါဝင်ခဲ့တာပါ။ အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာ ဖြစ်ကြောင်း ကမ်ဆိုးယန်က ယခင်ကတည်းက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ကမ်ဆိုးယန်ဟာ ၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့တဲ့ သူ့ရဲ့ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ “Secretly, Greatly” မှ ဇာတ်ကောင်ဝင်ယူဟွမ်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။

ကမ်ဆိုးယန်အနေနဲ့ “Crash Landing on You” မှာ ပါဝင်ဖြစ်ခဲ့တာကတော့ အဆိုပါဇာတ်လမ်းတွဲရဲ့ ဇာတ်ညွှန်းဆရာ ပါ့ခ်ဂျီအွန်းနဲ့ ပုဂ္ဂိုလ်ရေးအရ ခင်မင်တာကြောင့် ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ကမ်ဆိုးယန်ဟာ တောင်ကိုရီးယားမှာ ဘန်ဒုံဂိုလို့ လူသိများတဲ့ မြောက်ကိုရီးယား လျှို့ဝှက်ထောက်လှမ်းရေးတစ်ဦးအဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။

နောက်ထုတ်လွှင့်ပြသသွားမယ့် “Crash Landing on You” ဇာတ်လမ်းတွဲသစ်တွေမှာ မင်းသမီး ချိုင်ဂျီဝူးလည်း ပါဝင်လာမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ချိုင်ဂျီဝူးပါဝင်သွားမယ့်အကြောင်းကို ဇန်နဝါရီ ၁၉ ရက်က ဇာတ်လမ်းတွဲရိုက်ကူးရေးအဖွဲ့မှ သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာပါဝင်တဲ့ ဇာတ်ကောင်တစ်ဦးဖြစ်သူ ကမ်ဂျီမုဟာ တောင်ကိုရီးယားဇာတ်လမ်းတွဲတွေကို နှစ်သက်သူ



မြောက်ကိုရီးယားစစ်သားတစ်ဦးဖြစ်ပြီး သူဟာ မင်းသမီး ချိုင်ဂျီဝူးရဲ့ ပရိသတ်တစ်ဦးလည်း ဖြစ်ပါတယ်။

“Crash Landing on You” ဟာ မြောက်ကိုရီးယားမှ ဗိုလ်ကြီးတစ်ဦးနဲ့ တောင်ကိုရီးယားမှ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးတစ်ဦးအကြားက အချစ်ဇာတ်လမ်းကို ပုံဖော်ထားပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲတစ်ခုလည်း ဖြစ်ပါတယ်။

အေးပြည့်- ရေးသားသည်

# Screen Actors Guild Awards ဆုပေးပွဲမှာ ပြန်လည်ဆုံတွေ့ခဲ့ကြတဲ့ ဘရက်ပစ်နဲ့ ဂျနီဖာအန်နစ်စတန်

တစ်ချိန်က ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဘရက်ပစ်နဲ့ မင်းသမီး ဂျနီဖာအန်နစ်စတန်တို့ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ Screen Actors Guild Awards ဆုပေးပွဲမှာ ပြန်လည်တွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နှစ်ဦးသား တရင်းတနှီးရှိနေတာကြောင့် သူတို့နှစ်ဦးကို ဟောလိဝုဒ်မီဒီယာအချို့က အချစ်ဟောင်းတွေအနက် အကောင်းဆုံးဆက်ဆံရေးရှိနေကြသူတွေအဖြစ် ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဇန်နဝါရီ ၁၉ ရက်က လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ ယခုနှစ်အတွက် Screen Actors Guild Awards ဆုပေးပွဲမှာ ဘရက်ပစ်က အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကိုရရှိခဲ့ပြီး ဂျနီဖာအန်နစ်စတန်ကတော့ ရုပ်သံဇာတ်လမ်းတွဲအတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ အီးနယူးက ဖော်ပြခဲ့တဲ့ ဗီဒီယိုမှာ ဂျနီဖာအန်နစ်စတန် ဆုလက်ခံရယူပြီး အမှတ်တရစကားပြောကြားချိန်မှာ ဘရက်ပစ်က သူ့ရဲ့ဇနီးဟောင်းဖြစ်သူကို ငေးကြည့်နေခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် သူတို့နှစ်ဦးကို ဆုပေးပွဲအခမ်းအနားမှာ စကားလက်ဆုံကျနေတာကိုလည်း တွေ့ရပါတယ်။ ဆုပေးပွဲအပြီးမှာ ပြုလုပ်ခဲ့တဲ့ပါတီပွဲကိုလည်း အတူတကွရောက်လာခဲ့တာကို တွေ့ရကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တယ်လို့ သိရပါတယ်။



## Parasite အတွက် မှတ်တိုင်သစ် စိုက်ထူ

တောင်ကိုရီးယားရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ Parasite ဟာ ယခုနှစ် ဆုပေးပွဲရာသီမှာ ထူးချွန်ဆုတွေ ဆက်တိုက်ရယူနိုင်ခဲ့ပါတယ်။ လတ်တလော ပြုလုပ်ခဲ့တဲ့ Screen Actors Guild Awards ဆုပေးပွဲမှာလည်း အဆိုပါရုပ်ရှင်မှာ ပါဝင်တဲ့သူတွေကို ချီးမြှင့်တဲ့ အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဆုပေးပွဲသမိုင်းတစ်လျှောက် နိုင်ငံခြားဘာသာစကားရုပ်ရှင်တစ်ကားအနေနဲ့ အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုဆုကို ဆွတ်ခူးခဲ့တာ Parasite က ပထမဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ပါတယ်။ ဒီဆုကို ရုပ်ရှင်ရဲ့အဓိကဇာတ်ဆောင်တွေနဲ့ ဒါရိုက်တာတို့ တက်ရောက်လက်ခံရယူခဲ့ကြကြောင်းလည်း သိရပါတယ်။

ဓာတ်ဗေဒ ပညာရှင်များအသင်း (ရန်ကုန်)

**အထူးကြည်ညိုလေးစားဂုဏ်ယူဝမ်းမြောက်ဖြစ်ကြောင်း**

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၊ ၁၅-၁၂-၂၀၁၉ နေ့တွင် Hotel Hindustan International ၌ ကျင်းပသည့် "21st International Astrology Spiritual & Vastu Conference 2019" အခမ်းအနားတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ သိမ်ဖြူဘာသာ ကျောင်းတိုက်၏ နာယကဆရာတော် **မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ** ၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသည့် **ဗုဒ္ဓဘာသာ မြတ်ဗုဒ္ဓ၏ မွေးနံနက္ခတ်** စာတမ်းကို Doctor of Philosophy (Ph.D, Buddhism) ဘွဲ့ ချီးမြှင့်ဆက်ကပ်ခံရကြောင်း ကြားသိရသည့်အတွက် ဓာတ်ဗေဒ ပညာရှင်များအသင်း(ရန်ကုန်)အသင်းသူ/သင်းများနှင့် တကယ့်ဓာတ်ဗေဒ ပညာရှင်များ အားလုံး အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ...

ဓာတ်ဗေဒ ပညာရှင်များအသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့

PRIME-BOSS

**Digital Multifunctional System**

**AR-6020V**

Special Price 800,000/-



* A3 Standard- Copy Print & Color Scan
* Speed 20cpm, ppm
* Zoom 25% ~ 400%
* 10% Toner Save Mode
* Password Protected User Accounts
* မိတ္တူဆိုင်နှင့် High Volume သုံးသည့် Customer များအတွက် အထူးသင့်လျော်ပါသည်။
* A4 တစ်ရွက် ခန့်မှန်း Print Cost = ၄ ကျပ် ဝန်းကျင် (တိုနာမှန်)

**Full Color Digital MFP** နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။

Prime - Boss Co.,Ltd Since 1996

» Yangon Office : အမှတ်-၇၊ MGW တာဝါ၊ ဗိုလ်အောင်ကျော်လမ်း(အောက်) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158
» Naypyitaw : Tel: 067-421393
Email: pb.sales@primeboss.com

**စိန်ငါးလုံး အကျိတ်အဖုလိမ်းဆေး**
အမှတ်တံဆိပ် TMR 009422 (1020)
ကျိမ်းပင်၊ ချိုင်း၊ ပေါင်ရင်းတွင်ဖြစ်ပေါ်တတ်သော အကျိတ်အဖုအမျိုးမျိုးနှင့် ကိုယ်ခန္ဓာ၊ ညှော်ချုံ ...
ဖုန်း-၀၉၄၂၀၄၅၀၀၀၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

**☆STAR☆**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

**Success pest control service**

"ခြ"

နှင့်ပတ်သက်သော ပြဿနာများကို အကောင်းဆုံးနှင့် အထိရောက်ဆုံး ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ...
Chemical လုံးဝ မပါဝင်သော ပိုးသတ်ဆေးကို အသုံးပြုခြင်းကြောင့် ...
မှတ်ချက်။ ။ အနံ့အသက် လုံးဝ မရှိပါ။
... ရန်ကုန်မြို့ Ph:09793677242, 09450227887

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139



တောင်ဥက္ကလာပမြို့နယ်၊ ဓမ္မဝန်ဆောင်စကျောင်းတိုက်-၌ စာချစာသင်ထားတော်(၁၅၀)ကျော်တို့ ချမ်းသာစွာ စာဝေဝိုချ သီတင်းသုံးနိုင်ရန်

**ဆောင်ရမြကျောင်းဆောင်ကြီး**

ကို တချားပေါင်းစု ဖြတ်ဆောင်ရွက်ဖြင့် တည်ဆောက်နေပါသဖြင့် စည်းလှူဒေါ်ကို ဝါဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်စုံစမ်းလှူဒါန်းရန်
ဦးထွန်းမြ(ဥက္ကဌ) ဖုန်း-၀၉၄၅၀၂၇၁၇၀
ဒေါ်အေးကြည် ဖုန်း-၀၉၂၅၀၉၄၄၆၀၉

ဓမ္မဝန်ဆောင်စကျောင်းတိုက်၊ ဈေးဘာဇာလမ်း၊ ၁၄/၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊



CHAW CHAW
SILK & LUXURY FASHION
New Year Sales Promotion
နှစ်သစ် အရောင်းမြှင့် အစီအစဉ်
50%-60% Off For All 'Acheik' ချိတ်အားလုံး
up to 80% Off For Other Items အခြား ပစ္စည်းများ
7th January 2020 to 31st January 2020
9:00 am to 7:30 pm
241, Dhammazedi Road, Bahan Township, Yangon, Myanmar
Tel: +95 9 5015940, +95 9 73245173 Fax: +95 1 540997

လိုနေသူကို ပေးမကျဖို့ မြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး Follow Me**
B.Sc.(Hons).,M.Sc.,Ph.D.

Saturday only / Sunday only တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်**

ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ရက်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝေါဟာရဆောင်ပုဒ်၊ ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံခြား သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Jan 25 စမည်။

**4 SKILLS Level (1,2,3) အောင်မြင်ပြီးသူတိုင်း Dip in ESL ရရှိမည်။**

နောက်ဆုံးပေါ် နိုင်ငံခြား သင်ရိုးညွှန်းအတွက် ဗီဒီယိုဖြင့် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း ...

**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတန်း လက်ခံပြီ။**

အဆင့်မြင့် နိုင်ငံခြား University များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့

**မြည့်ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြားနည်းများဖြင့်အတူ**

**4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။**

**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**

အမှတ် ၁၈၊ ၅-လွှာ၊ **အင်း၀** စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798



အသီးများ၌ ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်

**သတ္တိမောင်**
အမှတ်တံဆိပ်

**ရှားစောင်းလက်ပပ် ဝမ်းပျော့ဝမ်းမှန်ဆေး**

TMR012605(0320)

ပင်ရင်း ရိုးစေတနာ ... ၁၄/၁၉၊ ... လမ်း၊ ... မြို့
ဖုန်း ၀၉၄၉၂၅၅၀၀၀၊ ၀၉၂၆၁၀၉၉၁၆၅၃၊ ၀၉၄၂၂၄၄၇၀၄၅




အောင်မြင်သောအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်ရပ်တည်ရန်

အောက်ဖော်ပြပါဒေသများတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် အလားအလာရှိသော အရောင်းကိုယ်စားလှယ်များကို ကြိုဆိုလျက်ရှိပါသည်။

▪ရန်ကုန် ▪တောင်ကြီး ▪ပုသိမ် ▪မော်လမြိုင် ▪ပြည် ▪မကွေး ▪မြိတ်

ဆက်သွယ်ရန် : ကိုထင်ဇော်
ဖုန်းနံပါတ် : ၀၉ ၉၇၅ ၂၁၂ ၁၇၂
Email : htin.zaw@tanchonggroup.com

EDARAN TAN CHONG MOTOR (MYANMAR) CO., LTD.

NISSAN

အဆောက်အဦး တစ်ခုလုံး (၁၃) တစ်လွှာချင်း ငှားမည်
New World Office Page
09 515 7160, 09 96 515 7160

ရောင်ခြည်ထစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

**စက်မှုဇုန် အငှားများအပ်နှံနိုင်ပါသည်**
၁။ ရုံးခန်း တိုက် လုံးပြတ် အငှားများ အပ်နှံနိုင်ပါသည်။
၂။ ဘိုးဘွားပိုင် မြေကွက် ဈေးတန် လုံးချင်း အဝယ်ရှိသည်။
၃။ စမ်းချောင်း၊ အလုံ၊ ကမာရွတ် လုံးချင်း ရုံးနှင့် စာသောက်ဆိုင် အငှား။
ရန်ကင်းအတွက် အငှားကိုယ်စီတင်ပြီးဖြစ်ပါသည်။
ဆက်သွယ်ပေးသော လူကြီးမင်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။
Agent: (09-428996688-Viber/Call)

PANDA Engineering Group Since 1999
Air-Con Sales & Service Centre
09 515 8803, 09 732 29024, 09 519 8402
09 253 582 510, 09 253 833 810

ရွှေမွန်းဂြိုဟ်
အကြောပြေ လိမ်းဆေးဆီ
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်
နာကျင်ကိုက်ခဲခြင်း၊ ကျိုးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး


# အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၄၀)၊ ဧရိယာ ပေ(၄၀x၆၀)(၀.၀၅၅ဧကေ)၊ နှစ်(၆၀)ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ လက်ဝဲသုန္ဒရလမ်း၊ အိမ်အမှတ်(၅၉) ဟုခေါ်တွင်သည့် မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့သည် ဦးတင်ကြီး(ခ) မောင်နှင်းမိုး[၁၂/ကတတ(နိုင်)၀၁၃၉၃၀]တရားဝင်ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ယခုအခါရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားသော နှစ်(၆၀)ဂရန်စာရွက်မှာ ပျောက်ဆုံးနေပါသည်။ သို့ပါ၍ ပိုင်ရှင်ဖြစ်သူ ဦးတင်ကြီး(ခ)မောင်နှင်းမိုး၏ တစ်စုံတစ်ရာခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရန် တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးတင်ကြီး၏ ဥပဒေဆိုင်ရာလွှဲအပ်ချက်အရ-
ဦးအောင်စိုး
နိုင်ငံတော်ဗဟိုလစ်နှင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၈၂/၈၂)
Aung Soe & Ace Top Law Firm
အမှတ်-၃၃/၄၉ (ပထမထပ်)၊ အခန်း(၁၂)၊ Strand Condominium၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၃၈၉၀၇၉၂


သွေးတိုးကျ သွေးတိုးကျ
သန္တိသုခ
သွေးတိုးကျ
014/0819
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
သပြေညိုသစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။


ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ဦးအုပ်စိုး

**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက် (၉၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(၁၈)နေ ဒေါ်စိန်ငွေး၏ ခင်ပွန်း၊ ဦးညီညီအောင်-ဒေါ်စိုးငွေး၊ ဦးခန့်စိုး-ဒေါ်နန်းသူဇာရီ၊ ဗိုလ်မှူးကြီးသိန်းထူး(တပ်မတော်-ရေ)-Dr. ဒေါ်အေးစိုး (ဆေးတက္ကသိုလ်-၂)တို့၏ဖခင်သည် ၂၀-၁-၂၀၂၀ ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ခန္ဓာကိုယ်အား ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)သို့ ပေးပို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)

ညွှန်ကြားရေးမှူး(ငြိမ်း)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၄-F)၊ သန့်ဇင်လမ်း၊ (၃) ရပ်ကွက်နေ (ဦးဘလူ-ဒေါ်ကောင်း)တို့၏ သားထွေး၊ (ဒေါ်တင်မေ၊ ဒေါ်ရင်မေ၊ ဦးပြုံး)၊ ပါမောက္ခဒေါက်တာဒေါ်အုန်းကြည်တို့၏ မောင်/ညီ၊ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကျော်ခိုင်-ပါမောက္ခ ဒေါက်တာခင်သီတာအောင် (ပါမောက္ခဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင်၊ ဉာဏ်ကျော်အောင်၊ ဉာဏ်လင်းမောင်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၅၁ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) အမျိုးသမီးဆရာဝန်အဖွဲ့၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါက်တာဒေါ်ဆွေဆွေလှိုင်၏ ဖခင်ဖြစ်သူ ဦးကိုကိုတင်(ခ)Henny Si Yar အသက် (၉၁)နှစ်သည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသမီးဆရာဝန်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)

ညွှန်ကြားရေးမှူး(ငြိမ်း)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

**အသက်(၈၇)နှစ်**

ဦးဝင်းကျော်ခိုင်-ပါမောက္ခ ဒေါက်တာခင်သီတာအောင် (ပါမောက္ခဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင်သည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/မများနှင့် ဝန်ထမ်းများ**
**ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးကျော်စိုးဝင်း

ဗသက(၁၁၂)

**အသက်(၃၃)နှစ်**

တောင်ငူနေ ဒေါ်အေးသဏ္ဍာစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မော်ကွန်းဝင်း၏ ဖခင် ဗိုလ်ကြီးကျော်စိုးဝင်းသည် ၂၀-၁-၂၀၂၀ (တနင်္လာနေ့)မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ပု

ရွှေဒေါင်းယဉ်သက်န်းတိုက်၊ မုံရွာ

**အသက် (၉၅) နှစ်**

ကိုလှငွေး-မမိုးမိုးအေးတို့၏မိခင် အန်တီ ဒေါ်ခင်ပုသည် ၁၅-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသန့် (ရန်ကုန်တက္ကသိုလ်)၊ဦးတင်အောင် (မအူပင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**အသက်(၈၇)နှစ်**

ဦးဝင်းကျော်ခိုင်-ပါမောက္ခ ဒေါက်တာခင်သီတာအောင် (ပါမောက္ခဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၅၁ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူး၊ ဆရာ/ဆရာမများနှင့်**
**ဝန်ထမ်းများ**
**ရောဂါဗေဒဌာန**
**ဆေးတက္ကသိုလ်-မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးတင်မောင်ချို (ငြိမ်း)

ကြည်း-၁၅၁၇၄၊ စတသ (၂၁)

**အသက် (၆၄) နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ် (၂၁)၊ ဗိုလ်လောင်းသင်တန်းဆင်း ဗိုလ်မှူးတင်မောင်ချို(ငြိမ်း)သည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၊ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၁) ဗိုလ်လောင်းသင်တန်းမှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၁၈)၊ မြေညီထပ်၊ မျက်နှာမူလျက် (ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ မိဘများဖြစ်ကြသော ဦးကျော်ဝင်း-ဒေါ်နုနုဝင်းတို့ ကွယ်လွန်အနိစ္စရောက်သောအခါ အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးများဖြစ်ကြသော ၁။ ဒေါ်အေးအေးမော်[၁၂/ဆကခ(နိုင်)၀၁၃၀၉၂]၊ ၂။ ဒေါ်တင်တင်နု[၁၂/ဆကခ(နိုင်)၀၁၃၀၉၃]၊ ၃။ ဦးဝင်းလွင်ဦး[၁၂/ပဘတ(နိုင်)၀၂၄၆၆၀]၊ ၄။ ဦးကျော်မင်းထူး[၁၂/ဆကခ(နိုင်)၀၀၁၉၈၇]၊ ၅။ ဒေါ်နီလာဝင်း[၁၂/ဆကခ(နိုင်)၀၀၀၁၇၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်မြင့် (တောင်ကုတ်)

**အသက်(၉၃)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းဒင်းကျေးရွာနေ (ဦးသာခင်-ဒေါ်မမြင့်)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၆၅)နေ (ဦးရွှေသာ)၏ ချစ်လှစွာသောဇနီး၊ (ဦးဘခန့်)-ဒေါ်ခင်ရွှေ(ရွှေ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးခင်မောင်ထွေး-(ဒေါ်တင်တင်ရွှေ)၊ ဦးတင်ရွှေ-ဒေါ်ခင်လှဝင်း၊ ဦးမြင့်ရွှေ-ဒေါ်စန်းယဉ်၊ သမားတော် ဦးဘိုကြီး-ဒေါ်သန်းသန်း(ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)၊ ဦးရွှေတိုး-ဒေါ်ချိုချိုစန်း၊ ဦးအောင်တိုး-ဒေါ်သဇင် (Star Angel Beauty Salon)၊ ဦးစံရွှေမြင့်-ဒေါ်စုစုလွင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး(၁၉)ယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီး၊ မြစ်(၆)ယောက်တို့၏အဖီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယိကာမကြီး ဒေါ်ခင်မြင့်(တောင်ကုတ်)၊ အသက် (၉၃) နှစ်သည် ၁၉-၁-၂၀၂၀ ရက် နံနက် (၁)နာရီတွင် Grand Hantha International Hospital တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ ရက် (အင်္ဂါနေ့)၊ ညနေ (၃)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **(နေအိမ်မှ ကားများ မွန်းလွဲ ၁:၁၅ နာရီတွင်ထွက်ပါမည်။)**

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ ရက် (စနေနေ့) နံနက် (၇) နာရီမှ (၁၁) နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်မြင့် (တောင်ကုတ်)

**အသက်(၉၃)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းဒင်းကျေးရွာနေ (ဦးသာခင်-ဒေါ်မမြင့်)တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၆၅)နေ (ဦးရွှေသာ)၏ ချစ်လှစွာသော ဇနီး၊ ကိုနိုင်ထွန်းဦး-မဝင်းသန္တာမျိုး၊ ကိုကျော်မျိုးခန့် (ရွှေစင်မေ စတိုး)၊ ကိုကျော်သူ (Khant Thu Hein Group of Companies)-မဝင်းရွှေစင်မျိုး (SHWE Iron & Steel Industry)၊ မမြင့်သန္တာအောင်(My Life Beauty Salon)၊ ကိုဖြိုးဝေမြင့် (ခေတ္တဂျပန်)၊ မဇင်မာမြင့် (Express Fashion)၊ ကိုအောင်ဘိုဦး၊ ကိုဥက္ကာ (Friend PEST Solutions)-မမိုးမိုးမြင့်ဘို၊ ကိုဘိုဝင်းမြတ်၊ မအေးမြင့်မြတ်ဘို၊ ကိုသီဟကျော်-မဖူးသစ်ဝေ၊ ကိုသူရစိုး(ခေတ္တဂျပန်)-မကေသရီမြင့်ဆွေ၊ ကိုတင်မင်းနိုင် (ခေတ္တ ဂျပန်)၊ ကိုနေအောင်ကို (သမ္မတသက်န်းတိုက်)-မတိုးထက်ထက်ထွန်း၊ မချိုချိုရွှေတိုး၊ မဇင်ဇင်ရွှေတိုး (MB BUSINESS School)၊ မောင်ဘုန်းမြင့်မြတ်၊ မအိမ့်ဆုမြတ်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ မဆုရတီထက်၊ မောင်ခန့်သူဟိန်း(ISM)၊ မပြည့်စုံရှင်းသန့်၊ မမေဟန်နီဘို၊ မောင်အောင်ဘုန်းမြတ်ဘို၊ မောင်ဖြိုးကိုကိုနိုင် တို့၏ချစ်လှစွာသောအဖီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယိကာမကြီး ဒေါ်ခင်မြင့် (တောင်ကုတ်)၊ အသက်(၉၃)နှစ်သည် ၁၉-၁-၂၀၂၀ ရက် နံနက် (၁) နာရီတွင် Grand Hantha International Hospital တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ (၃)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
**(နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ပါမည်။)**

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ ရက် (စနေနေ့) နံနက် (၇) နာရီမှ (၁၁)နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးရွှေလှဘော်

**အသက် (၇၃) နှစ်**

**BAg: ရေဆင်းစိုက်ပျိုးရေးလက်ထောက်မန်နေဂျာ (ငြိမ်း)၊ အမှတ်(၃) ကျောင်းသားဟောင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ (၁၉)လမ်း၊ အမှတ်(၁၀၉၉)နေ (ဦးထွန်းဘ-ဒေါ်ခင်တင့်)တို့၏သားကြီး၊ ဒေါ်ဖြူဖြူသင်း၊ ဦးမော်စီ-ဒေါ်မိမိ၊ဦးမောင်မောင်ကြီး၊ ဦးမြင့်သိန်းငွေး-(ဒေါ်စိန်စိန်ဝင်း)၊ ဒေါ်ကြည်ကြည်အေး(အထက-၁၁)၊ ဦးခင်မောင်ညွန့်-ဒေါ်မြမြအေးတို့၏အစ်ကိုကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဆ-၁၀/၂၅၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီကြား (၇၁)လမ်းနေ ဦးခွန်နောင်စိုး (MI အာမခံ)-ဒေါ်နွယ်နီလှိုင်၊ ဦးဇော်မင်းလတ်-ဒေါ်ခင်မို့စံတို့၏ဖခင်၊ မောင်အံ့ဘုန်းမြတ်သော်(ခ)Daniel ၏အဘိုး၊ မေသွင်မောင်မောင်၊ မေလွင်မောင်မောင်၊ စည်သူမောင်မောင်၊ ချိုဝေသီတို့၏ ဦးလေး၊ ဒေါ်နုနုရီ(ခ)Dolly ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်တင်နု (ဖျာပုံ)

**အသက်(၇၂)နှစ်**

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်၊ သက်ကြီးကန်တော့ခံ ဦးစိန်မင်း၏ဇနီး ဒေါ်တင်နု(ဖျာပုံ)သည် ၁၄-၁-၂၀၂၀ ရက် ည ၉:၃၀ နာရီတွင် အမှတ်(၁၃၁၂)၊ နွယ်တော်လမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

သွေးသည်အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းညွန့် (သုဝဏ္ဏ)

**အသက်(၈၇)နှစ်**

ဗိုလ်မှူးသန်းနိုင်(ငြိမ်း) (အထွေထွေမန်နေဂျာ MOGE)-ဒေါ်လွင်မာဦး (ထွေ/အုပ်၊ ရုံးချုပ်-ငြိမ်း)တို့၏မိခင် ဒေါ်သန်းညွန့်သည် ၁၇-၁-၂၀၂၀ (သောကြာနေ့) နံနက် ၆: ၄၅ နာရီတွင် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်မိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

**ပျောက်ဆုံးကြောင်းကြေညာခြင်း**

Company Registration No. 38705 (28-12-15) Mandalay Tun Thit Company Limited ၏ Certificate of Exporter & Importer Registration မှာ ပျောက်ဆုံးသွားပါကြောင်း အသိပေးအပ်ပါသည်။ **ဦးအောင်ဇော်မင်း** [၁၂/လသယ(နိုင်)၀၁၉၀၃၇]

မီးသတိပြု

## ဒေါ်ကွန်သိန်း (မုဒုံ)

**အသက် (၉၁) နှစ်**

မုဒုံမြို့နေ (ဦးရှင်း-ဒေါ်ဖွားရှင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဣန္ဒာ(၈)လမ်း၊ အမှတ်(၇၉၂)နေ ဦးချစ်ဆွေ (လေယာဉ်စက်မှုအရာရှိ-ငြိမ်း)၏ဇနီး၊ ဒေါ်တင်တင်နွယ် (SAT-ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသန်းတင့်(ငြိမ်း)-ဒေါ်နုနုလွင် (စာရင်းစစ်ဦးစီးဌာန-ငြိမ်း)၊ ဒေါက်တာတင်မောင်လှ-ဒေါ်အေးသန်း၊ ဒေါ်အေးသီ(SAT-ငြိမ်း)၊ ဦးဇော်လင်းထိုက်-ဒေါ်မြင့်မြင့်စန်း(ထက်အုပ်-မင်္ဂလာတောင်ညွန့်၊ ထ-၇)၊ ဗိုလ်မှူးနီထွေး(ငြိမ်း)-ဒေါ်ခင်လေးနွယ် (PAT-ငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီး ဒေါ်ကွန်သိန်းသည် ၁၁-၁-၂၀၂၀ (စနေနေ့) ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီ ဦး S. မောင်ကြီး (ရာဇူဘိုင်)

**S.M Giazuddin (Cusack)**

**အသက် (၈၈) နှစ်**

**၃၂/၁၀ ဆေးနှင့်ဆေးပစ္စည်း (ငြိမ်း)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ အမှတ်(၅၂/၅၄)၊ သုံးထပ်နေ [S.M မိုဟီယူ(ဒ်)ဒီး(န်)-ရာဟ်မ(ဒ်)ဘီ]တို့၏သား၊ [ဦးမ(စ်)သား(န်)ခါး(န်)-ဒေါ်အမီးရ်ဘီ]တို့၏ သားသမက်၊ ဟာဂျီမ ဒေါ်မယ်ရွန်ဘီ-(ဟာဂျီဦးဇရ်ကဒ်သွလ်လဟ်)တို့၏အစ်ကို၊ [ဒေါ်နုနုခင်(ခ) နူးရ်ဘားနူး]၏ခင်ပွန်း၊ ဒေါ်အေးအေးခင်၊ ဦး S.လှမိုး-ဒေါ်မြင့်မြင့်သန်း(ခ) ဒီးဒီး၊ ဦး S. စိုးမိုး-ဒေါ်ခင်သီတာအေး၊ ဒေါ်လဲ့လဲ့ခင်-ဟာဂျီ ဦးမျိုးလွင်၊ ဦး S.နေလင်းထွန်း-ဒေါ်ခင်ခင်ထိုက်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးဟာဂျီ ဦး S.မောင်ကြီးသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါသည်။ မင်္ဂဖိရသ် အတွက် ဒိုအာပြုလုပ်ပေးကြပါရန်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိင်္ဂီရွှေ

**အသက်(၆၀)**

**B.Sc (Zoology)**

ရန်ကုန်မြို့၊ အမှတ်(၁၆၂)၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးသောင်းရွှေ)-ဒေါ်တင်တင်ကြီးတို့၏ သမီးကြီး၊ ဦးစည်သူရွှေ-ဒေါ်စုစန္ဒာဝင်း၊ ဦးထွေးအောင်-ဒေါ်ကေသီရွှေ၊ ဦးကျော်စွာဝင်း-ဒေါ်ဥမ္မာရွှေ၊ ဦးမျိုးသူရွှေ၊ ဦးမြတ်သူ-ဒေါ်ကေခိုင်ရွှေ၊ ဦးဟိန်းရာဇာအောင်-ဒေါ်အိခိုင်ရွှေတို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးကြီးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးကျော်စိုးဝင်း(OTS 112) (၃၃)နှစ်

**တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(စစ်ဥပဒေဌာန)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ တိုက်နံပါတ်(၅၉)၊ ပထမထပ်နေ တရားလွှတ်တော်ရှေ့နေ (ဦးဝင်းမောင်)-ဒေါ်စန်းစန်းမြတို့၏သား၊ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ အလယ်ကျေးရွာနေ ဦးစိုးတင့်-ဒေါ်သန်းနွဲ့တို့၏ သားသမက်၊ ဒေါ်အေးသဉ္ဇာစိုး၏ ခင်ပွန်း၊ မောင်မော်ကွန်းဝင်း၏ဖခင်၊ ဦးကျော်သူရ(ဒုတိယအင်ဂျင်နီယာ)(PIL Co.,Ltd)-ဒေါ်မြတ်သန္တာဝင်း (လက်ထောက်အထွေထွေမန်နေဂျာ၊ မြဝတီဘဏ်)တို့၏ မောင်၊ မောင်ဟိန်းသီဟဇော်၊ မမြတ်သီရိထက်တို့၏ဦးလေး ဗိုလ်ကြီးကျော်စိုးဝင်းသည် ၂၀-၁-၂၀၂၀ (တနင်္လာနေ့)တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ဆေးရုံမှ နေပြည်တော် ကွေ့ကြီးသုသာန် ၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တောင်ငူမြို့ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသက်ဦးမောင် (၂၈)နှစ်

**CDC No.105382, Dragon Tun Co.,Ltd**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်(၆)လမ်း၊ အမှတ်(၉)နေ ဦးကြည်တင်-ဒေါ်တင်တင်သန်းတို့၏ သား၊ (ဦးရဲထွန်း)-ဒေါ်နွယ်နွယ်အေးတို့၏ သားသမက်၊ ဒေါ်အိအိအောင် (Dagon Win Win Co.,Ltd)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်အောင်-ဒေါ်ဝင်းပပအောင်၊ ဦးမျိုးမြင့်ထွန်း(ခ) မင်းမင်း-ဒေါ်အေမီလွင်တို့၏ညီ၊ ဦးသက်ဦးကို (Dagon Win Win Co.,Ltd)၊ မောင်ဉာဏ်ထွန်းဝင်း၊ မောင်အောင်ခန့်မင်းတို့၏အစ်ကို၊ မောင်ချစ်မင်းအောင်၏ဦးလေး ဦးသက်ဦးမောင်သည် ၁၆-၁-၂၀၂၀ (ကြာသပတေးနေ့) ၄:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ကျိုး(Quan Zhou)ဆိပ်ကမ်းရှိ သင်္ဘောပေါ်၌ အလုပ်ချိန်အတွင်းရရှိခဲ့သောဒဏ်ရာကြောင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသူငယ်ချင်းမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးတင်မောင်ချို(ငြိမ်း) DSA(21)**

**အသက်(၆၄)နှစ်**

သူငယ်ချင်း ဦးတင်မောင်အေး(ခ)ကိုဝါဦး(EC-RC3 AA)၏ အစ်ကိုဖြစ်သူ ဗိုလ်မှူးတင်မောင်ချိုသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်(၃)ဒေသကောလိပ် သူငယ်ချင်းများ**

---

## ဒေါ်ခင်ခင်အုန်း

**ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး (ငြိမ်း)**

**အသက် (၈၅) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(အရှေ့)ရပ်ကွက်၊ (၉၁)လမ်း၊ အမှတ်(၈၇)၊ သုံးလွှာနေ (ဦးညိမ်း-ဒေါ်ကျင်လှိုင်)တို့၏သမီး၊ [ဦးထွန်းအေး(ကကဌေ-ငြိမ်း)]၏ဇနီး၊ ဦးသိုက်ထွန်း(လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဒေါက်တာဆင့်ဆင့်ထွန်း(ဆေး-၁)တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၉-၁-၂၀၂၀ ရက် ည ၁၀:၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၀ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထားထားရီ (နတ္တလင်း)

**အသက်(၈၂)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဘဏ္ဍာရေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန**

အမှတ်(၃၀/၃၈)၊ မြတ်သီရိလမ်း၊ ဝန်ထမ်းကြီးများရိပ်သာ၊ ရွှေပြည်သာမြို့နယ်နေ (ဦးဟန်ထွေး-ဒေါ်ခင်စန်း)တို့၏ သမီး၊ ဦးကျော်ခိုင်-ဒေါ်မေလှကျော်၊ ဦးခင်ဇော်-ဒေါ်တင်တင်ဝေ၊ (ဦးသန်းနိုင်)-ဒေါက်တာဒေါ်ခင်သီတာတိုးတို့၏ အစ်မကြီး၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၃၀ နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ (စနေနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသင်းသိန်းမောင်

**အသက်(၇၈)နှစ်**

**ဌာနမှူး-ငြိမ်း၊ အထည်အလိပ်၊ စက်မှု(၁) ဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ (၂)လမ်း၊ အမှတ်(၁၂၆၉)နေ (ဦးသိန်းမောင်-ဒေါ်မေဆက်)တို့၏ သား၊ ဒေါ်သီတာမြင့် (ဌာနမှူး-ငြိမ်း၊ အထည်အလိပ်)၏ ခင်ပွန်း၊ (ဦးမောင်မောင်ကျော်)-ပါမောက္ခ ဒေါက်တာသူဇာသင်း (ဆီးနှင့်ကျောက်ကပ်အထူးကု၊ မြောက်ဥက္ကလာပဆေးရုံ)၊ ဦးကျော်စွာသင်း-ဒေါ်မြတ်မွန်ချို၊ ဦးဇော်မြင့်သင်း-ဒေါ်မြင့်မြင့်ဆွေ၊ (ဦးဇာနည်သင်း-ဒေါ်မြတ်မြတ်ထွေးလွင်)၊ ဦးသိန်းတန်သင်း၊ ဦးအောင်ကျော်သင်း-ဒေါ်ချောကေနှင်းဒါတို့၏ မွေးသဖခင်၊ မခိုင်ဇော်သင်း၊ မောင်ကျော်မြတ်သင်း၊ မသင်းဆုမြတ်ကျော်၊ မောင်နိုင်သူရသင်း၊ မမြတ်ရွှေရည်သင်း၊ မနှင်းဧကရီသင်း၊ မရွှေရည်လင်းလက်မြင့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသင်းသိန်းမောင်

**ဌာနမှူး (ငြိမ်း)၊ အထည်အလိပ်၊ စက်မှု (၁) ဝန်ကြီးဌာန**

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ (၂)လမ်း၊ အမှတ် (၁၂၆၉)နေ (ဦးသိန်းမောင်-ဒေါ်မေဆက်)တို့၏ သား၊ (ဦးကျော်ဒွန်း-ဒေါ်ငွေငွေမြင့်)တို့၏ သားသမက်၊ [ဗိုလ်မှူးကြီးဝင်းသိန်းမောင်(ရေ-ငြိမ်း)-ဒေါ်ရီရီတင့်]၊ ဒုဗိုလ်မှူးကြီးလင်းသိန်းမောင် (ရေ-ငြိမ်း)-(ဒေါ်တင်တင်သော်)၊ [ဒုဗိုလ်မှူးကြီးမြင့်ဝင်း(လေ-ငြိမ်း)]-ဒေါ်ကြည်ကြည်သိန်း၊ [ဗိုလ်မှူးဘီသိမ်းမောင်(လေ-ငြိမ်း)]-ဒေါ်ငွေငွေမြင့်၊ ဒေါ်ရီရီသိန်း (ခ) Shirley Thain Moung (ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ဒေသ-၁၊ ငြိမ်း)၊ ဦးမင်းသိန်းမောင်-(ဒေါ်ပတ်ဂီ)၊ ဗိုလ်မှူးကြီးကျော်မောင်ဝင်း (ငြိမ်း)-(ဒေါ်ရင်ရင်သိန်း)တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်သီတာမြင့်(ဌာနမှူး-ငြိမ်း၊ အထည်အလိပ်)၏ ခင်ပွန်းသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မျိုး (ခ) ဦးဘွန်ဟုတ် (B.Sc-IC)

**အသက် (၇၄) နှစ်**

မော်လမြိုင်မြို့နေ (ဦးကင်စွိ-ဒေါ်လွမ်တီ)တို့၏သား၊ [ဦးချန်တင် (ခ)ဦးသြဘာ-ဒေါ်ငယ်(မမကြီးရေနံ)]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၉၉) အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်နေ ဒေါ်စန်းစန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစောလွင်)၊ ဦးခိုင်စိုးတို့၏ညီ၊ ဒေါ်သီသီစိုး၊ ဦးနေမျိုးတို့၏အစ်ကို၊ Dr.အိအိသူ-မောင်ရဲလင်း၊ မဇင်ဇင်သူ (B.E-Civil)-မောင်သီဟကြည်မင်း၊ Dr. အိအိဖြူ-မောင်မျိုးပိုင်ထွန်းတို့၏ဖခင်၊ Emogen Soe၊ Kate Lynn Phoebe Khaw၊ Ethan Joshua Khaw၊ Jasper Arthur Soe တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၁-၂၀၂၀ ရက် နံနက် ၅:၂၀ နာရီတွင် California ပြည်နယ်၊ Corona မြို့၌ ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှမင်းဟန်

**အသက်(၅၂)နှစ်**

**Loi Hein Company**

**အင်ဂျင်နီယာ (ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ် (၃၆)၊ လေးလွှာ(က)နေ (ဦးသိန်းဟန်-ဒေါ်ခင်ဦး)တို့၏ သားကြီး၊ (ဦးကျော်မြင့်-ဒေါ်ကြည်ကြည်ဝင်း)တို့၏ သားသမက်၊ ဒေါ်မူမူဟန်၊ ဒေါ်သင်းသင်းဟန်တို့၏ အစ်ကိုကြီး၊ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မဆုရတီထက်ဟန် (နဝမတန်း-ခ၊ အထက-၂-စမ်းချောင်း)၏ ကျေးဇူးရှင်ဖခင် ဦးလှမင်းဟန်သည် ၁၉-၁-၂၀၂၀ ရက် နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းမြင့်

**မန်နေဂျာ၊ မြန်မာ့သွင်းကုန် ထုတ်ကုန်လုပ်ငန်း (ငြိမ်း)**

**အသက် (၈၇) နှစ်**

ဖြူးမြို့နေ (ဦးကုလား-ဒေါ်စိန်မေ)တို့၏ သား၊ ကျောက်မဲမြို့နေ (ဦးတင်-ဒေါ်ကြီး)တို့၏သားသမက်၊ (ဦးခင်လှိုင်)-ဒေါ်ခင်စန်းတို့၏မောင်၊ ဦးအောင်ကိုး-ဒေါ်ခင်ငွေး၊ ဦးမြင့်သိန်း-ဒေါ်ခင်လှမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာလမ်း၊ အမှတ်(၁၀)နေ ဒေါ်ရီရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးရန်ပိုင်)-Dr.ဥမ္မာရီ(သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်လျှမ်းထက်ပိုင်(ပထမနှစ်၊ U.F.L)၏ ချစ်လှစွာသောအဘိုးသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဖေညိန်း

**အသက်(၈၇)နှစ်**

(ဦးအုန်းစိန်-ဒေါ်ဟိန်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၉၂)၊ (၉၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါ်တင်တင်သန်း)၏ ခင်ပွန်း၊ ဦးထွန်းထွန်းဦး-(ဒေါ်ငွေငွေ ငြိမ်း)၊ (ဦးဝင်းနိုင်)၊ (ဦးဉာဏ်မင်း)၊ ဦးကံလင်း-ဒေါ်သင်းသင်းနွယ်၊ ဦးထွန်းလှငြိမ်း-ဒေါ်ငွေငွေနု၊ ဦးအောင်ကွမ်းဇော်-ဒေါ်လှလှငြိမ်းတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်၏ အဘိုးသည် ၂၀-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးဖေညိန်း

**အသက်(၈၇)နှစ်**

**အသင်းနာယက၊ သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၂)၊ (၉၂)လမ်းနေ ရာ/အသင်းဝင် ဦးဖေညိန်းသည် ၂၀-၁-၂၀၂၀ ရက် နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၉-၁-၂၀၂၀ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၁)ပါ ဦးမြင့်ဝေ အသက်(၆၇)နှစ် နာရေးကြော်ငြာတွင် ဦးကျော်ထွန်း (Emerald Sea Resort)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

ဘုရား၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး ဒါယကာကြီး

## ဦးအောင်ထွန်းလှ

**အသက်(၈၇)နှစ်**

**တပ်မတော်-ရေ(ဆ-သ-ရ-ငြိမ်း)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကောင်စီ**

**တရားသူကြီးအဖွဲ့ (ကိုကိုးကျွန်းမြို့နယ်)**

စစ်တွေမြို့နေ (ဦးအင်္ဂါအောင်-ဒေါ်စံဦးခိုင်)တို့၏ သားကြီး၊ (ဦးထွန်းအေး)-ဒေါ်တင်အေးတို့၏ အစ်ကို၊ (ဒေါ်အေးသိန်း)၏ ခင်ပွန်း၊ အမှတ်(၁၀၆/၄)၊ ရေနံ့သာလမ်း၊ သုဝဏ္ဏနေ (ဦးအောင်ကျော်)-ဒေါ်ဖြူဖြူအောင်၊ ဦးမျိုးအောင် (Bosun) (Dual Sino Marine Co.,Ltd.)-ဒေါ်လင်းလင်းခိုင်တို့၏ ဖခင်၊ ကိုနိုင်အောင်သက်-မစိုးမြတ်ကျော်၊ ကိုမင်းဇော်ထွန်း (2 md, KAWAGUCHI MARITIME Co.,Ltd.)၊ မသော်တာကြယ်စင်တို့၏အဘိုး၊ မောင်လင်းမြတ်ဂုဏ်ရှိန်၏ဖိုးဖိုး ဦးအောင်ထွန်းလှသည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ထားထားရီ (သက်ကြီးပူဇော်ခံ)

**အသက်(၈၂)နှစ်**

အမှတ် (၃၀/၃၈)၊ မြတ်သီရိလမ်း၊ ဝန်ထမ်းကြီးများရိပ်သာ၊ ရွှေပြည်သာမြို့နယ်နေ (ဦးဟန်ထွေး-ဒေါ်ခင်စန်း)တို့၏ သမီး၊ ရာသက်ပန်အသင်းဝင်၊ သက်ကြီးပူဇော်ခံပုဂ္ဂိုလ် ဒေါ်ထားထားရီသည် ၁၉-၁-၂၀၂၀ ရက် နံနက် ၄:၃၀ နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

---

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သောင်းကြည် (ခရိုင်ပညာရေးမှူး-ငြိမ်း၊ ဇီးကုန်း)

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးသိန်းမောင်-ဒေါ်ကျင်ရွှေ)တို့၏ သမီး၊ ဦးတင်အောင်(ဒု-ညွှန်ချုပ်-ငြိမ်း)-ဒေါ်ကြင်သန်းတို့၏ ညီမ၊ ဦးမောင်မောင်မြင့် (ကထိက-ငြိမ်း)-(ဒေါ်ခင်သန်းကြူ)တို့၏ အစ်မ၊ မငြိမ်းကေသွယ်အောင်၏မွေးသမိခင်၊ ဦးလှသန်းအောင် (လ/ထ မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ ဇနီး ဒေါ်သောင်းကြည်သည် ၁၈-၁-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၂၀ (သောကြာနေ့)တွင် အမှတ်(၂၁၉)၊ လေးလွှာ၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)

---

## ဒေါ်စမ်းတင်

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၉၄)နေ (ဦးသိန်း-ဒေါ်ချော)တို့၏ သမီး၊ (ဦးမောင်ချစ်-ဒေါ်အေးချို)တို့၏ သမီးချွေးမ၊ ဦးအောင်စိုး-ဒေါ်စောနီတြာ၊ ဦးစိုးနိုင်-ဒေါ်မြတ်မြတ်စိုး (နိုင်ငံခြားရေးရုံး)၊ ဦးသက်ထွန်းအောင်(NEPS)-ဒေါ်သန္တာစိုးတို့၏ မိခင်၊ မအိရွှေစင်စိုး(YUFL)၊ မောင်ကျော်ဇင်လင်း၊ မောင်အောင်ထွန်းလင်းတို့၏အဘွား၊ ဦးစိုးမြင့်၏ဇနီး ဒေါ်စမ်းတင်သည် ၂၀-၁-၂၀၂၀ရက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းဝင်း

**အသက် (၆၅) နှစ်**

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ဆေးရုံလမ်းနေ [ဦးအုန်းကျော်-ဒေါ်ခင်ဆွေ (မြွားနတ်မောင်ဆေးတိုက်)]တို့၏ သမီးကြီး၊ ဦးသတိုးကြည်ဝင်း၏ဇနီး၊ ဒေါ်လဲ့လဲ့မြင့်၊ ဦးမိုးရည်-ဒေါ်ဥမ္မာကျော်တို့၏ အစ်မ၊ ဦးစိုးလင်းအောင်-ဒေါ်ခင်ကိန္နရီတိုး၊ ဦးဝေဠုသတိုး-ဒေါ်သန့်ဇင်အေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းသန်းဝင်းသည် ၁၉-၁-၂၀၂၀ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ဝါးခယ်မမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဝင်း (Grand Royal Group)

**အသက် (၆၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၉၄၀)၊ ကန်သာယာ(၂)လမ်း၊ (၃၅)ရပ်ကွက်နေ (ဦးပု-ဒေါ်ခင်လှ)တို့၏ သား၊ (ဦးခင်မောင်ထွန်း-ဒေါ်အေးမေ)တို့၏ သားသမက်၊ ဦးအောင်မြတ်-ဒေါ်သန်းသန်းအေး၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်မြင့်မြင့်ခိုင်တို့၏ ညီ/မောင်၊ ဦးအောင်မြင့်-ဒေါ်အေးသောင်း၊ ဦးစိုးမြင့်-ဒေါ်သီတာအေး၊ (ဦးစိုးညွန့်)-ဒေါ်သက်သက်မွန်၊ ဒေါ်သီတာ၊ ဦးထွန်းမင်း၊ ဦးညီညီထွေး-ဒေါ်ဝေမွန်နိုင်တို့၏ အစ်ကို၊ ဒေါ်သူဇာထွန်း (အိုးအိမ်-ငြိမ်း)၏ခင်ပွန်း၊ ကိုမြတ်ဘုန်းကျော်၊ မဆုမြတ်မွန်တို့၏ ဖခင်သည် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း (Universal Peace Federation) ဥက္ကဋ္ဌ Dr. Thomas G. Walsh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်းက ကျင်းပမည့် ကမ္ဘာ့ထိပ်သီးအစည်းအဝေး ၂၀၂၀ သို့ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ရေး၊ တတိယအကြိမ် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးအား မြန်မာအစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ●**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်းဥက္ကဋ္ဌ Dr.Thomas G. Walsh၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ချက် — စာမျက်နှာ » ၅

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် — စာမျက်နှာ » ၉

ကမ္ဘာ့အင်အားကြီးနိုင်ငံများက လစ်ဗျားနိုင်ငံအား စစ်ဘက်ဆိုင်ရာ ထောက်ပံ့မှု ရပ်ဆိုင်းမည် — စာမျက်နှာ » ၁၂

ကမ္ဘာပေါ်ရှိ ဘီလျံနာများ ကမ္ဘာ့ပြည်သူ ၆၀ ရာခိုင်နှုန်းထက် ပို၍ကြွယ်ဝချမ်းသာ — စာမျက်နှာ » ၁၃


# ဂျပန်ဘောလုံးခြေစမ်းခရီးစဉ် မြန်မာကစားသမားများ ရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဂျပန်နိုင်ငံ ဘောလုံးလေ့လာရေး ခြေစမ်းခရီးစဉ် (MFF–MNL's Youth Development Program– Road to Japan 2020) အတွက် မြန်မာလူငယ် ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

**ရွေးချယ်**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ၊ MPT နှင့် Myanmar Care တို့ ပူးပေါင်းစီစဉ်သည့် ယင်းအစီအစဉ်အတွက် ပြည်တွင်း၌ ကျင်းပထားသည့် လူငယ်ပြိုင်ပွဲမှ ရွေးချယ်ထားသော ကစားသမား ၇၅ ဦးကို အသင်းငါးသင်းခွဲ၍ ခြေစမ်းပွဲများ ကစားစေကာ နောက်ဆုံးအဆင့် ၂၅ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**ပါဝင်**

ဂျပန်ခရီးစဉ်သို့ လိုက်ပါခွင့်ရခဲ့သည့် ကစားသမားများမှာ **ဂိုးသမား** – ခွန်အေးချမ်းအောင်၊ သီဟန်ဖြိုး၊ ဖြိုးသုတ၊ **နောက်တန်း–** စောသိန်းဝင်းအောင်၊ ထွန်းလင်းအောင်၊ အောင်မျိုး၊ ညီညီလင်း၊ ပြည့်ဖြိုးဇော်၊ အောင်မျိုးထက်၊ မြင့်နိုင်၊ ခမ်ဗျက်ထွေ၊ **အလယ်တန်း–** ကောင်းခန့်ကျော်၊ လှိုင်ထွဋ်၊ အောင်ဇော်မျိုး၊ ရဲရင့်အောင်၊ ခွန်နေအောင်၊ ဟန်ထွန်းဇော်၊ ကျော်မင်းထက်၊ **ရှေ့တန်း–** သန်းလင်းကို၊ မျိုးသန်းကျော်၊ စောမျိုးဇော်၊ သက်ပိုင်ဖြိုး၊ စောနေဝင်းထွန်း၊ အောင်ကောင်းမြတ်နှင့် စောချမ်းမြေ့ကိုကိုတို့ ပါဝင်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖**

# နေပြည်တော်၌ ကိုယ်ကာယကြံ့ခိုင်မှုအကသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု အကသင်တန်းအမှတ်စဉ် (၁/၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပသည်။

အစီအစဉ်အရ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒**

# AFC Cup ပြိုင်ပွဲနောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရရန် ဘရူနိုင်းကလပ်ကို ကျော်ဖြတ်ရမည့် ရန်ကုန်အသင်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ နောက်ဆုံးအဆင့် ခြေစစ်ပွဲများကို ယခုလ နောက်ဆုံးပတ်တွင် ကျင်းပရမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရရန် ဘရူနိုင်းကလပ်အသင်းကို ကျော်ဖြတ်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာကလပ်အသင်းများကို တစ်သင်းတည်းသာ ခွင့်ပြုထားရာ အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသော်လည်း ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းမှာ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။

**စာမျက်နှာ ၄ ကော်လံ ၃ သို့ ★**


စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။